
www.burmeseclassic.com

မောင်မျိုး
စီစဉ်သည်

ဇော်ဂျီ

# နတ်သမီး မပြောခဲ့တဲ့ ပုံပြင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

**စာမူခွင့်ပြုချက်အမှတ်**
၅၀၁၂၄၂၀၆၁၀

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၅၀၁၃၁၈၀၆၁၁

**ထုတ်ဝေသူ**
**ဦးမောင်မျိုး**
**ကြောင်နှစ်ကောင်စာပေ**

**ပုံနှိပ်သူ**
**ဦးမောင်မျိုး**
**ကြောင်နှစ်ကောင်ပုံနှိပ်တိုက်**

**ထုတ်ဝေခြင်း**
**ပထမအကြိမ် ၂၀၀၇ ခုနှစ် ဇန်နဝါရီလ**
**အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်**

www.burmeseclassic.com

www.burmeseclassic.com

ရုံးပိတ်ရက်မို့ မိသားစု စုံစုံညီညီရှိနေပါလျက် မျက်နှာစုံညီ ထိုင်စကားပြောချိန်မရ။ တစ်အိမ်လုံး အလုပ်တွေရှုပ်ကာ ပျာယာခတ်နေကြသည်။ ဖေဖေကတော့ မျက်စိနောက်လို့ထင်သည်။ မယောင်မလည်လုပ်ကာ ခြံထဲဆင်းသွားပြီး ဘယ်ထွက်သွားမှန်းပင် မသိလိုက်ရ။ ပျောက်ချင်းမလှ ပျောက်သွားတော့သည်။ မေမေကတော့ အီကြေဘားနား လက်စွမ်းပြဖို့ အကြိတ်အနယ်ကြိုးစားနေသဖြင့် ပန်းပွင့်စုံ၊ အခက်အရွက်စုံ၊ ကတ်ကြေး၊ ဖော့တုံး၊ ပန်းအိုးများဖြင့် အလုပ်ရှုပ်နေ၏။

"မဦး… ဟင်းတွေကျက်ပြီလား"

"အင်း… ကျက်လုပြီ အသီးအရွက်တွေ လှအောင် လှီးနေတယ်၊ စားခါနီးမှ ကြော်ဖို့… လာကူဦး လတ်…"

"လတ်မအားဘူး… ငယ့်ကို ခေါ်လိုက်ပါလား၊ လတ် ဒီမှာ ဖုန်စုပ်



www.burmeseclassic.com

www.burmeseclassic.com



လက်စကြီး... ပြီးရင် ကူရှင်အုပ်တဲ့ ဇာတွေ လဲလိုက်ဦးမယ်၊ ဟိုတစ်ခါ မဦးဝယ်လာတဲ့ အပြာနုရောင်လေးနဲ့လေ..."

"အေး... အေး၊ ငယ်ရေ..."

"ရှင်... မဦး..."

"လာကူပါဦးလား... ဘာလုပ်နေလဲ"

"လာပြီ... လာပြီ အသီးသွားဝယ်တာ၊ ခုပဲ ပြန်ရောက်တယ်"

"ရခဲ့လား ငယ်..."

"ရတယ်... ရတယ်"

ငယ့်စကားမဆုံးသေး တယ်လီဖုန်းသံက ထွက်လာသည်။ ငယ် တစ်ယောက်သာ အားသူမို့ ဖုန်းကို ပြေးကိုင်လိုက်ရ၏။

"ဟဲလို..."

"......"

"ဟယ်... **ကောသီစင်**လား ဘယ်တုန်းကရောက်လဲ"

ငယ့်အသံကိုကြားတော့ မလတ်၏ ဖုန်စုပ်စက်သံက ရပ်သွားတော့သည်။ အိမ်နောက်ဖေးမှ မဦးကလည်း တံခါးဝထိ ထွက်လာကာ နားစွင့်၏။ အားလုံး၏မျက်လုံးအစုံက ငယ့်ဆီမှာ...။ ငယ့်မှာလည်း အားလုံးကို မျက်လုံးအဝိုင်းသားလေး ပြန်ကြည့်ကာ ရှုံ့မဲ့လို့...။

"အေးအေး... 'နေ'လား၊ 'နေ' ခရီးထွက်သွားတယ်"

ဗုဒ္ဓေါ... မဦးက ဘုရားတနေသဖြင့် လက်ကာပြရ၏။

"ဩော် ရပါတယ် ကေရယ်... မငယ်တို့က သူစိမ်းတွေမှ မဟုတ်တာ။ နောက်မှလာ... နောက်မှလာ... ဒီနေ့က နေလည်း မရှိ၊ မဦးနဲ့ မလတ်ကလည်း Shopping ထွက်ကြတယ်လေ၊ ငယ်က အိမ်စောင့်..."





ငယ့်စကားကြောင့် မဦးနှင့် မလတ်တို့၏မျက်စောင်းများက ငယ့်ထံ အကြောင်းမရွေးဘဲ ရောက်လာကြတော့၏။ မတတ်နိုင်။ ဒီအချိန်မှာမှ **ထွေးငယ်စင်**တို့ မုသာဝါဒမသုံးလျှင် ဒုက္ခရောက်ဖို့ပဲရှိတော့သည် မဟုတ်လား။

"မငယ်လား... မငယ်လည်း နေ့လည်ကျရင် စန္ဒရားဆရာမလာမှာ"

"......"

"အေး အေး... နောက်မှတွေ့တာပေါ့ ကေရယ်၊ မငယ်တို့လည်း ကေ့ကို သတိရနေဘာ..."

"........."

"အင်း... အင်း... ဒါပဲနော်..."

ငယ်က ဖုန်းကို ကပျာကယာချကာ ရင်ဘတ်ကိုဖိရင်း သက်ပြင်း ခပ်ကြီးကြီးတစ်ခုကို ပရမ်းပတာချပစ်လိုက်သည်။ ပြီးမှ နှုတ်ခမ်းလုလု လေးကို မဲ့ကာ 'နေ့အစ်မလုပ်ရတာ မလွယ်ပါလား' ဟု ရေရွတ်သဖြင့် အားလုံး စိတ်ရှုပ်သည့်ကြားမှ ရယ်ကြရသေးသည်။

"ကဲပါ ငယ်ရယ်... ပြောပါဦး၊ ကေက ခု စင်ကာပူကနေ ခဏ ပြန်လာတာတဲ့လား"

"အင်း... ကျောင်းပိတ်လို့တဲ့"

"မဖြစ်သေးပါဘူး ငါ့ data တွေထဲမှာ ကေ့ကျောင်းပိတ်ရက်တွေ ပါ ထပ်မံသိမ်းထားရမယ် ထင်တယ်"

မဦးက ခပ်ညည်းညည်းလေးပြောကာ နောက်ထဲ ပြန်ဝင်သွား၏။

"သိပ်သေချာတာပေါ့ မဦးရယ်..."

ငယ်က ဝယ်ခြမ်းလာသောအသီးအနှံတွေကို စားပွဲပေါ် စီချ...

"ငယ် မဦးကို ကူရမလား၊ ဒီအသီးအနှံတွေကို ကိုင်ရမလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း… အချိုပွဲက အရေးကြီးတယ်၊ နှာပြုထားပြီး ရေခဲသေတ္တာထဲထားမှ စားကောင်းမှာ"

"ဒါဆိုလည်း ငယ် အချိုပွဲလုပ်လိုက်မယ်၊ အရည်က အအေးတိုက်မှာလား၊ အပူတိုက်မှာလား"

"လက်ဖက်ရည်ပွဲတဲ့ ငယ်ငယ်"

"လုပ်ထားလိုက်ဟ…"

ငယ်တစ်ယောက် ထအော်ပစ်လိုက်တော့ မဦးက ရယ်သည်။ ဒီအိမ်မှာ ဒီမောင်တစ်ယောက်တည်း ရှိပေလို့ပေါ့။ နေ့လို မောင်နှစ်ယောက်ဆို အစ်မတွေ ခါးတောင်းကျိုက်ထားရမလား၊ ရှော့ပင်နံ့ဝတ်ထားရမလား တစ်ခုခုပဲ…။

အစ်မတွေကလည်း မိုင်းကောင်းကျောက်ဖိကြီးတွေ မဟုတ်သည့်တိုင် သူ့နေရာနှင့်သူ ကျွမ်းကျင်လိမ္မာနေကြတော့ မခက်ဘူးလား။ နေ့အပေါင်းအသင်း သူငယ်ချင်း၊ (အထူးသဖြင့် မိန်းကလေး များသည်)တွေကို ကျွေးဖို့မွေးဖို့ ရှိလို့က နေတို့က ဘယ်စားသောက်ဆိုင်မှ မစဉ်းစား။

"ဘယ်သူ့လက်ရာက မဦးလက်ရာကို မီမှာလဲ"

ဆိုတာနှင့်ပင် မဦးတို့ မီးဖိုထဲက မထွက်ရတော့။

"မလတ်ရဲ့ decoration တွေကို မြင်ရင် အကုန်သဘောကျကြမှာ၊ ဘယ်ဆိုင်ရဲ့ decoration က မလတ်လောက် ကောင်းမလဲ…"

ဒါနှင့်ပင် မလတ်တို့ ပြင်ပေဆင်ပေတော့။

အသက်ချင်းသိပ်မကွာသော ငယ်ပင် ဘာမှ မလုပ်ပေးချင်ပါဘဲနှင့် အလွယ်ဆုံး အချိုပွဲလောက်တော့ ကူရသေးတာပင်။ ဒါကလည်း အချိုပွဲသက်သက်နှင့် မရ။ လှလှပပ ပြင်ဆင်တတ်ရဦးမည်။ နောက်ဆုံး မေမေ





ပင်လျှင် ပန်းအလှပြင်ခြင်းနှင့် အားဖြည့်ပေးရသေးသည်ပဲ။

"မဦး… နေ ဘယ်သွားလဲ"

စပျစ်သီးတွေကို တစ်လုံးချင်း ပြောင်သွားအောင် ဆေးကြောသုတ်သင်နေရင်းမှ ငယ်ကမေးသည်။

"နင်ပဲ ခရီးသွားတယ်ဆို…"

ညီအစ်မနှစ်ယောက်သား ရယ်မိကြပြန်သည်။

"အဲလိုမပြောလို့က ဒီမှာ တစ်နေကုန် လာစောင့်တော့မှာလေ၊ အဲဒါမှ ဒီနေ့ နေခေါ်လာမယ့် ကောင်မလေးနဲ့ ကွက်တိဖြစ်သွားမှာ"

ငယ့်စကားကြောင့် မဦးက သက်ပြင်းကို အသာချ၏။

"ဒီတစ်ယောက်ကရော ဘာတဲ့လဲ ငယ်…"

"ဘာမှ မတဲ့ဘူး မဦး၊ ဒီလိုပဲ သူ့ကို လိုက်ကပ်နေတာ"

"ဒါနဲ့ပဲ အိမ်ခေါ်လာရရောတဲ့လားဟယ်…"

"မခေါ်လို့ တခြားခေါ်သွားရရင် နေ ပိုပြီး နှာမည်ပျက်မှာပေါ့"

"ဒါကတော့ တစ်ခါနဲ့ ပြီးမှာလား"

"ဘယ်တုန်းက တစ်ခါနဲ့ ပြီးဖူးလို့လဲ မဦးရာ၊ ဒါပေမယ့် သိတယ်မဟုတ်လား၊ တစ်ခါလာတော့ ရွှေဧည့်သည်၊ နှစ်ခါလာတော့ ငွေဧည့်သည်၊ သုံးခါလာတော့ ကြေးဧည့်သည်တဲ့"

"ကြေးနောက်က ပါလာတာကမှ ငါတို့တာဝန်ဖြစ်မှာ…"

ဟုတ်တော့လည်း ဟုတ်ပါသည်။ နေခေါ်လာသမျှ ကောင်မလေးတွေက နောက်ဆုံးကျ မဦး၊ မလတ်၊ မငယ်… ဆိုပြီးတော့ပဲ ကျန်ခဲ့ကြတာ မဟုတ်လား။ နေကတော့ နဂိုကတည်းက စိတ်သိပ်မဝင်စားတာလား။ ကြာတော့ ထပ်ထပ်လာငြိနေသူတွေဖက်ပဲ လှည့်ရလို့လား မသိ။ တစ်ယောက်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပြီးရယ်မှ တစ်ယောက် ဖြစ်နေတော့သည်။ ငယ်တို့မှာသာ ယောင်းမလောင်းလည်း မမည်၊ သူငယ်ချင်းလည်း မကျသော ချစ်ညီမလေးများစွာနှင့် လုံးထွေးကျန်နေခဲ့တတ်သည်။ အားလုံးကလည်း နေ့အချစ်ကို မရနိုင်မှတော့ နေ့အစ်မတွေရဲ့ ချစ်ခြင်းကိုပဲ ရယူတော့မည်ဟု ဆုံးဖြတ်ထားကြလေရော့သလား ထင်ရသည်။

"နှင့်မောင်က ခေါ်လာလိုက်၊ ငါတို့နဲ့ ကျန်ခဲ့လိုက် ကြာရင်..."

"ကြာရင် ဘာဖြစ်လဲ မဦး"

"ငါတို့ ဆေးလိပ်ခုံထောင်လို့ရတယ်"

"ဆေးလိပ်ခုံက အောက်ပါတယ် မဦးရာ၊ အထည်ချုပ်စက်ရုံထောင်လို့ရတယ်လို့ ပြောစမ်းပါ"

အရေးထဲ ငယ်က ခေတ်မီချင်နေသေးသည်။

ထွေးငယ်တို့ကတော့ အချိုပွဲများကို ရေခဲသေတ္တာထဲ စီရီထည့်ရင်း မဦးပြင်ထားသော အသားစုံ အအေးပန်းကန်လုလုကြီးကို မျက်စောင်းလှမ်းထိုးမိသေးသည်။

"မဦး... အိမ်ဖို့ကော"

"အိမ်ဖို့က နောက်ဘက်မှာ"

"ဒီပန်းကန်က သူတို့ကုန်မှာမှ မဟုတ်တာ"

"ဟဲ့... ထုံးစံအတိုင်း ငါတို့ပါ ဝိုင်းစားရမှာပါ၊ မပူပါနဲ့၊ နှင့်မောင်က နှစ်ယောက်တည်း မျက်နှာချင်းဆိုင်စားချင်မှတော့ အိမ်ခေါ်မလာဘူး မပူနဲ့"

"ဒါဆို အိမ်ခေါ်ခေါ်လာနေတာ သူမကြိုက်လို့ပေါ့"

"ပြောင်းပြန်ကြီးနော်၊ သူများတွေက တကယ်ကြိုက်မှ အိမ်နဲ့ ပေးတွေ့တာ"





"ငနေကတော့ မနိုင်လို့ အိမ်ကို ထိုးထည့်တာပါ ပါတယ်"

မဦးက သူ့မောင်စွံပုံကို ကျေကျေနပ်နပ်ကြီး ပြောနေသေးသည်။ မောင်နှမလေးယောက် ရှိပါသည်။ ဒီမောင်ကျမှ အရမ်းကာရောကြီး ချောမောနေတာလည်း မဟုတ်ပါဘဲ မိန်းကလေးတွေကျနေတာ အံ့ဩစရာတော့ အတော်ကောင်းသည်။ **'စစ်နေထင်'** ဆိုသော ဒီကောင်လေးမှာ စိတ်ဝင်စားစရာဆိုလို့ အရပ်အမောင်း ၅ ပေ ၇ လက်မလောက် ရှိတာရယ်၊ အသားအရေက အဝါဖက်လုသော ဝင်းမွတ်သည့်အသားအရေကို ပိုင်ဆိုင်ထားတာရယ်လောက်ပဲ ရှိသည်။ ဒါကလည်း ငယ်တို့မောင်နှမအားလုံး ပိုင်ဆိုင်သော သင်္ကေတများပင်။ သူ့မှ ထူးပြီး ပိုင်ဆိုင်တာမဟုတ်။ အားလုံးအသားဝါဝင်းကာ အရပ်အမောင်းကောင်းကြသည်ပင်။ အရပ်အပုဆုံး မလတ်ပင်လျှင် ၅ ပေ ၃ လက်မ ရှိသည်။

"ငယ်ရေ ပန်းအိုးတွေ ပြီးပြီတဲ့"

မလတ်က အော်ခေါ်သဖြင့် ငယ် လက်ဖက်ရည်ပွဲအတွက် ပန်းကန်ဆွေပြင်နေရာမှ ပြေးရပြန်သည်။ မေမေ့ကို ပန်းအိုးတွေ ကူရွှေ့ပေးရဦးမည်။ မလတ်ခင်းကျင်းထားသော ဆိုဖာအုပ်သည့် ဇာပြာလွင်လွင်နုနုလေးတွေနှင့် မေမေ့သစ္စာပန်း ခရမ်းပြာရောင်တွေက မထင်မှတ်ဘဲ လိုက်ဖက်သွားခဲ့ရသည်။

"လှလိုက်တာ..."

"ဟုတ်ပ... အဲဒီကောင်မလေးက ဘယ်သူ..."

"**သစ္စာမွန်**... တဲ့"

"အင်း... အင်း... သူက ပန်းကြိုက်တယ်တဲ့လား"

အရေးထဲ... သူမလေး ပန်းကြိုက်လား မကြိုက်လား ထွေးငယ်တို့



www.burmeseclassic.com

www.burmeseclassic.com



မပြောနှင့် နေတောင် သိမှာ မဟုတ်။

"မိန်းကလေးပဲ ပန်းတော့ကြိုက်မှာပါ မေမေ"

"အေးအေး သစ္စာပန်းဖြစ်သွားတော့ ပိုကောင်းတာပေါ့"

"ကောင်းတယ် မေမေ..."

တစ်အိမ်လုံး ပျာယာတွေခတ်ကာ အလုပ်တွေ ရှုပ်နေကြတာကို စစ်နေထင်တစ်ယောက် သိမှ သိပါလေစ။ နေ့လည်ဆယ့်တစ်နာရီခွဲ ထမင်းစားချိန်ကျမှသာ ဘယ်သူမှ မမြင်ဖူးသေးသော ညှော့်သည်တော်အသစ် စက်စက်ကလေးကို ပင့်ဆောင်ကာ ရောက်လာမည်ထင်သည်။ အမေနဲ့ အစ်မတွေ ဘယ်လောက်အလုပ်ရှုပ်မလဲ ဆိုတာ သူကတော့ ယောင်လို့ တောင်မှ တွေးမိမည်မထင်ပေ။

❖





ထိုအချိန်တွင် စစ်နေတစ်ယောက် သူငယ်ချင်းတစ်ယောက်နှင့် အတူ လမ်းဘေးက လက်ဖက်ရည်ဆိုင်မှာ ရောက်နေသည်။

"မင်းကောင်က ဟုတ်သေးရဲ့လား **မင်းသွင်**..."

"ဟုတ်ပါတယ် 'နေ'ရာ... ဒီကောင် လမ်းမှာ တစ်ခုခုဖြစ်နေလို့ နောက်ကျတာပါ၊ စောစောကပဲ အိမ်ကိုဆက်ကြည့်တော့ ထွက်သွားပြီတဲ့"

"ရောက်သင့်ပြီ..."

"မင်းလို ကိုယ်ပိုင်ကားနဲ့လာတာ မဟုတ်ဘူး နေ..."

"ငါချိန်းထားတာ ရှိသေးတယ်"

"ကောင်မလေးတွေနဲ့လား"

"မတွေ... စမ်းပါနဲ့၊ ကျောချမ်းရတဲ့ထဲ တစ်ယောက်တည်းပါ"

"ဘယ်သွားဖို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကိုလေ..."

မင်းသွင်က ခပ်သောသောကလေး တစ်ချက်ရယ်၏။

"စစ်နေတို့ကတော့ ပိုင်တယ်ကွာ..."

"ပိုင်တာမဟုတ်ဘူး အိမ်ကို ထမင်းဖိတ်ကျွေးတော့...

၁။ အကုန်အကျသက်သာတယ် ငါမကုန်ဘူးပေါ့ကွာ...

၂။ ငါ့မိသားစုဖက် ရှုန်တိန်လုပ်ပေးလိုက်တာလည်း ပါတယ်...

၃။ အပြင်နှစ်ယောက်တည်း သိပ်တွဲထွက်စရာ မလိုတဲ့အတွက် လာဘ်မငံတ်ဘူး..."

နောက်ဆုံးထစ်ချက်ကြောင့် မင်းသွင်က အသံတိတ်ဆဲ၏။ ပြီးမှ

"မင်းဟာက ဒီထက်ပဲ လာဘ်ရှင်ချင်ရသေးလား၊ မင်းအစ်မတွေ ဒုက္ခရောက်နေဦးမယ်"

"ငါ့အစ်မတွေ ဒုက္ခရောက်တာ မင်းနဲ့ ဘာဆိုင်လဲ"

"ရော်... မသိပါဘူး ဆိုင်သလားလို့..."

"မဆိုင်ဘူး..."

သူ့အစ်မတွေကျ အထိမခံချင်သော နေ့ကိုကြည့်ရင်း မင်းသွင်က ရယ်၏။ 'ဒီလို မမတွေကို စိတ်မဝင်စားပါဘူး' ဆိုသော စကားလုံးကိုတော့ တမင် မပြောပြလိုက်တော့။ သူ့အရှိန်နဲ့သူ ဥစ္စာခြောက်နေပလေ့စေ ဟု မင်းသွင်ကတွေးသည်။

ထိုစဉ် ဆိုင်ထဲကို နောက်တစ်ယောက် ထင်ဝင်လာ၏။

"ဟော... လာပါပြီ"

"လာ... **စည်သူ** မင်းကို နေက လာပါတော့မလား တွေးနေတာ"

"ကိုယ်ပိုင်ကားနဲ့လာတာ မဟုတ်ဘူးကွ..."





စည်သူက စပ်ဖြဲဖြဲနှင့်ဆို၏။ ပြီးမှ...

"သူများကားကြုံနဲ့ လိုက်လာတာ" ဟု ဆက်ပြောသည်။

"ကဲ... ဆို... စည်သူ မင်းဘာပြောစရာရှိတာလဲ"

"အရေးကြီးတယ်..."

"ဟုတ်လား... ဘာလဲ..."

"မင်းမမ **မြနန္ဒီ** ရန်ကုန်တက္ကသိုလ်ကို ထရန်စဖာ...တဲ့..."

ဘုရားတွေ ဘာတွေတ,နေလျှင်လည်း ဘာမှထူးမှာ မဟုတ်လို့ စစ်နေ ဘာဘုရားမှ မတ,တော့။ နဖူးကိုသာ လက်ဝါးနှင့် ခပ်နာနာလေး ရိုက်ပစ်လိုက်သည်။

"အဲဒါ ဘာဖြစ်တာလဲ"

"ဘာဖြစ်ရမှာလဲ မြွေပဲ... ကေလည်း ကျောင်းပိတ်လို့ ပြန်လာမယ် ပြောတယ်..."

"ပြောမနေနဲ့... ရောက်နေပြီ"

မင်းသွင်စကားကြောင့် စစ်နေ မျက်လုံးပြူးသွားရသည်။

"မင်းက ဘယ်လိုသိတာလဲ"

"မနက်က ငါ့အစ်မယောက်ျား စင်ကာပူကပြန်လာတယ်၊ ကေသီ ခင်နဲ့ လေယာဉ်တစ်စီးတည်းပဲ၊ ငါကိုယ်တိုင် ဟောဒီမျက်လုံးကြီးနဲ့ တွေ့ခဲ့တာ"

"ကျွတ်... ခုလောက်ဆို အိမ်ရောက်နေပြီလားမသိဘူး"

စစ်နေ၏အကြပ်အတည်းကိုကြည့်ကာ စည်သူတို့က မသနား။ နေရာချင်းပင် လဲယူနေချင်သလား မှတ်ရသည်။

"မင်းသုခတွေကလည်း များလိုက်တာ..."



www.burmeseclassic.com

www.burmeseclassic.com



စည်သူက စပ်ဖြဲဖြဲဆို၏။

"အဲဒါ သုခမဟုတ်ဘူး... ဒုက္ခ..."

"မင်းကတော့ ပြောအားရှိပြီကိုး..."

"မဟုတ်ရပါဘူး စည်သူရာ၊ ကြားဖူးတယ်မဟုတ်လား မချစ်မနှစ်သက်သောသူအား မတွေ့ပြန်နိုင်ခြင်းသည်လည်းကောင်း... ဒုက္ခတဲ့"

"ကျောက်စာဌာနက ကြားရင် သူတို့ကိုယ်သူတို့ သံသယ ဖြစ်စေမယ့်စာကြောင်းတွေ ရွတ်ရွတ်မပြပါနဲ့ နေရာ၊ တောင်းပန်ပါတယ်"

"မင်းတောင်းပန်ရင်တော့ ငါ ခန့်ခန့်ညားညားမပြောတော့ဘူး၊ သာမန်ပဲ ပြောတော့မယ်"

"သေလိုက်..."

အသံများ ခဏတိတ်သွားကြသည်။ ပြီးမှ...

"မမြနဒီက ဘယ်တော့ပြန်ရောက်မှာလဲ"

"ဒီတစ်ပတ်ထဲမှာ..."

"နောက်ထပ်ကော ဘယ်သူရောက်ဖို့ရှိလဲ ပြောထားဦး"

မင်းသွင်က ခပ်ချဉ်ချဉ်ပုံနှင့် နေ့ကို ပို့ပေးနေသေးသည်။

လောလောဆယ် အနားမှ သစ္စာမွန်ကို ဘယ်လိုခွာချရမလဲမှ မသိနိုင်သေးခင် ကေနှင့် မမကလည်း ပြန်လာနေပြီတဲ့။ ပြဿနာ...။ စစ်နေနှင့် သူတို့ ဘာမှလည်းမဖြစ်ခဲ့၊ မချစ်ခဲ့ကြပါဘဲနှင့် ပိုင်နိုင်သူကြီးတွေလို အနားမှာ ပြန်ရောက်လာမှာကို စစ်နေက ကြောက်သည်။ ဇာ်နေ၏အားနည်းချက်ကလည်း ဘယ်သူ့ကိုမှ ရက်ရက်စက်စက်ပြောကာ ငြင်းချရက်ခြင်းပင် ဖြစ်သည်။ ဒီတော့လည်း စစ်နေထင်တစ်ယောက် မပြေးသော်လည်း ရှိနေခဲ့သော ကံရာများနှင့် ရှုပ်ယှက်ခတ်ကုန်တော့၏။





ထိုစဉ် ဖုန်းမြည်လာ၏။ ဖုန်းနံပါတ်ကိုကြည့်လိုက်တော့ အိမ်က...။

"မလတ်လား ပြော..."

"......"

"ဗျာ ကေ... ဟုတ်လား"

နေ့ အထိတ်တလန့်အသံကြောင့် မင်းသွင်နှင့် စည်သူပင် နားရွက်များထောင်ချင်သွားရသည်။

"သြော်... ကောင်းတယ် ကောင်းတယ်..."

"......"

"အင်း မငယ်ကို နေပြန်လာမှ ဆုချတော့မယ်"

"......"

"အင်း အဆင်သင့်ဖြစ်ရင် လာခဲ့မယ်လေ"

"......"

"ဒါပဲနော်..."

ဖုန်းကိုပိတ်လိုက်ဆဲ နောက်ထပ်မြည်လာသဖြင့် မင်းသွင်တို့ ရှုံ့မဲ့သွားကြသည်။ မတတ်နိုင်...။ ပေါင်းမိပြီကိုး...။

"သစ္စာလား..."

"......"

"အင်း... နေ ဆယ့်တစ်ဆယ့်ငါးလောက် ရောက်မယ်၊ ready လုပ်ထားနော်"

"......"

"အင်း... အင်း ဒါပဲ..."

ဒီတစ်ခါတော့ နေ ဖုန်းပါအပြီးပိတ်ပစ်လိုက်သည်။ မင်းသွင်က ကျေ



www.burmeseclassic.com

www.burmeseclassic.com



နပ်ရှာ ပြုံးလိုက်သော်လည်း စည်သူက မျက်မှောင်ကြုတ်ရင်း ခေါင်းခါ၏။

"ဘာလဲ... စည်သူ"

"မင်း ဖုန်းလဲကိုင်လိုက်ပါလား"

"ဘာလဲ hand-set အသစ်လား"

"ချီးထဲမှပဲ... နံပါတ်လဲကိုင်နိုင်းတာ..."

"ဘာလို့လဲ..."

"တုံးချင်ယောင်ဆောင်မနေနဲ့ ငနေ... ဒါမှ မင်းဒုက္ခ... အဲလေ... သူခတချို့က ကင်းဝေးမှာပေါ့..."

ဟုတ်သားပဲ...။

နေ လက်ထဲက ဖုန်းကလေးကို ကြည့်လိုက်မိသည်။ hand-set က ကောစင်ကာပူက ပို့ထားသော Sony Errison ။ ဘေးမှာချိတ်ထားသော Bat man အရုပ်ကြိုးလေးက သစ္စာမွန်ပေးခဲ့ခြင်း ဖြစ်သည်။ နံပါတ်လဲ လိုက်လျှင် တစ်ရန်မက ငြိမ်းသွားမှာကတော့ သေချာသည်။

"စိတ်ဝင်စားစရာပဲ..."

"ငါ့မှာ ဖုန်းရောင်းမယ့်လူ ရှိတယ်..."

အရေးထဲ ပွဲစားတစ်ပိုင်းဖြစ်နေသော မင်းသွင်ကလည်း ဝင်လာသောအခွင့်အရေးကို လုံးဝ လက်လွှတ်မခံ...။

"မင်းတို့ဇာတ်က ဝိုင်းရေးတာလား"

"ဟင့်အင်း ငါ့ဇာတ်က သပ်သပ်..."

"share တော့ ခွဲမှာပေါ့..."

"ဒါက ဒီကောင်သိတတ်မှပါ..."

နေနှင့် စည်သူ အခြေအတင်ပြောနေတာကို ပွဲစားကျော်မင်းသွင်က





မသိချင်ယောင်ဆောင်နေသည်။ အလကားနေ အလကား လမ်းခင်းပေးသောစည်သူ့ကို သူ ကျေးဇူးတွေဆပ်နေရလျှင် မချောင်။

"မင်းဟာက ရောင်းမယ့်လူပဲလား မင်းသွင်၊ ဝယ်မယ့်လူလည်း လိုတယ်လေ"

"ရ,ရမှာပေါ့ မရဘူးဆိုတာ မရှိစေရဘူး"

"ဘယ်ရှိပါ့မလဲ သူခွင်မိမယ့် ကိစ္စကြီးကို"

"အောင်မာ ငါက ငနေ့ကို သူငယ်ချင်းကောင်းတစ်ယောက်အနေနဲ့ ကူညီစောင်မမှာ..."

"ပွဲစားကောင်းတစ်ယောက်အနေနဲ့ပါ..."

"မင်းမပါနဲ့..."

စည်သူက မင်းသွင်ကို ရယ်ရယ်မောမောနှင့်ပင် ခွင့်လွှတ်ပေးလိုက်၏။ စည်သူ့ဆိုတာက စစ်နေတို့သူငယ်ချင်းသုံးယောက်ထဲမှာ သဘောထားအကြီးဆုံး၊ စိတ်ထားအပြည့်ဆုံး ဖြစ်သည်။ နေရှုပ်တာမဟုတ်ပဲ ရှုပ်နေတာကို နားလည်သလို၊ မင်းသွင် လူကြီးမဟုတ်ပါပဲ လူကြီးလုပ်ကာ လျှောက်လုပ်နေသမျှကိုလည်း နားလည်သူ ဖြစ်သည်။

"သြော်... ခုမှ သတိရတယ်..."

"ဘာလဲ..."

စည်သူ့စကားကို အားလုံးက နားစွင့်လိုက်ကြသည်။

"ဟြော်... နည်းနည်း စိတ်ဝင်စားစရာကောင်းတဲ့ ကိစ္စတစ်ခုပါ၊ ရှာရှိလိုလို ပုံပြင်လိုလိုတွေနဲ့ နီးစပ်တဲ့ အကြောင်းအရာတစ်ခု..."

အရေးထဲ စည်သူက ခြေဆင်းချနေတာ မပြီးတော့...။

"ရပြီ စလို့ရပြီ သူငယ်ချင်း"



www.burmeseclassic.com

www.burmeseclassic.com

မင်းသွင်က စိတ်မရှည်သလို ဝင်ပြော၏။

"စမှာပါ ကောင်မလေးတစ်ယောက်..."

"ဘာဖြစ်လဲ..."

"အဲဒီကောင်မလေးက သိပ်လှတယ်"

ခုထိတော့ ဘာမှ မထူးသေးသဖြင့် စစ်နေက ရယ်မိသလို မင်းသွင်ကလည်း နှာခေါင်းရှုံ့၏။

"မပြီးသေးဘူး..."

"ပြော..."

"သူနဲ့တွေ့တဲ့ယောကျ်ားတိုင်း... သူ့ကိုကြိုက်မိတဲ့ ယောကျ်ားတိုင်း ဆိုပါတော့ကွာ..."

"ဘာဖြစ်လဲ..."

"သေ,သေကုန်ကြတယ်တဲ့..."

"မြတ်စွာဘုရား..."

မင်းသွင်က တမင်တကာ ဘုရားတ,ပြ၏။

"သေချင်ရင် သူ့ဆီ သွားရမှာလား"

"အင်း... သေချင်ရင် မဥ္ဇူသကဆီ သွားဆိုတာမျိုး..."

"ဘာရယ်..."

**"မဥ္ဇူသက..."**

စည်သူ့စကားဆုံးသလား မသိလိုက်ပါ။ ဝှန်းကနဲ ဝင်ချလာသော ကားတစ်စင်းက သူတို့ရှိရာ လမ်းဘေးလက်ဖက်ရည်ဆိုင်လေးဆီသို့ တည့်တည့်ကြီး လမ်းမှားဝင်လာခဲ့တော့သည်။

❖





"ဟော... ဖုန်းလာတယ်၊ ဖုန်းလာတယ်... လတ် ကိုင်စမ်း၊ ငါ ရေမချိုးရသေးဘူး..."

ဖုန်းကို လတ် ပြေးကိုင်လိုက်၏။

"ဘုရား... ဘုရား ဘာရယ်..."

"......"

"ဒုက္ခပါပဲ... ဘယ်မှာလဲ... ဘယ်မှာလဲ"

"......"

"အေး ငါတို့ ခုလာခဲ့မယ်"

လတ်ဖုန်းချအပြီးမှာ ရေချိုးဖို့ပြင်နေသော မဦး ပြန်ဆင်းချလာသည်။

"ဘာဖြစ်တာလဲ... ဘာဖြစ်တာလဲ... လတ်... မထိတ်သာ မလန့်သာ ဘယ်သူရောက်နေပြန်တာလဲ..."


www.burmeseclassic.com

www.burmeseclassic.com



စောစောက ကေ ပြန်ရောက်နေတာမျိုး ဖြစ်ပြီ အထင်နှင့် မဦးက မေးခြင်းဖြစ်သည်။

"ဘယ်… ဘယ်သူမှမရောက်ဘူး… ခုဟာက… နေ…"

"နေ… နေဘာဖြစ်လဲ…"

"ကား…"

"ဘာကားလဲ"

"ကားတိုက်ခံရလို့…"

"ဘုရားရေ… ငယ်ငယ် လာပါဦး…"

မဦးက ငယ့်ပါ လှမ်းခေါ်၏။

"ဒုက္ခပဲ… နေက ကားကို အရမ်းမောင်းသလား မသိပါဘူး"

"မဟုတ်ပါဘူး၊ ခုဟာက နေ… သူ့ဘာသာသူ လက်ဖက်ရည်ဆိုင်မှာ ထိုင်နေရင်း ကားက ဘရိတ်ပေါက်ပြီး ဆိုင်ထဲဝင်လာလို့ ထိခိုက်တာ…"

"ဘာ… ဘာဖြစ်သွားလဲ… မလတ်…"

"မသိဘူး လတ်… ခု ဆေးရုံမှာ၊ လာ… သွားကြရအောင်"

"မေမေ…"

ငယ် သတိတရပြောမှ ညီအစ်မတွေ အကုန်တိတ်ကုန်တော့သည်။ မေမေ့ကိုမပြောဘဲ သွားလို့က မဖြစ်။ ပြောသွားရင်လည်း သူပါလိုက်မှာ။ ထားခဲ့လို့ရမှာ မဟုတ်။

"မဦး မေမေ့နဲ့ နေခဲ့…"

"ဟင့်အင်း ငါလည်းလိုက်မယ်"

"ငယ်နေခဲ့…"





"ငယ်လည်း လိုက်မှာ…"

"လိုက်… လိုက်… မေမေလည်း လိုက်မှာ"

"ရှင်…"

ဘယ်အချိန်ကရောက်နေမှန်း မသိသော မေမေ့အသံကြောင့် ညီအစ်မသုံးယောက်လုံး လန့်ဖျပ်သွားရသည်။

"မေမေ သိပြီလား"

"မေမေ အကုန်ကြားတယ်၊ လာလာ… သော့ခတ်သွားရအောင်၊ ကားကို ဇောမကပ်တတ်တဲ့ ငယ်က မောင်း… ဟုတ်ပြီလား…"

မေမေက အေးအေးဆေးဆေးပင် စီမံခန့်ခွဲပေးသွားသည်။ သို့သော် မေမေ့မျက်နှာပေါ်မှ အမူအရာများကတော့ စိုးရိမ်ရိပ်တွေ ဖြာကျနေတာ ဘယ်လိုမှ ဖုံးဖိမရ။

ဆေးရုံရောက်တော့ ဒဏ်ရာက သိပ်ကြီးကြီးမားမား မဟုတ်။ ခေါင်းတော့ထိထားသဖြင့် သတိလစ်နေသည်။ မင်းသွင်နှင့် စည်သူမှာလည်း ဒဏ်ရာကိုယ်စီနှင့် သတိတော့ရနေကြသည်။

"ဘာဖြစ်တာလဲ စည်သူ…"

"ကျွန်တော်တို့ထိုင်နေရင်း ဖြစ်တာပဲ မဦး"

"ကားက ဘရိတ်ပေါက်တာဆို…"

"ဟုတ်တယ် ကျွန်တော်တို့ အရှောင်မြန်လို့… မဟုတ်ရင် သွားပြီ"

"နေကရော…"

"နေက ရှောင်ရင်း ဘေးက အုတ်ခုံနဲ့ ခေါင်းနဲ့ထိတာ၊ တော်သေးဘယ် ညပ်မသွားတာ…"

"ဘုရားမလို့ပေါ့ကွယ်…"



www.burmeseclassic.com

www.burmeseclassic.com



မေမေက ခုမှ သက်ပြင်းချလိုက်သည်။ အရာရာ အကွက်စေ့သော လတ်က ဆရာဝန်နှင့် သွားတွေ့နေပြီ။ ဆယ်မိနစ်ခန့်ကြာတော့ လတ် ပြန်ရောက်လာသည်။

"ဘာတဲ့လဲ သမီးလတ်..."

"သိပ်တော့ မစိုးရိမ်ရပါဘူးတဲ့... သိပ်မကြာဘူး၊ သတိရမှာပါလို့ ပြောတယ်... နင်ကော ဘယ်လိုနေလဲ စည်သူ..."

စည်သူက ရယ်၏။ မချိသွားဖြဲပုံစံနှင့်...။

"ကျွန်တော်တို့သုံးယောက်က ရှောင်ရင်းရကြတဲ့ ဒဏ်ရာတွေ... ထိတာဆိုလို့ နှစ်ယောက်ပဲရှိတယ်၊ တွေ့လား... ဟိုဘက်ခုတင်က လူနာ အခြေအနေလုံးဝမကောင်းဘူး၊ နောက်... ဟိုဘက်က စားပွဲထိုးလေး၊ သူကလည်း ခြေထောက် ကျောက်ပတ်တီး စည်းထားရတယ်..."

ထိုအခါကျမှ မဦးတို့လေးယောက်သား ဘေးခုတင်ကို ကြည့်မိကြသည်။ လူနာက တကယ့်ကို သွေးအလိမ်းလိမ်းနှင့်။ သေချာသုတ်သင်ပေးထားသည့်တိုင် သိသာနေတုန်း။ ဆရာဝန်တွေကလည်း အသည်းအသန်ကို ဂရုစိုက်နေကြသည်။ မေမေက မသိမသာသက်ပြင်းချရင်း ဘုရားစာတွေ တတွတ်တွတ်ရွတ်ပေးနေ၏။ နေ့အတွက်တင် ဟုတ်ပုံမပေါ်။ ဘေးက လူနာတွေအတွက်ပါ ဖြစ်လောက်သည်။ မဦးက သားအမိချင်းမို့ သိနေ၏သည်။

မင်းသွင်ကတော့ နေ့ဖုန်းကလေးကို လှမ်းပေးရင်း ပြော၏။

"ဒီနေ့ချိန်းထားတဲ့တစ်ယောက် ထင်တယ်၊ ဖုန်းလာနေတယ်"

"မင်းပဲပြောလိုက်ပါ မင်းသွင်ရယ၊ မလတ်တို့က သူနဲ့မှ မသိတာ"

"ကျွန်တော်တို့လည်း မသိဘူး"





စည်သူကပါ ဝင်ပြော၏။ သို့သော် မင်းသွင်က ဖုန်းကိုနှိပ်ကာ ထူးလိုက်၏။

"ဟဲလို..."

"......"

"သြော်... နေ ကားအက်ဆီးဒင့်ဖြစ်လို့ ဆေးရုံမှာပါ..."

"......"

"သြော် ကျွန်တော်မနောက်ပါဘူး၊ ဒီကိစ္စက နောက်စရာမှ မဟုတ်တာ..."

"......"

"မယုံလည်း မတတ်နိုင်ပါဘူးခင်ဗျာ"

"......"

"... ဆေးရုံမှာပါ..."

တစ်ဖက်က ဖုန်းချသွားဟန်တူသည်။ မင်းသွင်လက်ခါကာ ပခုံးတွန့်ပြ၏။

"ဘာတဲ့လဲ မင်းအသံကို မယုံချင်ဘူးတဲ့လား"

စည်သူ့စကားက နှစ်ခွမို့ မင်းသွင် မျက်ထောင့်နီနှင့် လှမ်းကြည့်၏။

"ငါ့အသံကိုပဲ မယုံချင်ရမလား... ကိစ္စကို မယုံတာ..."

"အေးလေ... အသံကတော့ ကိစ္စမရှိပါဘူး၊ လူတွေ့တာဆို ဟုတ်တုတ်တုတ်..."

အရေးထဲမှာ တစ်ယောက်နှင့်တစ်ယောက် အားစိုက်နောက်နေနိုင်သေးသည်။ မင်းသွင်က စည်သူ့ကို ဘာမှဆက်မပြောတော့။ မဦးသာ ပြောတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကြည့်ရတာ ဆေးရုံကို လာရာမယ့်ပုံပဲ မဦး"

"လာပါစေလေ…"

ခဏနေကျတော့ တစ်ဖက်ကလူနာ အခြေအနေ ဆိုးလာပုံရသည်။ ယောက်ယက်တွေ ခတ်ကုန်ကြ၏။ ဆယ့်ငါးမိနစ်ခန့်ကြာတော့ ကျယ်လောင်စွာ ဟစ်ငိုလိုက်သံက အားလုံး၏ရင်ထဲ ရိုက်ခတ်သွားတော့သည်။

မေမေက ခုတင်ဘေးတွင် ငြိမ်ငြိမ်လေးထိုင်ကာ ဘုရားစာရွတ်နေရာမှ ဆတ်ကနဲ ဖြစ်သွား၏။ မဦးတို့ညီအစ်မနှင့် စည်သူတို့နှစ်ယောက်ကတော့ ကံမကောင်းရှာသော လူနာကောင်လေးကိုသာ နောက်ဆုံးအနေနှင့် ကြည့်နေမိကြသည်။

ထိုစဉ် Hall ထဲသို့ အမျိုးသမီးတစ်ယောက် ဝင်လာ၏။ အတော်လေးကျက်သရေရှိတာ တင့်တယ်သောပုံစံမျိုး။ မဦးတို့ ညီအစ်မတွေက သစ္စာမွန်များလားဟု ကြည့်မိကြသေးသော်လည်း အသက်က ၃၀ ခန့်ရှိမည်ဖြစ်၍ မဖြစ်နိုင်ဟု ကောက်ချက်ချလိုက်ကြ၏။ သူမက ဘေးခုတင်က လူနာထံ လာခြင်းဖြစ်သည်။

"ဟင်… မောင်လေး…"

"ဆုံးပြီ… သမီးရဲ့…"

တစ်ဖက်မှ လူနာသည် သူမ၏မောင်…တဲ့။ မိခင်ဖြစ်သူက လှမ်းပြောသံ…။ မဦးတို့ သူမကို ကြည့်လိုက်မိကြသည်။ သမမျက်နှာက လုံးဝမယုံကြည်နိုင်သလို မောင်ဖြစ်သူ၏ရုပ်ကလပ်ကို မမှိတ်မသုန် စိုက်ကြည့်နေ၏။

"ဖြစ်မှဖြစ်ရလေ… မောင်လေးရယ်… မမစကားမှ နားမထောင်ခဲ့တာ…"





သူမ၏ရေရွတ်သံကြောင့် စည်သူတို့ရော ငယ်တို့ပါ နဝေတိမ်တောင်တွေဖြစ်သွားကြရသည်။ ဘာလဲ… သူမက ဒီလက်ဖက်ရည်ဆိုင်ကို မထိုင်ဖို့ မောင်ဖြစ်သူကို တားမြစ်ထားလို့လား။

"မဉ္ဇူသကနဲ့တွေ့ရင် ဒီလိုဖြစ်မယ်ဆိုတာ သိသိကြီးနဲ့…"

မြတ်စွာဘုရား…။

ဒါက စည်သူ တ,လိုက်သောဘုရားဖြစ်သည်။ ရင်ထဲမှာ တ,လိုက်တာမို့ တော်တော့သည်။ မဟုတ်လျှင် ဘယ်သူမှ နားလည်ကြမှာ မဟုတ်။

"မဉ္ဇူသက…တဲ့…"

မင်းသွင်ကလည်း တအံ့တသြရေရွတ်၏။

ထိုစဉ်…

"အင်း…"

ညည်းညူသံနှင့်အတူ နေ သတိရလာသည်။ စိတ်နေတစ်ယောက် သတိနှင့် အာရုံတွယ်ချိတ်မိသည်နှင့် ကြားလိုက်ရသည်က 'မဉ္ဇူသက' ဆိုသော စကားလုံး။

ဒီနာမည်ကို သူ ဘယ်မှာကြားဖူးပါလိမ့်…။

အာ… ခုလောလောဆယ် ငါ ဘာဖြစ်နေတာပါလိမ့်…။ ဒါကို အရင်တွေးရမှာ။ မျက်လုံးတွေက မဖွင့်ချင်လောက်အောင် လေးလံထိုင်းမှိုင်းနေကြသည်။ မဖြစ်ဘူး… အရင်ဖွင့်မှဟု အားတင်းကာ ဖွင့်လိုက်စဉ်…

"မေမေ…"

"ဟင်… သား… သား သတိရပြီ…"

မေမေက ဝမ်းသာအားရဆို၏။ တစ်ယောက်က လောကမှ ကွက်သွားချိန်မှာ တစ်ယောက်က အသိပြန်လည်လာခဲ့ပြီ။ မေမေ့အားမှာက



www.burmeseclassic.com

www.burmeseclassic.com



မဦး၊ မလတ်၊ မငယ် လုံစုံ...။ ဘေးမှာကျ စည်သူနှင့် မင်းလွင်။ သူတို့မှာက ဒဏ်ရာဒဏ်ချက်တွေနဲ့...။ ဒီတော့မှ စစ်နေ ပြန်တွေးမိသည်။ သူတို့ထိုင်နေရာဆိုင်ထဲ ကားတစ်စီးပြေးဝင်လာခဲ့သည်။ နောက်တော့...

စစ်နေ အားလုံးကို ပြန်မှတ်မိသွားသည်။ နောက်... သတိထပ်ရတာက နောက်ဆုံး သူ သတိမလစ်ခင်ကြားလိုက်ရသော နာမည်။ 'မဥ္ဇူသက' တဲ့။ ခု... သူ သတိရရချင်း ပထမဆုံးကြားရတာကလည်း 'မဥ္ဇူသက' ပင်...။ ထူးတော့ ထူးဆန်းနေသည်။

မဥ္ဇူသက... ဆိုတာ...

နတ်ပန်းမဥ္ဇူတော့ မဟုတ်...။ လူသားစား ပန်းကလေးတစ်ပွင့်များလား...။ ဒါမှမဟုတ် ကျိန်စာသင့်နေသော ပန်းကလေးလား...။ ဘာကြောင့် သူ့ကို ချဉ်းကပ်မိသူတွေက သေဆုံးကုန်ကြရတာလဲ။ ဒါဟာ တကယ်ပဲ ဖြစ်ပျက်ခဲ့တာလား။ လူတွေက ယုံတမ်းစကားကို အ,မနာပ ပြောနေကြတာလေလား... စဉ်းစားစရာတွေ ဖြစ်ကုန်ရသည်။

လောလောဆယ် စဉ်းစားရမှာက ဒါမဟုတ်သေး...။ သူ အမြန်သက်သာဖို့...။ မေမေနဲ့ မမတို့ သောကတွေ လွင့်စင်သွားဖို့...။ ပြီးတော့ ကတိပျက်ကွက်သလို ဖြစ်သွားရသော သစ္စာမွန်ကို ရှင်းလင်းပြဖို့။

လောလောဆယ်တော့ သူ အရမ်းအိပ်ချင်နေခဲ့ပြီ...။

❖





နောက်နေ့ကျတော့ စည်သူတို့ ဆေးရုံက ဆင်းကြသည်။ စစ်နေ တစ်ယောက်သာ အခန်းပြောင်းပြီး နေခဲ့ရ၏။ သို့သော် မင်းသွင်နှင့် စည်သူက ဆေးရုံကမဆင်းပဲ စစ်နေအခန်းထဲ ဝင်နေ,နေကြသည်။

"မင်းတို့ဟာက ပျော်ပွဲစားထွက်တာ ကျနေတာပဲ"

မေမေက ရယ်မောရင်းဆို၏။ ဘာပဲပြောပြော သူ့သားအဖော်ရသည်မဟုတ်လား။

"ဒီလိုဆုံရဖို့ဆိုတာက ခဲယဉ်းသား အန်တီရဲ့"

"ဟုတ်တယ် ကျွန်တော်တို့လည်း ဒီမှာနေမှ နားဖြစ်တာ"

"သြော်... ခါတိုင်းဆို အလုပ်များနေကြတာကိုး"

အကြောင်းသိနေသော မလတ်က မဲ့တဲ့တဲ့လေး ဝင်ပြောသော်လည်း စည်သူတို့ကတော့ ခပ်တည်တည်ပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကျွန်တော်တို့ဆိုင်ဆို လူက တအားကျတာ..."

"အေးပေါ့ အေးပေါ့..."

မေမေကတော့ ထောက်ခံ၏။ စည်သူတို့ဆိုင်က လက်ဖက်ရည်ဆိုင်ဖြစ်သည်။ တကယ်လည်း နာမည်ရကာ ရောင်းရ သည်။ သို့သော် ဆိုင်ဆိုင်ကာ စီမံခန့်ခွဲနေသူက စည်သူမှ မဟုတ်တာ။ မင်းသွင်ကတော့ ပြောအားရှိသည်ပေါ့။ သူက ပွဲစားတစ်ပိုင်းကိုး။

"ကျွန်တော့်အလုပ်က မပင်ပန်းဘူးဆိုပေမယ့် ခေါင်းသုံးရတယ် အန်တီရဲ့..."

ကျွန်လူတွေက ခေါင်းမပါပဲ အလုပ်လုပ်နေတာကျလို့...။ ပြောပုံကိုက...။ စည်သူကတော့ ခေါင်းကို လက်နှင့်တို့ကာ လက်ခါပြလိုက်၏။ မင်းသွင်ကို အလကားဟု ပြောချင်တာဖြစ်သည်။ သို့သော် သူထိုင်နေရာအပေါက်ဝတည့်တည့်မှာ လူတစ်ယောက်လာရပ်တာကြောင့် သူ့လက်များရပ်တန့်သွားရသည်။

"ဒါ... စစ်နေထင်ရဲ့အခန်းလား..."

မိန်းကလေးသံတစ်သံကြောင့် စည်သူသာမကတော့။ အားလုံး ချာကနဲ လှည့်ကြည့်ကြ၏။

"ဟုတ်တယ်ကွဲ့ သမီးက..."

"သစ္စာမွန်ပါ"

"သြော်... လာပါကွယ် ဟိုနေ့က သမီးအတွက် ပြင်ဆင်ထားပြီးမှသားက..."

မေမေ့စကား မဆုံးသေး... မိန်းကလေးက လက်ကာပြ၏။

"အို မဟုတ်တာ... အန်တီရယ်၊ သမီးနားလည်ပါတယ်၊ အစက





တော့ မယုံဘူး၊ နောက် ဆေး ရုံကို လွတ်မေးနိုင်းမှ အကြောင်းစုံသိရတာ၊ တစ်ယောက် ဆုံးသွားတယ်ဆို..."

"ဟုတ်တယ်..."

"ကိုနေ ကံကောင်းလို့သာပေါ့... သစ္စာဖြင့် မကွေ ရဲဘူး..."

ကြည့်ပါဦး... ဝင်လာကတည်းက စစ်နေအမေနှင့် လေပေးဖြောင့်နေလိုက်တာ။ စစ်နေကိုပင် လှမ်းကြည့်ရုံ ကြည့်အား၏။ ဒါကြောင့်လည်း စစ်နေက သူမနိုင်မ, သမီးလေးတွေကို မိသားစုနဲ့ လွဲလွဲပစ်ထိုက်တာ ဖြစ်နိုင်သည်။ သူ့မိသားစုကလည်း စစ်နေနှင့် ပတ်သက်လို့ကတော့ welcome ပဲလေ။ အစ်မကြီး **ဦးမေခင်**၊ အစ်မလတ် **လတ်ဝါယဉ်**၊ အစ်မငယ် **ထွေးငယ်ခင်**တို့သာမက အမေကပါ မျက်နှာလွှဲလောက်အောင် အဆင်ချော သူတွေ ဖြစ်နေသည်လေ။ အားကျစရာပါပဲဟု စည်သူတို့ပင် တွေးနေမိ လား မပြောတတ်။

"အဲဒီဆုံးသွားတဲ့တစ်ယောက်က သစ္စာသူငယ်ချင်းရဲ့ အစ်ကိုဝမ်းကွဲလေ၊ သူကတော့ ကျိန်စာသင့်တာတဲ့..."

ယယ်လိုမှ ထင်မထားသော သစ္စာစကားကြောင့် အားလုံး မျက်လုံး ပြူးသွားရသည်။ မင်းသွင် စစ်နေနှင့် စည်သူတို့က တစ်ယောက်ကို တစ် ယောက် ကြည့်မိကြ၏။ မေမေနှင့် မလတ်ကလည်း နားမလည်နိုင်။

"ဘာလဲကွဲ့ ကျိန်စာ..."

"ဟုတ်သားပဲ မလတ်လည်း နားမလည်ဘူး"

"ဒီလိုလေ... သူက ကျိန်စာသင့်နေတဲ့ မိန်းကလေးတစ်ယောက် ကို သွားစွဲလန်းမိလို့ ဖြစ်ရတာတဲ့..."

သစ္စာမွန်စကားကြောင့် စည်သူက သဘောပေါက်သွားသလို ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



တဆက်ဆက်ညိတ်သော်လည်း မလတ်တို့က နားမလည်။

"မိန်းကလေးတစ်ယောက်ကို စွဲလန်းရုံနဲ့ ဖြစ်ရရောလား၊ အဲဒီ မိန်းကလေးက ဘယ်လို ကျိန်စာတွေ သင့်နေလို့လဲ..."

"ဒီလိုလေ မမရဲ့... အဲဒီကောင်မလေးက... ဟို... ဘယ်လိုပြောရမလဲ... တချို့ သိုက်ကလာတယ်ဆိုတဲ့ အမျိုးသမီးတွေ ဘာခေါ်တယ်..."

"ဥစ္စာစောင့်..."

အရေးထဲ သစ္စာမွန်က ဥစ္စာစောင့်ကို ဘာမှန်းမသိ ဖြစ်နေသေးသည်မို့ မလတ်က ထောက်ပေးလိုက်ရသည်။

"အင်း... အဲဒါ... အဲဒီလိုလူမျိုးတွေက အိမ်ထောင်မပြုရဘူး ပြုမယ်လုပ်ရင် တစ်ဖက်လူက သေတာပဲ...တဲ့..."

စည်သူကတော့ ရယ်သည်။ မင်းသွင်ကတော့ ခပ်တိုးတိုးရေရွတ်၏။

"သူ့ကြည့်ရတာ ဂမ္ဘီရဝတ္ထု တော်တော်များများ ဖတ်ထားပုံရတယ် စည်သူ့လိုပဲ..."

စည်သူက မကြားချင်ယောင်ဆောင်နေ၏။ သစ္စာမွန် ဆိုသောကောင်မလေးကတော့ သူမဘာသာ ဆက်ပြောနေသည်။

"ခု... အဲဒီတစ်ယောက်ကတော့ သူ့ကိုချိန်မိသူတိုင်းက ဒုက္ခရောက်တာပဲလို့ သတင်းကြီးနေတာ..."

"ကောင်မလေးက ပြန်မကြိုက်ပဲနဲ့လား..."

"ကောင်မလေးက ပြန်ကြိုက် မကြိုက်တော့ သစ္စာလည်း မသိဘူးလေ၊ ခု ဒီဆုံးသွားတဲ့သူကတော့ အဲဒီကောင်မလေးကို အသေအရှင်ရရ စွဲလန်းနေတာ...တဲ့..."

"ကောင်မလေးကကော..."





"အင်းအဲတောင် မလှပ်ဘူးလို့ ပြောတာပဲ..."

"အဲဒီကောင်မလေးက လှလား..."

မေမေက ဝင်မေး၏။

"လှတယ် မလှဘူးတော့ သမီးလည်း မမြင်ဖူးလို့ မသိဘူး အန်တီ၊ နာမည်ကတော့ လှတယ်..."

"ဘာတဲ့လဲ..."

"မဒ္ဒူသက...တဲ့"

"နတ်ပန်းပေါ့..."

"ဟုတ်တယ်..."

"ဒါကြောင့် သူ့ကို ခူးခွင့်ရှိသူ မရှိ ဖြစ်နေတာ နေမှာ..."

မလတ်က သက်သာသောမှတ်ချက်လှလှလေးကို ပေး၏။

စစ်နေမှာသာ ဒီရက်ပိုင်းအတွင်း ဆက်တိုက်ကြီးကြားနေရသော 'မဒ္ဒူသက' ဆိုသော နာမည်ကိုသာမက သူမ၏အကြောင်းအရာများကိုပါ ကြားကြားသိဖွယ် မယုံချင်ချင် ဖြစ်နေမိရသည်။

သစ္စာမွန်က စစ်နေကို စားစရာ သောက်စရာများပေးသွားပြီး ပြန်များလေသည်။

"မဆိုးဘူး ငါတို့သုံးယောက်စာလောက်တယ် တစ်ခုပဲ..."

လူကောင်းနီးပါးဖြစ်နေသော မင်းသွင်က ဆို၏။ သူ မဆက်ဘဲ အားသောစကားကို အားလုံးက ငံ့လင့်နေမှန်းသိမှ စကားကိုဆက်သည်။

"တစ်ခုပဲ... သူ့ကြည့်ရတာ ဂမ္ဘီရဝတ္ထုတွေဖတ်ပြီး အဲဒီထဲက ကောင်ကောင်ကို စိတ်ဝင်စားနေသလိုပဲ..."

ဒါကိုတော့ နေက ငြင်းချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး မင်းလည်း မသိတာမှ မဟုတ်တာ၊ သူပြောတာကို မင်းမကြားဘူးလား။ စည်သူပြောတဲ့သူနဲ့ အတူတူပဲ... မဥ္ဇူသကတဲ့..."

"အေးလေ စည်သူနဲ့ အဲဒီကောင်မလေးနဲ့ ဖတ်တဲ့ဝတ္ထုက တူနေတာနေမှာ..."

"မင်း ဘုမပြောနဲ့ မင်းသွင်၊ ဟိုနေ့က ဘေးခုတင်က လူနာရဲ့အစ်မလား မသိဘူး၊ ရွတ်သွားတာ မင်းမကြားဘူးလား"

စည်သူက မနေနိုင်စွာ ဝင်ပြော၏။

"မကြားဘူး" ...

အမှန်က အနိုင်ပိုင်းကာပြောခြင်း ဖြစ်သည်။ သူပင် သံယောင်လိုက်ကာ တအံ့တသြ ရေရွတ်ခဲ့သေးသည်ပဲ။

"မင်း ဘာပြောပြော မင်းကြားတာ သေချာတယ်၊ မင်းတောင် ရွတ်လိုက်သေးတာပဲ..."

"ငါရွတ်တယ်..."

မင်းသွင်က ညစ်ကန်ကန်သောအနေနှင့် ဆက်ငြင်းရန် ပြင်နေသဖြင့် စစ်နေ ဝင်ပြောရတော့၏။

"ဟုတ်တယ် မင်းရွတ်တယ်..."

"မင်းက သတိလစ်နေတာလေ..."

မင်းသွင်က မျက်လုံးပြူးကာ နေ့ကိုပြော၏။

"ဟုတ်တယ် ငါသတိရရချင်း ကြားလိုက်တာ၊ အဲဒီနာမည်ပဲ မင်းအသံနဲ့..."

မင်းသွင် မငြင်းနိုင်တော့။ စစ်နေက စဉ်းစားရင်း ဆက်ပြော၏။

"ဆန်းတော့ဆန်းတယ်"





"ဘာဆန်းတာလဲ"

"ငါ သတိမလစ်ခင် နောက်ဆုံးကြား မှတ်ရတဲ့ နာမည်ကလည်း မဥ္ဇူသကပဲလေ၊ သတိရရချင်း ပထမဆုံးကြားတာကလည်း မဥ္ဇူသကပဲ..."

စစ်နေ၏စကားကို အားလုံးက လက်ခံ မခံ မသေချာသော်လည်း ငြိမ်သက်သွားကြဘာတော့ သေချာသည်။ အတော်ကြာမှ မေမေက...

"ကဲပါ ဆာရောပေါ့... တစ်ခုခုစား... ဒါတွေ တွေးမနေနဲ့၊ ကိုယ်နဲ့ ဆိုင်တာလဲ မဟုတ်ဘဲနဲ့..."

မေမေဆိုလိုတာက ခုလောလောဆယ် စစ်နေပြောနေသောစကားကို ဆိုလိုဟန် မတူပါ။ သစ္စာမွန်စ,သွားသော ဓာတ်လမ်းနဲ့ ဆက်စပ်ပြောလိုသောစကားဖြစ်ပုံ ရသည်။ ထို့ကြောင့် စစ်နေတို့လည်း စကားစကို ဖြတ်ကာ နေ့လည်စာ စားလိုက်ကြ၏။

ညနေဘက် မေမေတို့ပြန်သွားပြီး အတော်ကြာမှ စည်သူက စစ်နေကို လှမ်းပြောသည်။

"စစ်နေ..."

"ပြော..."

"ဒီဆေးရုံပေါ်မှာပေ့ ကားဝင်မအောင်းလောက်ပါဘူးနော်..."

စည်သူ့စကားပလ္လင်ကြောင့် ရယ်ကြရသေးသည်။ ဒါဆို သေချာတာကတော့ သူပြောမှာ မဥ္ဇူသကအကြောင်းပင်...။

"မဥ္ဇူသကအကြောင်း ပြောမှာ မဟုတ်လား"

"အင်း"

"မသကာ... လျှင်လှုပ်ပြီး ပြုံကျရုံပေါ့ကွာ ပြောပါ..."

စစ်နေကလည်း တမင်ပင် ထိုသို့ပြန်ပြောလိုက်၏။ မင်းသွင်ကတော့



www.burmeseclassic.com

www.burmeseclassic.com



ကျောတွန့်ကာ 'မဖြစ်နိုင်တာ' ဟု ရေရွတ်လေသည်။

"အဲဒီမဥ္ဇူသက ဆိုတာ ငါလည်း မတွေ့ဖူးဘူး၊ ဒါပေမယ့် သူနဲ့ ပတ်သက်ခဲ့ဖူးတဲ့ လူတစ်ယောက်နဲ့တော့ သိခဲ့ဖူးတယ်"

"ဘယ်သူလဲ"

"မင်းတို့ boat club က ကျော်စိုးကို သိတယ်မဟုတ်လား"

"ဟိုမျက်လုံးပြူးပြူး အရုပ်ပုပုနဲ့..."

"အင်း ဟုတ်တယ်... သူနဲ့ တွဲနေတဲ့သူ ရှိတယ်လေ၊ ကောင်းဆက်ဆိုတာ..."

"အင်း... သိတယ် အသားဖြူဖြူနဲ့..."

"သူ..."

"ဟင်... သူက သေပြီလေ..."

"အင်းလေ သူလည်း မဥ္ဇူသကနဲ့ တွေ့ပြီးမှ သေတာ..."

မင်းသွင်က ခေါင်းကို ကြမ်းတမ်းစွာ ခါယမ်းပစ်လိုက်သည်။

"မဟုတ်ဘူး သူ့ဘာသာသူ heart attack နဲ့ သေတာ..."

"အေးလေ... ဘယ်လိုသေသေလေ... မဥ္ဇူသကနဲ့ တွေ့ပြီးမှ ဖြစ်လို့ အဲလိုပြောခဲ့ရတာလို့ ငါက ဆိုလိုတာပါ... ဒါပေမယ့်..."

"ဒါပေမယ့် ဘာဖြစ်လဲ..."

"ထန်းသီးကြွေခိုက် ကျီးနင်းခိုက်လို့ ပြောရအောင်ကလည်း ထန်းသီးတွေကြွေတာ များနေပြီ..."

စည်သူ့စကားက စဉ်းစားစရာ။ သို့သော် ကျီးအုပ်က ပြုလာတာမို့ကော မဖြစ်နိုင်ဘူးတဲ့လား။ လောကမှာ မဖြစ်နိုင်တာ ဘာမှ မရှိဘဲ...။

❖





ဆေးရုံက ဆင်းလာတဲ့တိုင် သူတို့ကိုတော့ မေမေက အိမ်မှာ ခေါ်ထားပြီး အနားယူခိုင်းထားတုန်း။ စည်သူနှင့် မင်းသွင်၏မိဘများကလည်း သူတို့သားတွေ ပျောက်သွားနေလို့ စိတ်ပူရတာထက် ... စစ်နေတို့ ခြံထဲမှာ ပကတိကောင်းမွန်စွာ ရှိနေတယ်ဆိုရင်ပဲ ကျေနပ်ရပြီမို့ ခွင့်ပြုထားကာ ကျေးဇူးတင်မဆုံး။

အမှန်ကတော့ စစ်နေမေမေကလည်း သူ့သား အိမ်မှာ အချိန်ကြာကြာလေးနားနေပြီး မျက်စိအောက်ရှိနေအောင် စီစဉ်ပေးထားခြင်း ဖြစ်သည်။ နေ့လည်ဆို အဖေနှင့်အမေက ကုမ္ပဏီကို သွားကြသည်။ မဦးနှင့်မလတ်က ...ထည်ဆိုင်ထိုင်သည်။ မငယ်တစ်ယောက်ကတော့ Fancy ပစ္စည်းများ ရောင်းသော ဆိုင်ကလေးကို ခြံထောင့်မှာပင် ဖွင့်ထား၏။ ဝေးဝေးလံလံ မသွားရသော်လည်း နားတော့ မနားရ။ ပစ္စည်းဝယ်ရ၊ ရှာရ၊ မှာရ၊



www.burmeseclassic.com

www.burmeseclassic.com



ရောင်းရနှင့်။ အားနေတာက သူတို့သုံးယောက်ဖြစ်နေသည်။

မငယ်ဆိုင်ကိုလာသည့် ကောင်မလေး လှလှလေးများကိုလည်း အားပေး ကြည့်ရှုရသေးသည်။

"မငယ်ဆိုင်ကို ငါတို့ကူရောင်းရင် ကောင်းမလားမသိဘူး"

"ဘာကိစ္စနဲ့ ကူချင်ရတာလဲ"

စစ်နေက လေသံမာနှင့် မေး၏။

"မင်းအစ်မကို ကူချင်တယ်မထင်ပါနဲ့၊ ပြောပြီးပြီ ငါတို့ ဒီအရွယ်တွေ မကြိုက်တတ်ပါဘူးဆိုတာ... ခုဟာက မင်းအစ်မဆိုင်လာတဲ့ မဒီလေးတွေကို ကူချင်တာ..."

"ဘာကူစရာရှိလဲ..."

"သူတို့လိုချင်တာ ကူရှာပေးမယ်လေကွာ..."

"အေးလေ သူတို့ပြင်လာတာ အလကားမဖြစ်အောင် ကူငမ်းပေးမယ်ကွာ..."

တစ်ခါမှ သိပ်မတည့်ချင်သူနှစ်ယောက်က ခုတော့လည်း အတိုင်အဖောက်တည့်လို့...။

"ခုကော ငမ်းမနေကြလို့လား"

"အာ... ဒါက အဝေး shot ဟိုဟာက အနီး shot လေ... ကွာတာပေါ့"

"သေလိုက်... မင်းတို့ဘာသာ မငယ်ကိုသွာ ...ော..."

စစ်နေကတော့ တိုလီမုတ်စ ဘာမှန်း မသိတာလေ ...ကို ပြရောင်းရမည့်အစား အပေးက ဒီတိုင်း ထိုင်ကြည့်နေတာက ပိုအဆင်ပြေမည်ဟု ထင်မိသည်။ သူ့အားမှာက မိန်းကလေး လှလှလေးတွေ အများကြီးမှ





အများကြီး မဟုတ်လား။

ခဏနေကျတော့ ဘာတွေ ဘယ်လိုအဆင်ပြေသွားသည် မသိ။ ဟိုနှစ်ကောင်က ဆိုင်ထဲ ရောက်သွားတော့သည်။

"မငယ်..."

"ဒါက ဘာလေသံလဲ..."

အနားက ဖြတ်လျှောက်သွားသော မငယ်ကို ခတ်ဆတ်ဆတ်ခေါ်မိပါ၍ ပြန်အော်ခံရသေး၏။

"မဟုတ်ပါဘူး မငယ်က ဘယ်သွားမလို့လဲ"

"ထမင်းစားမလို့လေ... ခုမှ စားရမှာ ဘယ်အချိန်ရှိပြီလဲ"

ဒါတော့ ဟုတ်ပါသည်။ စစ်နေတို့သုံးယောက်က စားပြီးတာ ကြာပြီ။

"ဟိုနှစ်ကောင်က..."

"ဆိုင်စောင့်ပေးနေတာလေ..."

"ဟို... ပိစိမရော..."

"ပိစိမက စာရင်းထိုင်လုပ်နေတယ် ငါခိုင်းထားတာ..."

"ဟိုနှစ်ကောင်က အကြံနဲ့နော်..."

စစ်နေစကားကြောင့် ငယ်က ပြုံး၏။ အဓိပ္ပာယ်ပါသော အထက်စီးနိုင်လှသော အပြုံး။

"ငါ ငတုံးမဟုတ်ဘူး နေ့၊ ဒါပေမယ့် သူတို့လည်း လူရိုင်းတွေမှ မဟုတ်တာ၊ ခဏတဖြုတ် ကူဖော်ရတာပဲ တော်လှပြီ..."

"မငယ်သိရင် ပြီးတာပဲ၊ တော်ကြာကျမှ customer တွေနဲ့ ...ပျက်နေရမှာ စိုးလို့..."



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က အဲဒီလောက်မဆိုးနိုင်ပါဘူး နေရာ..."

"ဒါဆိုလဲ ပြီးတာပဲ..."

စစ်နေ ဘာမှမပြောပဲ မျက်စိကိုသာစုံမှိတ်ရင်း Dream bed ပေါ်မှာ ကြိုးစားအိပ်ပစ်လိုက်သည်။

ဘယ်လောက်တောင် အိပ်မိသွားသည်မသိ။ မေမေက နေ့လည် လက်ဖက်ရည်သောက်ဖို့ လာနှိုးမှ နိုးတော့သည်။

"သား... နေ... ထ... ထ... လက်ဖက်ရည်သောက်ရအောင်၊ ပြီးရင် သားက ဆေးသောက်ရဦးမှာ..."

"ဟုတ်..."

စစ်နေ ထထိုင်ပြီး ဆိုင်ဘက်မျှော်ကြည့်တော့ ဟိုနှစ်ကောင်က အလုပ်ရှုပ်နေတုန်း။ အဖြူရောင်နှင့် ကောင်မလေးတစ်ယောက်ကို ပုလဲ ပုတီးကိုးကုံးပါသော လည်ဆွဲအဆန်းလေးကို ပြပေးနေသည်။ ထိုပုတီး လေးက အဖြူရောင်ဖြစ်သည်။ ဖွေးလဲ့ကာ ပုလဲအစစ်နှင့် မတူသည့်တိုင် အတော်လှ၏။ ဒါကို မနေ့ညက မလတ်က တစ်ကုံးယူမယ်ဆိုကာ ဆိုင် ထဲမှ ဆွဲထုတ်လာကာ ဆွဲပြသဖြင့် တွေ့ဖူးထားခြင်းဖြစ်သည်။

"တွေ့လား မေမေ ဟိုနှစ်ကောင်"

မေမေက ရယ်၏။

"တွေ့ပါတယ် သားရယ်၊ သူတို့ကိုလည်း ခေါ်ထားပြီးပါပြီ၊ ဒီ တစ်ယောက်ပြီးရင် လာမှာပါ..."

"မလာလဲ အေးတာပဲ..."

စစ်နေကို မေမေက ပခုံးအသာဖက်ကာ အိမ်ထဲ ဆွဲခေါ်ခဲ့၏။ လက်ဖက်ရည်ပွဲမှာတော့ စစ်နေအကြိုက် မြန်မာမုန့်နှစ်မျိုးခန့် ပါသည်။





ထန်းသီးမုန့်နှင့် ကောက်ညှင်းနီမုန့်များ...။

"မေမေဝယ်ထားတာလား"

"ဟင့်အင်း... ဟိုလေ ဘယ်သူ... မြန်နဒီဆိုလား၊ အင်း သူ ပို့ခိုင်း လိုက်တာ..."

စစ်နေ စိတ်ညစ်လည်း ညစ်၊ အားလည်း နာသွားသည်။ သစ္စာမွန် ကို ဆေးရုံမှာတွေ့ပြီးကတည်းက ဘယ်သူ့ကိုမှ မတွေ့ချင်တော့သဖြင့် မေမေတို့က ပေးမတွေ့တော့။ မေမေနှင့် အစ်မများကတော့ မှသာဝါဒကို ထည့်လဲကျူးလွန်ကြရသည်။

"နေက သိပ်နေမကောင်းသေးဘူးကွ"

"နေ့ကို ဘာရာဝန်က စကားများများ မပြောခိုင်းဘူး"

"ဧည့်သည်မတွေ့ရသေးဘူးလို့ မှာထားလို့..."

"........"

မသည်... စသည့်စကားများနှင့် မထပ်စေရ။ ကေပင် ကျောင်းပိတ် ရက်ကုန်၍ ပြန်သွားရတော့မည်။ ခက်တာက အားလုံးက သူ့ကိုရော သူ့ မိသားစုကိုပါ စိတ်မကွက်ပဲ အရမ်းကာရောကြီး နားလည်ပေးပြီး စိတ်ပူ နေကြတာပဲ ဖြစ်သည်။

"အဲဒီကလေးမက ဆရာမဖြစ်နေပြီဆို..."

"ဟုတ်တယ် မေမေ..."

"သူလေးက ပညာရော သိက္ခာပါပြည့်စုံသားပဲ၊ သားကိုလည်း သံယောဇဉ်ရှိပုံရတယ်..."

ဘာအဓိပ္ပာယ်လဲဆိုတာကို သိသော စကားကို အဓိပ္ပာယ်နားမလည် ချင်ယောင်ဆောင်ကာ မေမေ့ကိုကြည့်တော့ မေမေက ရယ်၏။ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



ဆက်မပြော။ ဆက်ပြောစရာမလိုအောင်လည်း သားကို နားလည်ပြီးသားလေ။ နေကလည်း မေမေ့ကို နားလည်သည်ပဲ။ အားလုံးထဲမှာ မမမြနှဒီသည် နေ့ထက် အသက်ကြီးတာကလွဲလျှင် ဣန္ဒြေသိက္ခာကော၊ ပညာပါ ပြည့်စုံသူဖြစ်တာမို့ မေမေသဘောကျမည်ဆို ကျနိုင်သော မိန်းကလေးမျိုး ဖြစ်သည်။

ကေကတော့ တစ်မျိုး…။ နေ့ကို သံယောဇဉ်ကြီးလွန်း တွယ်တာလွန်းသော်လည်း သူ့ပညာရေး သူ့ရည်မှန်းချက်က ပထမ၊ နေက ဒုတိယ။ သစ္စာကျတော့လည်း ရဲဘင်းသွက်လက် ချက်ချာလွန်းနေသည်။ ကျန်လူများကလည်း ခေတ်မိန်းကလေးများပေမို့ တစ်မျိုးမဟုတ် တစ်မျိုးကတော့ မေမေ့မျက်စိနှင့် မပြောနှင့်၊ အစ်မတွေမျက်စိနှင့်ပင် အံမဝင်ချင်ကြ။

ခဏနေတော့ စည်သူတို့ဝင်လာသည်။

"ကုန်ပြီလား"

"ကုန်ပြီ မင်းတို့အတွက် လက်ဖက်ရည်နဲ့ မုန့်မလိုဘူး မဟုတ်လား"

တမင်ရွဲ့မေးလိုက်တော့ စည်သူက ဖြေ၏။

"မင်း မကြားဖူးဘူးလား၊ အုမတောင့်မှ သီလစောင့်နိုင်မှာတဲ့"

"ဘာဆိုင်လဲ…"

"ဆိုင်တာပေါ့ ခုနေ အစာဖြည့်ထားမှ ခဏနေကျ မငယ်ကို သီလရှိရှိ ကူနိုင်မှာ…"

စည်သူ့စကားကြောင့် မေမေက ရယ်၏။ မင်းသွင်က ရယ်ရင်းမှ…

"ဩော် စစ်နေ…"

"ဘာလဲ…"

"စောစောက မဋ္ဌူသက… ဆိုတာ ဆိုင်ကို လာသွားတယ်"





"ဘာ…"

"မဋ္ဌူသက…"

နေ မျက်လုံးများစင်းကာ မင်းသွင်ကို တစ်ချက်ကြည့်လိုက်၏။

"မင်းက လူကို တော့မှတ်လို့လား…"

"အာ… ဘာဆိုင်လဲ…"

"ဘာလို့မဆိုင်ရမှာလဲ… မင်းတို့လည်း တစ်ကောင်မှ မဋ္ဌူသကကို မမြင်ဖူးကြဘူး"

နေ့စကားကြောင့် စည်သူက ဝင်ရှင်း၏။

"ဟုတ်တယ် မမြင်ဖူးဘူး၊ ခုဟာက သူ့ဆီကရလိုက်တဲ့ ကဒ်ကြောင့် သိတာ…"

"ဘာကဒ်လဲ…"

"visiting card လေ…"

"ဘာဆိုင်လို့ ပေးရတာလဲ…"

"သူက ကိုးကုံးတွဲပုတီးမျိုး ရသေးရင် လိုချင်လို့တဲ့၊ ရရင် အကြောင်းကြားဖို့…"

စစ်နေ မျက်မှောင်ကြုတ်လိုက်မိသည်။

"သူက အဲလောက်အများကြီး ဘာလုပ်ဖို့လဲ…"

"…များဘူး ခု တစ်ခုပဲ ရသွားတာ…"

"ဟင်… ကျန်တာတွေကကော…"

"ကုန်ပြီလေ ရောင်းရတယ်၊ ငါတို့ရောင်းဈေးတင် သုံးခု…"

နေ ဘာမှ ဆက်မမေးတော့။ ပုတီးကုံးကို တစ်ခုတည်း…နှင့် မကျေနပ်ရအောင် သူ့မှာ လည်ပင်း ဘယ်နှစ်ခုရှိလို့လဲဟု တွေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မမြနဒီပေးထားသည် ဆိုသော ထန်းသီးမုန့်ကို ဖိစား၍ ဘာမှ ဆက်မပြောတော့ ဟိုနှစ်ကောင်က မကျေနပ်။ စည်သူက...

"မင်း ဘာမှ ဆက်မမေးတော့ဘူးလား"

စစ်နေ မျက်လုံးလှန်ကြည့်မိ၏။

"ဘာမေးရမှာလဲ..."

"မဥ္ဇူသကအကြောင်း..."

"မသိချင်ဘူး..."

"ဘာလဲ နိဗ္ဗာန်ရောက်မှာ စိုးလို့လား"

ဘာမှ မယုံဘူးဆိုသော မင်းသွင်က ဒီလိုမေးခွန်းမျိုး မေးလာ၍ စစ်နေ ဟက်ဟက်ပက်ပက်ရယ်မိသည်။

"မင်း ရောက်ခဲ့ပြီ မဟုတ်လား"

မင်းသွင် ခေါင်းခါ၏။ ပြီးမှ တစ်လုံးချင်းပြောသည်။

"သူ တော်တော်လှတာ မှန်ပါတယ်၊ ဒါပေမယ့် သူ့လှတာက စိတ္တဇဆန်တယ်၊ ပြီးတော့ ငါက အဲလိုအလှကို မကြိုက်ဘူး"

အလှက စိတ္တဇဆန်တယ်... တဲ့...။ ဘာလဲ...။ စစ်နေ နားမလည်နိုင်ပါ။ စိတ္တဇဆန်တဲ့အလှ ဆိုတာ ဘယ်လိုဟာမျိုးကို ပြောတာပါလိမ့်။ တကယ်ကော ရှိလို့လား...။ မင်းသွင် လက်ာတွေစပ်နေတာလား... ဟု တွေးနေမိတော့၏။

❖





"အဲ... အဲဒါ မဥ္ဇူသက..."

စစ်နေနှင့် စည်သူ hand set အသစ်တစ်ခုကို ဝယ်ထား၍ blue-tooth ကို စမ်းနေဆဲ စည်သူက အလန့်တကြားထအော်၏။

"ဘယ်မှာလဲ..."

"ဟိုမှာ အဖြူရောင်နဲ့..."

စစ်နေ လှမ်းကြည့်တော့ အဖြူရောင်ဇာနားတပ် ဂါဝန်ရှည်တစ်ထည်ကို အပေါ်က အဖြူရောင်ဂျင်းအင်္ကျီလက်ရှည် ထပ်ဝတ်ထားသည့် မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရသည်။ ကားတံခါးကို သော့ခတ်နေ၏။

လွယ်ထားသောအိတ်ကလည်း အဖြူရောင်။

ဖိနပ်က အဖြူရောင်။

နဖူးပေါ်ပင့်တင်ထားသော နေကာမျက်မှန်ဘောင်ကပင် အဖြူရောင်။



www.burmeseclassic.com

www.burmeseclassic.com



စစ်နေ မျက်မှောင်ကြုတ်သွား၏။

"သူက အဖြူရောင်ကြိုက်တယ်ထင်တယ်"

ပါးစပ်က လွှတ်ကနဲ ထွက်သွားသော စကားကြောင့် စည်သူက ခေါင်းခါ၏။

"ကြိုက်တာ ဘယ်ဟုတ်မလဲ၊ crazy ဖြစ်တာဆို ပိုမှန်မှာပေါ့၊ သူ ဘာမဆို အဖြူရောင်ပဲ သုံးတယ်..."

"ဆံပင်ရော..."

စစ်နေ၏ ရွဲ့တဲ့တဲ့အမေးကြောင့် စည်သူက ပြုံး၏။

"အဲဒါတော့ မင်းနဲ့ရမှ ထုံးသုတ်ပေးလိုက်..."

"ငါနဲ့က ဘာလို့ ရ,ရမှာလဲ"

"အေးလေ ဟုတ်သားပဲ မရနိုင်ပါဘူး၊ ရရင် မင်းသေမှာ..."

'မင်းသေမှာ' ဆိုသော စကားကြောင့် ဒီလောက်ကြီး အယူမသီး တတ်ပါဘဲနှင့် ကျောထဲစိမ့်သွားသည်။ စိမ့်ကနဲ ဖြစ်သွားသော ဓာတ်ခံနှင့် ကြည့်၍လား မသိ။ အနားရောက်လာသော မဥ္ဇူသက၏အလှက သူ့ကို တုန်လှုပ်သွားစေတာကိုတော့ စစ်နေ ဝန်ခံရပေလိမ့်မည်။

စစ်နေတို့ထိုင်နေရာ ဝိုင်းနှင့် တစ်ဝိုင်းကျော်ခန့်တွင် လာထိုင်သော မဥ္ဇူသကကို အားလုံးကလည်း လှည့်ကြည့်ကြသည်။

"ဒီလောက်ကြီးလဲ မဟုတ်ပါဘူး"

စစ်နေ လွှတ်ကနဲ ရေရွတ်မိသည်။ ဒါကို စည်သူက နားမလည်။

"ဘာလဲကွ ဘာပြောတာလဲ..."

"ဩော် မင်းသွင်ပြောသလောက်လည်း မလှပါဘူးလို့ ဆိုလိုတာ"

"သူက လှတာထက် ဆွဲဆောင်မှုရှိတယ်လို့ ပြောရမလားပဲ"





"ဘာလဲ Fashion နဲ့ ဆွဲဆောင်တာလား"

"အဲလိုပြောရမလား ဒါပေမယ့် အဖြူရောင်တွေဝတ်တာဟာ fashion ထွင်တာချည်းပဲတော့ မဟုတ်လောက်ဘူး၊ စိတ္တဇဆန်ဆန် အရောင်တစ်ခုကို စွဲလန်းတာမျိုးလည်း ဖြစ်နိုင်တာပဲ"

"ဒါကြောင့် မဥ္ဇူသကရယ်လို့ ထူးခြားနေတာလားမှ မသိတာ"

သူ လေသံကို နှိမ့်ပြောလိုက်မိသည်။ တစ်ဖက်ဝိုင်းမှ မဥ္ဇူသကက သူတို့ကို လှမ်းကြည့်လိုက်သောကြောင့် ဖြစ်၏။ ပြီး စည်သူ့ကိုတွေ့တော့ မျက်မှောင်ကြုတ်ကြည့်ကာ...

"ရှင် ဟိုနေ့က accessories တွေရောင်းတဲ့ဆိုင်က မဟုတ်လား"

"ဟုတ်ပါတယ်..."

"ပုတီးရောက်ပြီလား..."

"မရောက်သေးဘူး မှာထားပါတယ်"

"ရောက်ရင် ပြောပေးနော် မမေကလည်း လိုချင်နေတာ..."

"ဟုတ်ကဲ့ပါ..."

စည်သူက တကယ့်ကို ပစ္စည်းရောင်းနေကျ လူတစ်ယောက်လို လိုက်လိုက်လဲ့လဲ့ ပျူပျူငှာငှာရှိလွန်းနေသည်။ သို့သော် မရွှေမဥ္ဇူသက နှုတ်ပန်းကလည်း သူသိချင်ပား သူမေးပြီး စကားဆက်မပြောတော့။ ခဏနေကျတော့ သူမသူငယ်ချင်းနှင်ယောက် ထပ်ရောက်လာကာ စကားတွေ ပေါင်ဖွဲ့နေကြတော့၏။

စစ်နေတစ်ယောက်တော့ ပြန်လာခဲ့သည်အထိ မဥ္ဇူသက ဆိုသော မိန်းကလေးကို နောက်တစ်ကြိမ် ထပ်မကြည့်ဖြစ်တော့။ အပြန်လမ်းမှာ တော့ စည်သူက မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်လိုမြင်လဲ"

"ဘာကိုလဲ"

"အဲဒီ မဋ္ဌူသကကို..."

"သာမန်ပါပဲ ဘာလို့လဲ..."

"သူ့ရုပ်က ကျိန်စာသင့်ထားတဲ့လူ ဒါမှမဟုတ် သိုက်ကလာတဲ့ ဥစ္စာစောင့်ဝင်စားတဲ့သူနဲ့ တူလား..."

စည်သူ့အမေးကိုက အဓိပ္ပာယ်မရှိ။ ရုပ်ရည်ရူပကာဆိုတာ ဒါတွေကိုဖော်ပြနိုင်တဲ့ အရာတဲ့လား။ ပုံပြင်တွေထဲကလို သိုက်ကလာတာမို့ ဥစ္စာစောင့်နီးနီး လုပနေရင် တစ်မျိုးပေါ့။

"ပေါက်ပေါက်ရှာရှာတွေ မမေးနဲ့ စည်သူ"

"ဒါဆို အတည်ပဲမေးမယ်"

"ဘာလဲ..."

"သူ့ကိုမြင်တော့ မင်း ဘယ်လိုခံစားရလဲ..."

စစ်နေ ပခုံးတစ်ချက်တွန့်မိရင်း မေးခွန်းနှင့် တုံ့ပြန်မိ၏။

"မင်းတို့ကကော..."

"ငါကတော့ ထူးခြားသလို ရှိတယ်လို့ပဲ သာမန်ခံစားရတယ်"

စစ်နေ မျက်ခုံးနှစ်ဖက်ကို ကျုံ့ပစ်လိုက်ရင်းက...

"ငါကတော့ ကျောထဲစိမ့်သွားသလို ခံစားရတယ်..."

ဟု အမှန်အတိုင်းဝန်ခံလိုက်သည်။ ဟုတ်သည်လေ...။ ဒီလောက် ဒဏ္ဍာရီဆန်သော ယုံတမ်းပုံပြင်တချို့နှင့် နာမည်ကြီးနေသော မဋ္ဌူသက အကြောင်းကို စသိသည်မှစ၍ ခုချိန်ထိ တိုက်ဆိုင်မှုတွေက တစ်မျိုးကြီး ဖြစ်နေရသည်။





"ဒါပဲလား"

"ဒါပဲ..."

"တော်သေးတာပေါ့..."

"ဘာတော်တာလဲ..."

"ငါတို့အားလုံး သေနေ့မစေ့ဘူးဆိုတာ သေချာသွားတာပေါ့..."

ရယ်စရာဟု ပြောလျှင် ရသော်လည်း နှစ်ယောက်သား မရယ်ဖြစ်ကြ။ ခြံရှေ့တည့်တည့်မှာ ခြံတံခါးကိုဖွင့်နေသော မြနန္ဒီကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

"ဟာ... မမ ဒီကိုလာတာလား"

"ဟင့်အင်း ပြန်ဖို့ ခုပဲ ထွက်လာတာ..."

သူမက တံခါးပိတ်နေခြင်းဖြစ်သည်။ ဒါကို သူတို့က ဖွင့်နေသည်ဟု ထင်မိတာ ဖြစ်၏။

"ကျောင်းပိတ်လား မမ..."

"အင်း... ဒီနေ့ လပြည့်နေ့လေ..."

"ဪ အထဲပြန်ဝင်ပါဦးလား မမ..."

စည်သူက ကြားထဲက အားနာကာ ပြန်ဖိတ်ခေါ်မိ၏။

"ဘာလဲ... မုန့်ပါလာလို့လား..."

မြနန္ဒီက နောက်သလိုမေးသည်။

"မုန့်တော့ မပါဘူးပေါ့... စကားပြောရအောင်ပါ"

ခုမှ စစ်နေ အသံထွက်လာသည်။

"နေက ခုမှပြန်လာတာ ပင်ပန်းနေမှာပေါ့..."

"အာ... ရတယ်... လာ မမ..."



www.burmeseclassic.com

www.burmeseclassic.com



အထဲကို တမင်ပြန်ခေါ်လာလိုက်သည်။ ဒီမမကိုတော့ ကိုယ့်မှာရှိနေသောအစ်မများနည်းတူ သံယောဇဉ်ရှိမိတာတော့ အမှန်။ သူမ မျှော်လင့်သလို မေမေ့မျှော်မှန်းသလို၊ မဖြစ်နိုင်တာက လွဲလျှင်ပေါ့။

စကားတွေ ထွေရာလေးပါး ထိုင်ပြောဖြစ်ကြသည်။

ကျောင်းအကြောင်း၊ အလုပ်အကြောင်း၊ ဟိုအကြောင်း ဒီအကြောင်း စကားတွေက စပ်ရင်းစပ်ရင်း **မဉ္ဇူသက**ပါ ပါလာပြန်သည်။ ဒါကလည်း ဟိုကောင်စည်သူ မငယ်ဝင်လာတာကိုတွေ့တော့ ပုတီးကိစ္စ လှမ်းပြောရင်း ဖြစ်သည်။

"မငယ် မဉ္ဇူသက,က ပုတီးရောက်ပြီလား မေးတယ်"

မငယ်က လှမ်းလက်စခြေလှမ်းကို ရပ်လိုက်ရင်း တအံ့တသြမေး၏။

"ဟဲ့ ဘယ်မှာတွေ့တာလဲ..."

"လမ်းမှာ..."

"မတော်လို့ တမင်တွေ့လာတာလား"

"မဟုတ်ပါဘူး မရည်ရွယ်ပဲ မတော်တဆ တကယ်တွေ့တာပါ"

မငယ်က မယုံသလို မျက်နှာလေးမဲ့လိုက်ရင်း ပြောသည်။

"ဘယ်လိုတွေ့တွေ့ပါ စည်သူရာ... အရေးကြီးတာက ငါ့ပုတီးတွေ ရောင်းရဖို့... ဖုန်းဆက်ချင်ရင် ကဒ်ထဲကအတိုင်း ဆက်လိုက်၊ သန်ဘက်ခါ ရောက်မယ်၊ ဒီတစ်ခါ တခြား color တွေ ပါ, ပါမယ်လို့..."

"သူက အဖြူပဲ..."

"သိပါတယ် တခြားလူတွေကို သတင်းပေးလို့ရအောင် ပြောတာ..."

မငယ်ထွက်သွားတော့ မမမြနန္ဒီက မေးတော့သည်။

"နေ..."





"ဗျာ မမ..."

"အဲဒီ မဉ္ဇူသကဆိုတာ..."

မမမြနန္ဒီ၏အမေးက အဓိပ္ပာယ်များစွာ ပါဝင်နေနိုင်သော်လည်း သူမ မျက်နှာမှာကော့ စပ်စုလိုသော အရိပ်အယောင်၊ မနာလိုသော အရိပ်အယောင်များ မတွေ့ရပါ။

"မငယ်ရဲ့ customer..."

"စည်သူနဲ့ သိတာလား..."

စည်သူက ဝင်ဖြေတာမို့ စည်သူ့ဘက် လှည့်သွား၏။

"အင်; သိတယ်လည်းမဟုတ်ပါဘူး၊ ဒီလိုပဲ မငယ်ကို ကူရောင်းပေးရင်း သိတာ..."

"သြော်..."

"ဘာလို့မေးတာလဲဟင် မမ..."

စစ်နေ့ တမင်ပင် မေးပစ်လိုက်၏။ ထိုအခါကျမှ မြနန္ဒီ၏ သက်ပြင်းနုနုလေးကို အသာချကာ ဆို၏။

"သြော် မမသိတဲ့ မဉ္ဇူသကများ ဖြစ်နေမလားလို့ပါ..."

စည်သူကော စစ်နေပါ စိတ်ဝင်စားသွားရသည်။

"အဲဒီနာမည်က ရှားပါတယ် မမရဲ့... မမက မဉ္ဇူသကနဲ့ ဘယ်လိုသိတာလဲ"

"မမသိတဲ့ မဉ္ဇူသက,က မမရဲ့ညီမတစ်ဝမ်းကွဲတော်တယ်..."

"ဗျာ..."

"ဟာ... တကယ်..."

နှစ်ယောက်သား တအံ့တသြဖြစ်သွားကြသည်။ တစ်ယောက်မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ယောက် ယောကျ်ားကြီးတွေတန်မဲ့နှင့် မမြင်ဖူးသလိုလည်း စက္ကန့် အတော်ကြာ ကြည့်နေမိကြသေးသည်။

"သူက အဖြူရောင်ပဲဝတ်တယ်လေ..."

"ဟုတ်တယ် မမ..."

စစ်နေက ဝင်ထောက်ခံ၏။ စည်သူက စောစောက သူမြင်ခဲ့သော ကားအဖြူလေး၏နံပါတ်ကို ပြောပြသည်။

"သိပ်ဟုတ်တာပေါ့..."

"ဒါဆို..."

"ဘာ ဒါဆိုလဲ... နေ..."

မြနန္ဒီက စစ်နေမျက်ဝန်းကို သေချာစူးစိုက်ကြည့်ကာ မေး၏။ စစ်နေက မျက်ဝန်းများကို အသာလွှဲဖယ်လိုက်ရင်း...

"သူ့ကြောင့် လူတွေသေတယ်ဆိုတာ တကယ်ပဲလား မမ"

မမမြနန္ဒီက တစ်ချက်ပြုံး၏။ ပြီး... အသာခေါင်းခါယမ်း၏။ နှစ်ယောက်သား အဖြေတစ်ခုကိုတွေ့ရသည့်နှယ် ဝမ်းသာမည်ကြံကာ ရှိသေး မြနန္ဒီက ပြောသည်။

"မပြောတတ်ပါဘူးကွယ်... ခုထိတော့ ဒီလိုတွေ ဖြစ်နေခဲ့တာပဲ"

သူတို့ ကိုယ့်နှမ့ဖူးကိုယ် စိတ်ထဲမှာ ပစ်ရိုက်လိုက်မိကြသည်။

❖





ထိုနေ့က ညစာစားရင်း မြနန္ဒီက သူတို့ကို ဇာတ်လမ်းတစ်ပုဒ် ပြောပြသည်။ ထိုဇာတ်လမ်းသည် ဖန်တီးလုပ်ကြံထားသော ပုံပြင်၊ ဒဏ္ဍာရီ တွေ မဟုတ်သည့်တိုင် ထူးခြားကာ စိတ်ဝင်စားစရာ ကောင်းသည်ကတော့ အမှန်။

"အဲဒီကောင်လေးနာမည်က ဗမာလိုမရှိဘူး၊ သူ့ကို သူ့မိဘတွေက ကော ပတ်ဝန်းကျင်ကပါ Handsome လို့ ခေါ်ကြတယ်၊ နာမည်နဲ့လည်း အတော်လိုက်တဲ့ ကောင်လေးပါ... နေ့လိုပေါ့..."

မမမြနန္ဒီက အရေးထဲ နေ့လိုပေါ့ဟု ပြောနေသေးသဖြင့် နေ ကျောထဲ စိမ့်ချင်ချင် ဖြစ်သွားရသေးသည်။

"Handsome နဲ့ ရူရူ တွေ့ကြတာကလည်း ထူးခြားတယ်"

"ဘာလဲ မဥ္စူသကကို ရူရူလို့ ခေါ်တာလား..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မောင်နှမသားချင်းတွေနဲ့ ရင်းနှီးတဲ့သူ တော်တော်များများက ဇူဇူလို့ ခေါ်ကြတယ်..."

"ဪ..."

"ဇူဇူက စွန်လွှတ်တာ ဝါသနာပါတယ်၊ ညနေဆို သူတို့အိမ်ခေါင်မိုးပေါ်ကနေ စွန့်လွှတ်လေ့ရှိတယ်၊ သူ့စွန်တွေကတော့ ထုံးစံအတိုင်း အဖြူရောင်ပေါ့..."

အားလုံးက ခေါင်းတညိတ်ညိတ် နားထောင်နေကြသည်။ မြနဒီက ရေနွေးကြမ်းခွက်ကို လှမ်းယူရင်း တစ်ငုံသောက်ပြီးမှ စကားကိုဆက်၏။

"တစ်ရက်မှာတော့ သူ့စွန်အဖြူလေးကို စွန်အနက်ရောင်တစ်စင်းက လာဖြတ်သွားတာ ခံလိုက်ရတယ်..."

"အင်း..."

"ဒါပေမယ့် ဒီကိစ္စက တစ်ပတ်လောက်ဆက်ဘိုက်၊ တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်းမဟုတ် ဖြစ်လာတော့ ဇူဇူက တော်တော်ဒေါသထွက်နေပြီ၊ သူမို့ ကောင်းကင်ပေါ် စွန်တင်လိုက်တာနဲ့ တမင်စောင့်ဖြတ်နေသလို ဖြစ်နေပြီကိုး..."

"သူက မရှောင်ဘူးလား..."

စင်ဒနက မေးမိ၏။ တကယ်တော့ မေးသာမေးရသည်။ စစ်နေဘဝမှာက စွန်ကို တစ်ခါမှမလွှတ်ဖူးခဲ့။ ဘယ်လိုလွှတ်ရမှန်းပင် မသိ။

"ရှောင်တယ်... ပြန်တိုက်ဖို့ ကြိုးစားတယ်... မအောင်မြင်ဘူး"

"ပြန်တိုက်တယ် ဟုတ်လား..."

"ဟုတ်တယ် အဲဒီစွန်ကို ပြန်ဖြတ်ဖို့ ကြိုးစားတာလေ၊ မရပါဘူး"

"ဒီတော့..."





"ဒီတော့ ဇူဇူက သူ့အိမ်မှာ ကားမောင်းတဲ့ ဦးလေးကြီးကို အဲဒီစွန် ဘယ်ကလာလဲ လိုက်ကြည့်ခိုင်းတယ်..."

"တွေ့လား..."

"တွေ့တယ်..."

"တွေ့တော့ သူက လိုက်သွားရောလား..."

"မလိုက်သွားပါဘူး၊ အဲဒီလူကို ဘယ်သူဘယ်ဝါလဲ မမေးဘူး၊ အဲဒီစွန်အမည်းရောင်ပိုင်ရှင် သွားဝယ်တတ်တဲ့ စွန်ကြိုးဆိုင်ကို ရှာခိုင်းတယ်"

"လိုက်ဝယ်ဖို့လား"

"အင်း... ဒါပေမယ့် လိုက်ဝယ်လို့မရဘူး၊ မှန်စာကြိုးဆိုတာ ကိုယ့်ဘာသာကိုယ် မှန်တိုက်ယူရတာလို့ အဲဒီဦးလေးကြီးက ပြောပြပြီး ဦးလေးကြီးကိုယ်တိုင် မှန်တိုက်ပေးတယ်"

တကယ်တော့ စွန်နှင့် အလှမ်းဝေးသူများပီပီ မြနဒီပြောသော မှန်စာကြိုးတွေ၊ မှန်တိုက်တာတွေကို ကြားဖူးနားဝပဲရှိပြီး သိပ်မသိချေ။ ဒါတွေသိဖို့ကလည်း အရေးမှမကြီးပဲ။ ခု သိရမှာက... မဥ္ဇူသကရဲ့ဇာတ်ကြောင်းပဲမဟုတ်လား။

"မှန်တိုက်ပေးတော့..."

"မှန်စာကြိုးက အရမ်းကောင်းသွားပြီ၊ စွန်အနက်ရောင်ကို ဇူဇူက သုံးရက်ဆက် နိုင်လိုက်တယ်ဆိုပါတော့၊ အဲဒီကတည်းက စွန်အနက်ရောင် ဘက်လာ... မတွေ့ရတော့ဘူး..."

"ဟင်... ဒါပဲလား... မတွေ့သေးဘူးလား"

စည်သူက. မဆုံးသေးသောဇာတ်ကို စိတ်ရှည်ရှည်မစောင့်ပဲ ဖြတ်မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့မှ တွေ့မှာလေ စည်သူရဲ့..."

"သြော်သြော်..."

"နောက်မှ စွန်အနက်ရောင်အထပ်လိုက်ကြီးကို ချောင်းရေထဲ ပစ်ချနေတဲ့ ကားတစ်စင်းနဲ့ ကောင်လေးတစ်ယောက်ကို ဇူဇူက တွေ့တာ..."

"သြော်... တွေ့ပြီ... တွေ့ပြီ..."

"ဒီတော့မှ ဇူဇူက မနေနိုင်ပဲ ဆင်းမေးတယ်လေ၊ ဘာလုပ်နေတာလဲပေါ့၊ အဲဒီမှာ Handsome က သူ့စွန်လေးတွေ အဖြတ်ခံရတာ (၃) ရက်ရှိပြီ။ ဒါကြောင့် စိတ်ပျက်ပြီး စွန်လေးတွေအဖြတ်မခံရအောင် စွန်မလွှတ်တော့တာ၊ စွန်တွေကို လာစွန့်ပစ်တာလို့ ပြောတယ်တဲ့..."

"ဖြစ်ရလေ... သူကျတော့ သူများစွန်ကို ဖြတ်ပြီးတော့..."

"အင်း၊လေ... ဇူဇူကလည်း မင်းလိုပဲတွေးတာပေါ့၊ ရှင် သူများစွန်ကို ဖြတ်ခဲ့တုန်းက သူများတွေ အဲလို ခံစားရမှာပဲလို့ မတွေးမိဘူးလားဆိုတော့ Handsome က ပြန်ဖြေတယ်၊ ကျွန်တော်က တစ်ယောက်တည်းရဲ့စွန်တွေကို ဖြတ်တာမဟုတ်ဘူးတဲ့၊ တွေ့တဲ့စွန် ဖြတ်တာလို့ ပြောတယ်တဲ့"

"အဲဒီတော့..."

"အဲဒီတော့ ဇူဇူက ငြင်းတာပေါ့၊ အဲဒီစွန်အဖြူရောင်အားလုံး ပုံပဲကွဲတယ်၊ ကျွန်မစွန်တွေချည်းပဲလို့ ပြောလိုက်တယ်၊ ဒီတော့မှ... Handsome လည်း တအံ့တသြနဲ့ သူ့စွန်တွေကို ပြန်ဖြတ်တာ ဇူဇူမှန်း သိလိုက်ရပြီး သူတို့ အဆင်ပြေသွားကြတာပဲ..."

မြနန္ဒီက လက်ဖက်ရည်ကြမ်းကို နှစ်သက်စွာသောက်တတ်သောမိန်းကလေးဖြစ်တာ စစ်နေသိထားသည်။ ခုပဲကြည့် .. ရေနွေးကို ဘယ်နှစ်ခွက်မှန်းမသိ သောက်နေပြန်သည်။





"အဆင်ပြေတယ်ဆိုတာက..."

စစ်နေက သိချင်ဇောကြီးနေ၍ ဝင်မေးမိတော့ မြနန္ဒီက အဓိပ္ပာယ်ပါစွာ ပြုံး၏။

"အဆင်ပြေတယ်ဆိုတာ ခင်သွားကြတာ၊ စွန်အတူလွှတ်ကြတယ် စွန်မဖြတ်ကြတော့ဘူး"

"ဒါပဲလား..."

"ဒီလောက်ဆို ဘာအရေးလဲ..."

ဘယ်လောက်မို့ အရေးဖြစ်ခဲ့တာလဲဟု စစ်နေ တွေးရင်းက ဘာလို့သူ ဒီအကြောင်းတွေ ဒီလောက်သိချင်နေရတာလဲ... ဟု ကိုယ့်ကိုယ်ကို ပြန်မေးကြည့်တော့ အဖြေက ထွက်မလာ။ အင်းလေ... စည်သူလည်း သိချင်နေတာပဲ... ဟု ဖြေတွေး တွေးပစ်လိုက်ရသည်။

"Handsome က တဖြည်းဖြည်းနဲ့ ဇူဇူ့ကို သံယောဇဉ်တွယ်လာတယ် ဒါပေမယ့်..."

"ဒါပေမယ့်... ဘာဖြစ်လဲ..."

"အဲဒီမှာ ထူးခြားမှုတစ်ခု ရှိသေးတယ်..."

"ဘာလဲ..."

"Handsome က ဇူဇူ့လောက် crazy ကြီးမဟုတ်တဲ့တိုင် ပစ္စည်း၊ အဝတ်အစားတော်တော်များများကို အနက်ရောင်၊ နက်ပြာရောင်တွေ သုံးတတ်တာပဲ၊ ဒါကို ဇူဇူကလည်း အစက သတိမထားမိဘူး၊ နောက်... သူ့ကို Propose လုပ်လာ၊ သူကလည်း ပြန်မကြိုက်နိုင်တာ သိတော့မှ သတိထားမိတာ..."

"ဖြစ်ရတယ်..."



www.burmeseclassic.com

www.burmeseclassic.com



စည်သူက ရယ်ကျဲကျဲနှင့် မှတ်ချက်ချ၏။ ဒီလောက်ဖြူဖွေးနေသူ တစ်ယောက်နဲ့ ဒီလောက်မည်းနေသူတစ်ယောက် ဘာလို့များ နောက်မှ တစ်ယောက်ကို တစ်ယောက် ဘာမှန်းသိကြရတာလဲ… ဟု တွေးမိတာ မဆန်း။

"အဲဒါ ဘာဆိုင်လဲ မမရယ်…"

"မဆိုင်ပါဘူး ဆန်းတာကို ပြောတာပါ…"

"မဆန်းပါဘူး…"

စစ်နေက အတင်းကြီး ငြင်းနေ၍ မြနဒီက ရယ်ရင်း အလျှော့ပေး၏။

"အင်း… အင်း… ဟုတ်တယ်၊ မဆန်းပါဘူး အရောင်ဆိုတာ ခွဲလန်းမှုသက်သက်ပဲဟာ…"

"အင်းလေ ဟုတ်တာပဲ…"

"အဲဒီမှာ ရှုရှုက ငြင်းလိုက်တော့ Handsome က ရောဂါတက်တော့ တာပဲ"

"ဒါက ထုံးစံပဲဟာ…"

စည်သူက အ.ယ်တစ်ဝက်နှင့် ဝင်ပြောသော်လည်း ဘယ်သူမှ မရယ်ကြ။ စစ်နေကတော့ Handsome ဘာဖြစ်မည်ဆိုတာကို သိသိကြီးနှင့် စိတ်စောနေမိသည်။

"အဲဒီတော့ ဆက်ပါဦး မမရဲ့"

"အင်းပါ- Handsome က ရှုရှု ဘယ်လိုငြင်းငြင်း၊ ရှုရှုလက်ခံနိုင်တဲ့နေ့အထိ စောင့်ပါ့မယ်လို့ ပြောတယ်၊ ခက်တာက ရှုရှုမှာကလည်း ချစ်သူမရှိသေးတော့ စောင့်စရာမလိုဘူး ပို့ကလည်း ပြောလို့မရဘူး၊ ရှုရှု ချစ်တဲ့သူ တွေ့တဲ့နေ့ကျရင် သူ နောက်ဆုတ်ပါမယ်ပြောတာကိုး၊ ဒါပေမယ့်





တစ်နေ့မှာ သူ ဗွန်ပြန်လွှတ်တယ်၊ ဗွန်မလွှတ်တာ အတော်ကြာပြီး တစ်နေ့မှာ ပြန်လွှတ်တာ…"

"ပြန်လွှတ်တော့…"

"ဗွန်လွှတ်ရင်း ခေါင်မိုးပေါ်က ချော်ကျတာ…"

"ဟာ…"

ဇာတ်သိမ်းကို သိသိကြီးနှင့် မြင်လိုက်ရသလို ဖြစ်သွားရတော့လည်း ခံနိုင်ရည် မရှိကြ။

"သူချော်ကျတာက အောက်က ခေါင်မိုးတစ်ဆင့်ပေါ်ပဲ၊ သိပ်မမြင့်ပါဘူး၊ ဒါပေမယ့် ဘာဖြစ်သွားတယ် မသိဘူး ဆေးရုံမှာ မြောနေတာနဲ့တင် လနဲ့ချီသေးတယ်၊ ပြီးမှ ဆုံးသွားတာ…"

"ဖြစ်မှ ဖြစ်ရလေ…"

စစ်နေက ယူကျုံးမရစွာပြော၏။ သူတို့တောင် ကားကြီးတစ်စီး လုံးဝင်လာပါလျက် ရှောင်နိုင်ခဲ့၍ မသေခဲ့ကြ။ ဒါက သေနေ့မှ မစေ့သေးတာကိုး… ဟု ပြောလို့ရသည်။ ဒါဆို Handsome က သေနေ့စေ့ခဲ့တာလား။

"Handsome ဆုံးတော့ မဠူသက ဘယ်လိုနေလဲ…"

"စိတ်မကောင်းဖြစ်တာ တစ်လနှစ်လလောက် ရှုရှုလည်း ခွေကျသွားတာပဲ၊ မချစ်တာ မချစ်တာပဲလေ ခင်ခဲ့ကြတာကိုး၊ ပြီးတော့ အဲဒီကာလက Handsome ဆုံးတာကို ဘယ်သူကမှ မပြောကြသေးဘူး၊ ပထမဆုံးတစ်ယောက်ကိုး . . နောက်… တစ်ယောက်ပြီး တစ်ယောက်ဖြစ်လာမှ သူ့ကိုယ်သူ သံသယဝင်လာတာ၊ သူ့မိဘတွေကလည်း သတိထားမိလာတယ်၊ ပတ်ဝန်းကျင်ကလည်း တအားပြောလာကြပြီလေ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ဇူဇူက Handsome ကို တော်တော်သံယောဇဉ်ရှိခဲ့တာ၊ ဝဏ္ဏဆိုတဲ့ နိုင်ငံခြားသားလေး ပြီးရင်ပေါ့…"

စည်သူနှင့် စစ်နေ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။ ဝဏ္ဏဆိုသော နိုင်ငံခြားသားလေးတဲ့…။ Handsome ဆိုသော မြန်မာနာမည်မရှိတဲ့ ကောင်လေး…တဲ့။ ဟုတ်တော့နေပါပြီ…။ ပြီးရင် အချိန်ဆိုသော ကုလားလေးတို့၊ အီဗရာဟင်ဆိုသော တရုတ်လေးတို့ပါ ပါလာမလား မပြောတတ်။ သေချာတာကတော့ ဒီကောင်မလေးကို ချစ်သူတွေ လက်တစ်ဖက်စာမက ရှိခဲ့ကြသည်။ မညာတမ်းပြောရလျှင် ကိုယ့်အန္တရာယ်ကိုယ်မသိပဲ မဋ္ဌူသကနတ်ပန်းကို ချူချင်ခဲ့၍ ဒုက္ခရောက်ခဲ့ရသူတွေ များခဲ့သည်ပေါ့။ ဒီထဲကမှ ထူးခြားစွာ သူမဘက်က ပြန်သံယောဇဉ်ရှိခဲ့သူတွေ မရှိနိုင်ဘူးတဲ့လား။ Handsome တို့ ဝဏ္ဏတို့ထက် သာလွန်သော သံယောဇဉ်မျိုးနှင့်လေ…။

ဒီကောင်မလေးဟာ အဲဒီ သံယောဇဉ်ကြီးကြီးမားမားကို ဘယ်လိုလူနှင့်ကျမှ ပေးဆပ်ဖို့ ချန်လှပ်ထားတာလဲ။ ဒါမှမဟုတ် ဘယ်လိုလူကမှ သေကာမရောက် သက်မပျောက်ပဲ ဒီနတ်ပန်းမဋ္ဌူလေးကို ခူးဆွတ်ခွင့်ရမှာတဲ့လဲ…။ စစ်နေ သိချင်နေမိတော့သည်။

❖





ရက်အနည်းငယ်ခန့်ပျောက်ဆုံးနေသော မင်းသွင် သူတို့ရှေ့ကို ပျာယီးပျာယာနှင့် ရောက်လာသည်။

"ဟေ့ကောင် ငနေ… စည်သူ…"

"ရှိတယ် ဖြည်းဖြည်းပြော…"

"ဖြည်းလို့မရဘူး ကျောင်းက မနက်ဖြန်ဖွင့်မှာ…"

စည်သူနှင့် စစ်နေ အူကြောင်ကြောင်ဖြစ်သွားကြသည်။

"ဘာကျောင်းလဲ…"

"ကျွတ် UFL လေ…"

"ဟာ… ဟုတ်သားပဲ…"

ထိုအခါမှ စည်သူနှင့် နှစ်ယောက်သား သူ့နဖူး ကိုယ်ရိုက်၊ ကိုယ့်နဖူး သူရိုက်နှင့် ရိုက်လိုက်မိကြသည်။ သူတို့ accident မဖြစ်ခင်က



www.burmeseclassic.com

www.burmeseclassic.com



ဝင်ခွင့်စာမေးပွဲ ဖြေထားကြခြင်း ဖြစ်သည်။

"ငါတို့အောင်လား… အောင်စာရင်းက ဘယ်တုန်းကထွက်တာလဲ"

"အောင်စာရင်းထွက်တာ တစ်ပတ်ရှိတော့မယ်၊ အောင်လို့ လာပြောတာပေါ့ကွ၊ မအောင်ရင် နှပ်နေရုံပဲ၊ ခုတော့ entrance ကအောင်တော့ တက်ရဦးမယ်…"

မင်းသွင်က ခုမှ စိတ်မဝင်စားတော့သလို ပြော၏။ ဖြေရအောင်ဆိုတုန်းကလည်း သူပင်…။ မေးခွန်းဟောင်းရှာ၊ စာသင်ခိုင်း၊ စာလုပ်နှင့် အင်တိုက်အားတိုက်…။ ခုကျတော့ အောင်ပြီဆိုတော့ ပဲများနေတာလား မသိ…။ စိငံမပါလက်မပါပုံနှင့်…။

"မင်း မတက်ချင်မတက်နဲ့လေ၊ ငါနဲ့စည်သူ တက်မယ်…"

စစ်နေက ထိုသို့ပြောတော့လည်း မင်းသွင်က ခေါင်းခါ၏။

"ငါ့လောက်မှ အဖြစ်မရှိတဲ့ကောင်တွေ Diploma တစ်ခု ပိုရသွားမှာတော့လည်း မလိုလားဘူး၊ မင်းတို့တက်မှတော့ ငါလည်း တက်ရမှာပေါ့"

"သေလိုက်…"

"ဘဝင်ကောင်…"

သူတို့ဖြေထားကြတာက တစ်ယောက်တစ်ဘာသာစီ။ မင်းသွင်က တရုတ်စာ၊ စည်သူက ဂျာမန်၊ စစ်နေက ပြင်သစ် ဖြစ်၏။ သုံးယောက်လုံး အောင်သွားတာကတော့ တိုက်ဆိုင်ခြင်းဖြစ်သည်။

ထုံးစံအတိုင်း သူတို့ လူငယ်ပီသစွာ ပထမဆုံး ရက်… အလအယက် ကျောင်းတက်ဖို့ ကြိုးစားကြတော့သည်။ မနက်စောစောထဖို့ နှိုးခိုင်းရ၊ ပြင်ရဆင်ရနှင့် သူများတော့မသိ။ စစ်နေတို့အိမ်မှာတော့ တော်တော်အလုပ်ရှုပ်သွားကြသည်။ သူ့ကိုနှိုးသူက နှိုး၊ ကော်ဖီဖျော်ကာ မနက်စာပြင်ပေးသူက





ပြင်ပေး၊ တံခါးလိုက်ဖွင့်ပေးသူက ဖွင့်ပေးနှင့် တစ်အိမ်လုံး စိတ်ဝင်တစားနှင့် ရှုပ်ကုန်ကြတာကတော့ အမှန်။

လေးနှစ်လောက်ဆက်တိုက် ဒီလိုစောစောထကာ ကျောင်းတက်ဖို့ဆိုတာ တွေးကြည့်လျှင် အတော်ရင်လေးစရာကောင်းသည်။ တွေးကြည့်ရုံနှင့်တင် give up လုပ်ချင်စိတ် ပေါက်လာရသည်။ မခံချင်စိတ်ကလေးနှင့် ကြိုးစားကြည့်ချင်စိတ်ကလေး ရှိနေသေး၍သာ တော်တော့၏။

ကျောင်းရောက်တော့ မင်းသွင်တို့ စည်သူတို့ကို မရှာအားသေး။ ကိုယ့်အခန်းကိုယ် အရင်ရှာရသည်။ မင်းသွင်တို့အခန်းတွေက ဘယ်မှာမှန်းမသိသော်လည်း သူ့အခန်းကတော့ Hall 1။ သူ့ဟိုဘက်က Hall 2 က ဂျပန်တန်း…။

သူ ခပ်တည်တည်နှင့် အတန်းထဲဝင်ထိုင်နေတုန်း စည်သူရောက်လာ၏။

"ငါ့အခန်းက ဘယ်မှာလဲ… OB-6 တဲ့…"

"ဘယ်သိမှာလဲ…"

"OB တွေက ဟိုနောက်ဘက်မှာ"

စစ်နေနောက်က ကျောင်းသားတစ်ယောက်က ဝင်ဖြေပေးသည်။ ထိုအခါကျမှ စည်သူလည်း အတန်းပြီးရင် ကင်တင်းမှာ ဆုံမယ်… ဟု ချိန်းပြီး ထွက်သွားတော့၏။ မင်းသွင်ကတော့ ရောက်မလာ။

သူတို့အတန်းကို ပထမဆုံးဝင်လာသူ ဆရာမက သိပ်မကြီးသေးလေ ဆယ်ပင် ရှိပါဦးမလား မပြောတတ်။ ခက်တာက ဝင်လာကတည်းက ပြင်သစ်လိုချည်း ပြောတော့ကာ တစ်ခွန်းမှ နားလည်တာမပါ။ ဆရာမကတော့ ကြိုးစားရင်း ခြေဟန်လက်ဟန်နှင့်ပါ ပြော၏။ နားမလည်နိုင်သေး။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မှာ စစ်နေ နားလည်လာတာ တစ်ခုပဲရှိသည်။ အင်္ဂလိပ်အက္ခရာများနှင့် တူသော်လည်း အသံထွက်ကွဲနေသော ပြင်သစ်အက္ခရာများ ဖြစ်သည်။ အာ–ဘေ–စေ–ဒေ... ဆိုလား။

"ဒီမှာ..."

အတန်းပြီး၍ လှည့်ထွက်ရန်ပြင်ဆဲ ခေါ်သံကြောင့် လှည့်ကြည့်မိတော့... မြတ်စွာဘုရား... မဥ္ဇူသက...။

"ရှင် ဒီအတန်းကလား"

"ဟုတ်တယ်"

"ဒီနေ့ ဘာသင်လဲ..."

စစ်နေ မျက်မှောင်ကြုတ်သွားရသည်။

"ဒါ... ပြင်သစ်စာ ပထမနှစ်နော်..."

"ဟုတ်ပါတယ်... ကျွန်မလည်း ပြင်သစ် ပထမနှစ်တက်ရမှာပါ၊ ဒီနေ့ မိန်းကလေးပီသစွာ အိပ်ရာထနောက်ကျလို့..."

ပြောပြီး မလုံမလဲပြုံးလိုက်သေးသည်။ သူမအပြုံးက လျှို့ဝှက်လွန်းသလို ခံစားရ၏။ စစ်နေ ဒီနေ့ သူသိခဲ့သောစာလုံးများကို ပြလိုက်သည်။

"ဒါ... အေ–ဘီ–စီ–ဒီ ပဲ..."

"မဟုတ်ဘူး အသံထွက်ကွဲတယ်"

"ဟုတ်လား ပြန်ထွက်ပြပါဦး"

အရေးထဲ သူ့ကို ပြန်ပြီး စာသင်ပေးနေရ၍ ကိုယ့်ကိုယ်ကို ရယ်ချင်နေမိသည်။ အရှုံးက တစ်မူးသာပြနေတယ်ပဲ ပြောမလား။ အနူတော လူချောလုပ်တယ်ပဲ ပြောရမလား။ ဘယ်စကားပုံနှင့် ထိုက်မှန်းပင် မပြောတတ်တော့။





"ကျေးဇူးပဲ သီလား... ကျွန်မနာမည် ဇူဇူဝဲ၊ ရှင်ကကော..."

သူမက သူမနာမည်အတိအကျကို မပြောပြပါ။

"ကျွန်တော်က စစ်နေ..."

"နောက်နေ့မှ တွေ့မယ်နော်၊ သွားဦးမယ် တာ့တာ..."

ပြောပြီး လှစ်ကနဲ ထွက်သွားသော အဖြူရောင်ရိပ်ကလေးကို ကြည့်ကာ စစ်နေရင်ထဲ ဟာကနဲဖြစ်သွားရတာကို သိလိုက်ရသည်။ ဘာလို့ အဲလိုဖြစ်ရတာလဲ... ဟု ကိုယ့်ကိုယ်ကို မကျေနပ်ချင်။ ဒီတစ်ခါတော့ ရှိစေတော့...။ နောက်အခါတွေတော့ မဖြစ်စေရ... ဟု ကိုယ့်ကိုယ်ကို ကတိတွေပေးနေမိပြန်သည်။

ကင်တင်းရောက်တော့ မင်းသွင်နှင့် စည်သူက ရောက်နေပြီ။

"နောက်ကျလိုက်တာ..."

"ဟုတ်တယ် တစ်ယောက်က စာအုပ်ငှားနေလို့..."

"စာသင်လို့လား..."

"သင်တယ်..."

မင်းသွင်ကတော့ ရယ်ကျဲကျဲနှင့် ထပ်မေး၏။

"စာအုပ်ငှားတာက မိန်းကလေးလား"

"မိန်းကလေး..."

"ဖြစ်ရမှာပေါ့ စစ်နေပဲဟာ..."

စည်သူက ခပ်ရွဲ့ရွဲ့ပြော၏။ စစ်နေကတော့ ပြုံးမိရင်း...

"ပိုတောင် အံ့သြစရာကောင်းသေးတယ်"

"ဘာလဲ... အဲဒီကောင်မလေးက အမြီးနဲ့လား"

"ဟင့်အင်း အဖြူရောင်နဲ့..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ..."

"ဘာ..."

နှစ်ကောင်သား အသံတွေကျယ်ထွက်လာ၍ ဘေးဝိုင်းများက လှည့်ကြည့်ကြ၏။

"တိုးတိုးအော်ပါကွ... ဒါ UFL၊ ရွာ မဟုတ်ဘူး..."

"အေး ရွာမဟုတ်မှန်းသိတယ်၊ ခုဟာက ရွာရောက်မှာ မင်းဖြစ်နေဦးမယ်..."

"ဘယ်ရွာလဲ"

"သေရွာ..."

စည်သူက အပြောင်အပျက်စကားကို ရပ်တည်နှင့် ပြော၏။ အယုံအကြည်မရှိ ဆိုသော မင်းသွင်ကတော့ လေသံကို ချက်ချင်းပြောင်းကာ ခုနက တအံ့တသြဖြစ်သွားတာ သူမပါသလိုနှင့် ပြောသည်။

"အဲလိုမပြောပါနဲ့ စည်သူရာ၊ ဒါတွေက Supernatural ကိစ္စတွေပါ၊ ဘာမှမယုံရင် ဘာမှမဖြစ်ဘူး..."

"ဘာမှမဖြစ်ဘူးဆိုတော့ အရင်လူတွေက ယုံခဲ့ကြလို့လား၊ သေမယ်ဆိုတာ ယုံယုံကြီးနဲ့ ရှေ့တိုးခဲ့ကြတာတဲ့လား"

စည်သူနှင့် မင်းသွင် စကားများကြဖို့ တာစူနေပြီ။ ဒါကြောင့် စစ်နေပဲ အချိန်မီ ပြန်တားရ၏။

"ကဲပါ... တော်ပါ ငါလည်း ဘာမှမဖြစ်ပါဘူး၊ လျှောက်ပြောမနေကြနဲ့၊ အသက်လမ်းကြောင်းကြီးကလည်း ဖြူးလို့၊ နှစ်ကြောင်းတောင် ဘာမှ မပူနဲ့၊ ငါနဲ့တွေ့ရင်တော့ သူ့ကျိန်စာတွေ နတ္ထိပဲလို့ မှတ်လိုက်..."

စစ်နေစကားကြောင့် မင်းသွင်က ရယ်နိုင်သော်လည်း စည်သူက





မျက်လုံးပြူးကြည့်၏။

"အဲလောက်ပြူးမထားနဲ့ မလှဘူး၊ နဂိုကမှ မလှရတဲ့ထဲ..."

မင်းသွင်က တမင်ကြည့်နေသော စည်သူ့မျက်လုံးများရှေ့ လက်နှင့် လှမ်းကာ ကာပြောသည်။ စည်သူကတော့ ခေါင်းကို မသက်မသာခါ၏။ ဘာအဓိပ္ပာယ်လဲတော့ မသိ။ သိလည်း မသိချင်။ ကိုယ့်လိုရင်းကို အရင်ပြောရ၏။

"သူက သူ့ကိုယ်သူ ဗုဒ္ဓလို့ပဲ မိတ်ဆက်တယ်"

"အင်း ဆိုပါဦး"

မင်းသွင်က စကားကိုထောက်ပေး၏။

"သူက ငါတို့အတန်းထဲကပဲ... ဒီနေ့ နောက်ကျလို့ စာလာမေးတာ"

"ဟင်... ပထမဆုံးနေ့တောင် အဲလောက် ဝီရိယကောင်းတယ်တဲ့လား... အံ့ရော..."

မင်းသွင်က ရက်ရက်စက်စက် ရှုံ့ချ၏။ ပြီးမှ စည်သူ့ဘက်လှည့်ကာ ပြောလိုက်သေးသည်။

"မင်းနဲ့များ တခြားစီနော်၊ မင်းဆို ကျောင်းကို ကျောင်းဆောင်မဖွင့်ခင်ကတည်းက ရောက်နေတာ မဟုတ်လား၊ ခွင်ရှာဖို့လေ..."တဲ့...

စည်သူက ခပ်အေးအေးပင် ပြန်ပြော၏။

"ကိုယ်နဲ့ နှိုင်း မရိုင်းတဲ့ စကားပုံတောင်ရှိသေး... မြွေမြွေချင်း ခြေမြင်တာ၊ ငါ မင်းကို အပြစ်မဆိုပါဘူး..."

စည်သူ့စကားကြောင့် မင်းသွင် နင်သွားရသည်။ အမှန်တကယ်က ကျောင်းကို အစောဆုံးရောက်ပြီး ပျောက်နေတာက သူမဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကို စစ်နေပင်မသိ...။ စည်သူကတော့ သိသည်။

စည်သူက စစ်နေဘက် ပြန်လှည့်လာ၏။

"စစ်နေ"

"ပြော..."

"မိတ်ဆွေသူငယ်ချင်းပေါင်း ပေါင်းတာက ကိစ္စမရှိပါဘူး"

"ဘာလဲဟ မင်းဟာက အစမရှိ အဆုံးမရှိ..."

ရိုးတိုးရိပ်တိတ် သိသလိုလို ရှိသော်လည်း စစ်နေက မသိချင်ယောင်ဆောင်ကာ ပြန်မေးလိုက်သည်။

"ငါ့ကို အယူသီးတယ်ပဲပြောပြော ငါကတော့ မှာစရာရှိတာ မှာရမှာပဲ"

"မှာလေ လက်ဖက်ရည်လား" ဟု မင်းသွင်က ဝင်နှောက်သော်လည်း စည်သူက ဂရုမစိုက်။

"မင်း အဲဒီကောင်မလေးကို မိတ်ဆွေလိုပေါင်းချင် ပေါင်းပါ၊ တစ်ဆင့်တော့ မတက်မိစေနဲ့..."

စည်သူ့စကားကြောင့် စစ်နေ ရယ်လိုက်မိသည်။

"စိတ်ချပါ စည်သူရာ၊ ငါ့နားမှာ သူ့ထက်လှတာတွေ ဝိုင်းနေတာ မင်းသိသားနဲ့..."

"မင်းသိဖို့က ပိုအရေးကြီးပါတယ်..."

စည်သူက အဓိပ္ပာယ်ပါသော စကားတစ်ခွန်းကိုသာ ဆို၏။ ထိုစကားက စစ်နေရင်ထဲ ပဲ့တင်ထပ်လျက် ကျန်ခဲ့တာကတော့ ထူးဆန်းမနေဘူးလား။

❖





နောက်နေ့ကျတော့ အဖြူရောင်မင်းသမီးလေးက အတန်းဝရောက်တာနှင့် တစ်ချက်ရပ်အကဲခတ်ကာ စစ်နေဆီသို့ တည့်တည့်မှာ လာထိုင်၏။

"မနေ့က အသံထွက်တွေ ပြန်ထွက်ပြပါလား၊ အိမ်ကျတော့ ရောကုန်လို့..."

အပြုံးလေးနှင့် ပြောလာသဖြင့် စစ်နေ ပြန်ရွတ်ပြရသေးသည်။

"ကျွန်တော်လည်း မှတ်မိသလောက် မှတ်မိသလို အသံထွက်ပြတာ၊ ဆရာမလာမှ အတည်ယူတော့..."

"ရပါတယ်..."

ဆရာမရောက်လာတော့ ထိုအက္ခရာများကို ပြန်သင်ပေးသည်။ တော်သေးတာပေါ့။ စစ်နေအသံထွက်ပြထားတာတွေက မလွဲ။ ထွေနေလို့က သိပ်တော့ ရှက်စရာမရှိပေမယ့် ကိုယ့်ကိုယ်ကို လုံမှာ မဟုတ်။ ဆရာမ



www.burmeseclassic.com

www.burmeseclassic.com



ပြောနေသော ပြင်သစ်စကားများကို သေချာလိုက်နားထောင်၊ သေချာလိုက်မှတ်ရသည်။ သေချာ... ဆိုသော်လည်း တိကျသောအဓိပ္ပာယ်တော့ မဟုတ်။ ထင်သလို မှန်းရခြင်းဖြစ်သည်။ တစ်ခါတစ်ခါ သူနှင့် ကိုယ် ဝိဝါဒတွေ ကွဲနေရသေးသည်။ ပျော်တော့ ပျော်စရာပင်။ ဘာသာစကား တစ်ခုကို အသစ်သင်ရသည် ဆိုတာက မလွယ်သော်လည်း စိတ်ဝင်စားစရာ အလွန်ကောင်းသောကိစ္စ ဖြစ်သည်။ မွေးကတည်းက ကိုယ်နှင့် မရင်းနှီးခဲ့သော၊ မသိခဲ့သော ဘာသာစကားတစ်ခုကို လေ့လာရခြင်း ဖြစ်သည့် အတွက် အနည်းနှင့် အများတော့ အခက်အခဲရှိမှာပင်။

အတန်းလွှတ်တော့ မဋ္ဌူသက က...

"ရှင် ကင်တင်းသွားမှာလား"

"အင်း"

"ရှုရှု ဘာမှမစားခဲ့ရလို့ လိုက်ခဲ့မယ်"

ဟု ဆိုကာ အိတ်ဆွဲပြီး လိုက်လာ၏။ နှစ်ယောက်ယှဉ်တွဲကာ ကင်တင်းထဲဝင်လာသော သူတို့နှစ်ယောက်ကို စည်သူနှင့် မင်းသွင်က သူတို့အတွေးနှင့် သူပဲ့ အံ့သြနေကြသည်။ အံ့သြပုံကတော့ သိပ်တူမှာ မဟုတ်။

မဋ္ဌူသက က သူတို့ကို အရင်ဦးအောင် နှုတ်ဆက်၏။

"ဟို... accessories ဆိုင်က မဟုတ်လား" တဲ့...

"ဟုတ်လည်း ဟုတ်တယ်၊ ဟုတ်လည်း မဟုတ်ဘူး"

"ဟင်... ဘာလို့လဲ..."

"ဟုတ်တယ်ဆိုတာက အဲဒီမှာ ရောင်းဖူးတယ်၊ မဟုတ်ဘူး ဆိုတာက ကျွန်တော်တို့ဆိုင် မဟုတ်ဘူး၊ ဒီကောင့်ဆိုင်..."





စည်သူ့စကားကြောင့် ဒီတစ်ခါ တအံ့တသြ ဖြစ်သွားရတာက မဋ္ဌူသက...

"သူ့ဆိုင်... အဲ ကိုစစ်နေဆိုင်... ဟုတ်လား"

"မဟုတ်ပါဘူး ကျွန်တော့်အစ်မဆိုင်"

"တူတူပေါ့..."

"မတူပါဘူး သပ်သပ်စီ..."

"အဲလောက်ကြီး မငြင်းပါနဲ့ဟာ၊ သူက မင်းကို ဈေးလျှော့ခိုင်းမှာမှ မဟုတ်တာ၊ Discount တောင်းရုံပါ..."

မင်းသွင်၏ နောက်တောက်တောက်စကားကို သူမက ရယ်ရင်း ထောက်ခံ၏။

"ဟုတ်သားပဲ"

စည်သူကတော့ သူ သယ်ဆောင်လာခဲ့သော မဋ္ဌူသက ဆိုသည့် မိန်းကလေး သူ့ရှေ့တည့်တည့် ရောက်လာတာကို စိတ်မဝင်စားသလို လုပ်နေသည်။ တလောက လမ်းမှာ မဋ္ဌူသကနှင့် တွေ့ပြီး ပုတီးကိစ္စပြောခဲ့သလိုတောင် အားတက်သရောမရှိတော့။ ခုချိန်မှာ သွက်လက်နေတာက မင်းသွင်...။

"ဘာစားမလဲ နေ... မင်းကော ဘာမှာမလဲ..."

"ငါက ထုံးစံအတိုင်း ရှမ်းခေါက်ဆွဲနဲ့ လက်ဖက်ရည်... ရှုရှုကော..."

"ရှုရှုက ရှမ်းခေါက်ဆွဲနဲ့ ကော်ဖီ..."

အစားအသောက်မှာပြီးတော့မှ နာမည်နှင့် အတန်းတွေကို ဖလှယ်ရ၏။

"သူတို့က စည်သူနဲ့ မင်းသွင်..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်..."

"စည်သူက ဂျာမန်တန်းက... မင်းသွင်က တရုတ်က..."

မဥ္ဇူသက က မင်းသွင်ကို တအံ့တသြ ကြည့်သည်။

"တရုတ်စာက အရမ်းခက်တာပဲ..."

"သင်ဖူးလို့လား"

"ဟင့်အင်း... ဒါပေမယ့် ရှုက တရုတ်စာနဲ့ အသံထွက်ကို ကမ္ဘာပေါ်မှာ အခက်ဆုံးလို့ သတ်မှတ်ထားတယ်"

သူမအတွေးက တစ်မျိုးဟု ပြောနိုင်သော်လည်း မှားသည်ဟုတော့ ဆိုနိုင်လိမ့်မည် မထင်။ တကယ်လည်း ခက်ခဲနက်နဲလှသော ဘာသာစကား တစ်ခု ဖြစ်ခဲ့သည်လေ။

မင်းသွင်ကတော့ မရှိသောကော်လံကို ထောင်ရင်း စကားကြီး စကားကျယ်ကို တမင်ဆို၏။

"ဒါကြောင့်လဲ မင်းသွင်လိုလူမျိုးမှ ဒီလိုဘာသာစကားမျိုး သင်နိုင်တာလေ"

စည်သူက ခပ်တည်တည်နှင့် ဆဲရေး၏။ ဂျာမန်စကားလုံး ဖြစ်နိုင်သော်လည်း ဘယ်သူမှ အဓိပ္ပာယ်မသိကြ။

မဥ္ဇူသက က ကလေးဆန်စွာ မေး၏။

"အဲဒါ ဘာအဓိပ္ပာယ်လဲ ကိုစည်သူ"

စည်သူက ဟက်ကနဲရယ်ရင်း ဖြေသည်။

"ဒါလည်း ငါ့လို မှတ်ဉာဏ်ကောင်းတဲ့သူတွေမှ ဆဲနိုင်တာဟ..."

စည်သူ့စကားကြောင့် အားလုံး ရယ်မိကြသည်။

မဥ္ဇူသက ကတော့ တွေးတွေးဆဆဟန်နှင့် ဝင်ပြောသည်။





"တကယ်တော့ ဒီကျောင်းလေးဟာ ကမ္ဘာရွာလေးတစ်ခုလိုပဲနော်၊ ဘာသာစကားမျိုးစုံ ပြောတတ်ဖို့ ကြိုးစားနေကြတဲ့ ဝါသနာတူ မိတ်ဆွေတွေနဲ့ ဖွဲ့စည်းထားတာပဲ၊ ဒါကြောင့်လဲ ကျွန်မ ပြင်သစ်စာကို အပြင်မှာ သင်ရင် ရရဲ့သားနဲ့ ဒီမှာ ဝင်ခွင့်စာမေးပွဲ ဝင်ဖြေခဲ့တာပဲ"

"မဥ္ဇူသက က ပြင်သစ်စာကို ဘာလို့ စိတ်ဝင်စားတာလဲ"

ဒါက စည်သူ၏ မဥ္ဇူသကကို ပြောသော ပထမဆုံးစကားဖြစ်သည်။

"ကျွန်မက အင်္ဂလိပ်စာကို ငယ်ငယ်ကတည်းက အဓိကထားလေ့လာခဲ့တယ်၊ ခု နောက်ထပ် Language တစ်ခု ထပ်သင်မယ်ဆိုတော့ ပြင်သစ်ကို ရွေးခဲ့တယ်၊ ဘာလို့လဲဆိုတော့ တချို့က ပြောတယ်လေ၊ ပြင်သစ်စကားဟာ အရမ်းနားထောင်လို့ကောင်းတဲ့ ဘာသာစကားတဲ့၊ ဟုတ် မဟုတ် မသေချာပေမယ့် ပျော့ပျောင်းတာတော့ သေချာတယ်၊ ဂျာမန်လေယူလေသိမ်းတွေလို စစ်သွေးစစ်ဟန်နဲ့ ထန်မနေဘူး"

စည်သူက ပြုံး၏။

"ကျွန်တော်က ဒါကို သဘောကျတာ"

"ဟုတ်ပါတယ် တစ်ယောက်ကို အကြိုက်တစ်မျိုးပေါ့၊ ကျွန်မသိခဲ့ဖူးတဲ့ ကျွန်မ မိတ်ဆွေလေးတစ်ယောက်ဆိုရင် ဘာသာစကားလေးမျိုး တတ်တယ်..."

"ဟုတ်တယ် တချို့က အဲလိုတတ်ကြတယ်၊ ကျွန်တော်လည်း အဲလို ဖြစ်လာမှာပါ..."

မင်းသွင်က ခပ်တည်တည်နှင့် ဝင်နှောက်၏။ သို့သော် မဥ္ဇူသက က အသိအမှတ်ပြုရုံသာ ပြုံးပြီး သူ့စကားကို သူဆက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမိတ်ဆွေလေးက ရုရှားနဲ့ အင်္ဂလိပ်စပ်ထားတာ၊ ဒါပေမယ့် သူ ရုရှားလို မတတ်သေးဘူး၊ သူတတ်တာက အင်္ဂလိပ်၊ ပြင်သစ်၊ အီတာလျံနဲ့ မြန်မာပဲ..."

"ဘယ်လို မြန်မာလို ဟုတ်လား..."

စစ်နေ တအံ့တသြဝင်မေးမိ၏။ ဘယ့်နှယ်... ရုရှားနဲ့ အင်္ဂလိပ် စပ်ထားတဲ့ပုဂ္ဂိုလ်က မဆီမဆိုင် မြန်မာလိုတတ်တယ်တဲ့...။

"ဟုတ်တယ် သူ့နာမည်ကိုက ဝဏ္ဏတဲ့..."

ဝဏ္ဏ ဆိုသော နာမည်ကြောင့် စည်သူနှင့် စစ်နေ တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်မိကြသည်။ မြန်မာနာမည်နှင့် နိုင်ငံခြားသားကလေး...။ မမမြနဒီပြောသွားသော ကောင်လေး...။

"သူ့ကို ကျွန်မ Australia မှာ သိခဲ့ရတာ" ဟု ဆိုကာ မဥ္ဇူသကက ပြန်ပြောပြသည်။ မဥ္ဇူသက နတ်ပန်းကလေး ပြောပြသော ပုံပြင်တစ်ပုဒ်ကို အချိန်နာရီတွေ မေ့လျော့သွားသည်အထိ တမေ့တမောနားထောင်မိကြသည်။ ဘယ်ပုံပြင် ဘယ်ဇာတ်လမ်းပဲလာလာ ဇာတ်လမ်းအဆုံးကို သိထားပြီးနေပြီမို့ သိပ်တော့ အရသာမရှိလှ။ ဒါနဲ့တောင် ဒီဇာတ်လမ်းတွေထဲက မင်းသမီးလေးရဲ့ခံစားချက်နဲ့ ပါဝင်ပတ်သက်မှု ရာခိုင်နှုန်းတွေကို ဒသမမလွဲ သိချင်နေမိတာကိုတော့ လွန်သည်ဟု ကိုယ့်ကိုယ်ကိုယ် သိပါသည်။ သို့တိုင်လျက် ဘာမှ မတတ်နိုင်ခဲ့ပါ။ စစ်နေထင် ဆိုတာကြီးက ကံက ပစ်ချထားတာ ခံခဲ့ရတဲ့ လူတစ်ယောက်ပဲ မဟုတ်လား။

❖





# ဝဏ္ဏ ပုံပြင်

ဝဏ္ဏသည် အခွေအလိပ်များပါသော ရွှေရောင်နုနု ဆံပင်ပျော့လေးများ ကျောပေါ်ဝဲကျနေသည့် ကောင်လေး ဖြစ်သည်။ အရပ်အမောင်းက ၅ ပေ ၁၁ လက်မရှိကာ အသားအရေက ဖြူစပ်စပ်နှင့်...။

အကြောင်းကြောင်းတွေကြောင့် Australia တွင် (၆) လခန့်နေဖို့ စိတ်ကူးပြီး ရောက်လာသော မဥ္ဇူသကနှင့် တွေ့သောနေ့က ဝဏ္ဏဟု အမည်ရှိသောကောင်လေးသည် အဖြူရောင်တီရှပ်တစ်ထည်နှင့် အဖြူရောင်ဂျင်းခပ်ညစ်ညစ်တစ်ထည်ကို ဝတ်ဆင်ထားခဲ့သည်။

'မဥ္ဇူသက'က ရေကန်စပ်တွင်ထိုင်ရင်း ပျင်းပျင်းနှင့် ကန်စပ်တွင် ခွေပေါက်နေသော ivy သစ်ကပ်ပင်များကို ခြေထောက်နှင့် ထိုးဆော့နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲလိုသာဆော့နေရင် အပင်တွေ သေတော့မှာပဲ..."

ရုတ်တရက်ကြီး ပီပီသသကြားလိုက်ရသော မြန်မာစကားကြောင့် မဥ္ဇူသက အလန့်တကြား အေးဘီကိုကြည့်မိသော်လည်း ဘာမြန်မာမှ မတွေ့ရ။ အရှေ့တောင်အာရှသားနှင့် ဆင်ဆင်တူတာလေးတောင် မပါ။ မဥ္ဇူသက မကျေမနပ်ဖြစ်သွားရင်း အပင်တွေကို ခြေထောက်နှင့် ပြန်ထိုးညှပ်ဖို့ ကြိုးစားလိုက်ပြန်သည်။

"အပင်တွေမှာလည်း အသက်ရှိတယ်ကွ၊ ရက်စက်လိုက်တာ"

ဟော... ထပ်ပြောပြန်ပြီ။

ဒီတစ်ခါတော့ သတိထားနေတာမို့ အသံ ဘယ်ကလာလဲဆိုတာ မှန်းမိလိုက်၏။ မဖြစ်နိုင်...။ ရွှေရောင်ဖျော့ဖျော့ ဆံပင်ခွေခွေလေးများနှင့် လူမျိုးခြားတစ်ယောက်ရယ်၊ နီဂရိုးမှန်းသိသာသော သူတစ်ယောက်ရယ်သာ အနီးဆုံးကန်စပ်မှာ ထိုင်နေကြသည်။

"ခုပြောနေတာ ဘယ်သူလဲ..."

တမင်ပဲ ခပ်ကျယ်ကျယ်လေး အသံမြှင့်ကာ မြန်မာလိုပြောလိုက်တော့ အနီးက ပုဂ္ဂိုလ်နှစ်ယောက် ချာကနဲလှည့်လာသည်။ ရွှေရောင်ဆံပင်နှင့် ကောင်လေးက မဥ္ဇူသကကို ရယ်ပြ၏။ ပြီး...

"မြန်မာလို ပြောတတ်သားပဲ" တဲ့...။

ဖြစ်ရလေ...။ တပြန်ကြီး...။ ကိုယ်ကပြောရမယ့် စကားကို သူက ပြောလာတာမို့ မဥ္ဇူသက စိတ်တိုသွားရသည်။

"အဲဒါဆန်းလား၊ ကျွန်မက မြန်မာပဲ... ရှင်သာ..."

"ကျွန်တော့်အဖေအမေကလည်း မြန်မာပဲ... ဆန်းလား..."

မြတ်စွာဘုရား...။ သူ့အဖေအမေက မြန်မာတဲ့...။ ဒါဆို သူက





အယ်လ်ဘီးနိုးရောဂါသည်လား။ မဖြစ်နိုင်ပါဘူး...။

"မဖြစ်နိုင်တာ..."

"ဖြစ်နိုင်ပါတယ် ကျွန်တော့်အဖေက ဦးဒိဗ္ဗ၊ အင်္ဂလိပ်လိုတော့ David လို့ ခေါ်ကြတယ်၊ ကျွန်တော့်အမေက ဒေါ်ကေသီ, Cathy ပေါ့၊ သူတို့က မြန်မာစစ်စစ်ကွ..."

"ရှင်က..."

မဥ္ဇူသက ခုထိ နားမလည်နိုင်သေး။

"ကျွန်တော်က ဝဏ္ဏ... ကျွန်တော့်ကို သူတို့က နှစ်လသားအရွယ်ကတည်းက မွေးစားထားခဲ့တာ"

"ဩော်..."

ဇာတ်လမ်းက ခုမှ ပြတ်သည်။ စောစောကတည်းက ပြောပါတော့လား။ မွေးကင်းစကတည်းက မြန်မာမိသားစုထဲ ကြီးလာတာ ဆိုတော့ ဒီလောက် ပီပီသသကြီးပြောနိုင်တာ မဆန်းတော့ဘူးပေါ့။

သူက ရှင်းသွားသော်လည်း ပုဂ္ဂိုလ်လေးက မရှင်းသေး။ အေးက နီဂရိုးလေးက ပိုဆိုးတော့မည်ပေါ့။ သူ လုံးဝနားမလည်သော ဘာသာစကားတစ်ခုကို အသားအရောင်၊ လူမျိုး လုံးဝမတူသော သူနှစ်ယောက်က အချီအချပြောနေသည် မဟုတ်လား။

"မင်းက မြန်မာနဲ့ မတူဘူး"

"ဘာလို့လဲ ဘာကိုကြည့်ပြောတာလဲ"

"အသားအရောင်နဲ့ ပုံစံ..."

"ရှင်က မြန်မာတွေကို မြင်ဖူးလို့လား"

မဥ္ဇူသက၏စကားကို သူက နှုတ်နှင့်မဖြေ။ Wallet ထဲထည့်ထား



www.burmeseclassic.com

www.burmeseclassic.com



သောစာတ်ပုံတစ်ပုံကို ဖွင့်ပြ၏။ မြန်မာတိုက်ပုံအမည်း ဝတ်ထားသော ဦးလေးကြီးတစ်ယောက်နှင့် ဘီးဆံထုံးထုံးထားသော မြန်မာအမျိုးသမီးကြီး တစ်ယောက်...။

"ဒါ... အဖေနဲ့ အမေ"

"သြော်..."

"မင်းပုံစံက သူတို့နဲ့ မတူဘူး"

"ဟုတ်တယ်... ကျွန်မက တိုင်းရင်းသားသွေးစပ်တယ်..."

"ဘာတိုင်းရင်းသားလဲ ကရင်၊ ကယား၊ ကချင်..."

မဥ္ဇူသကက အလွယ်ပြောလိုက်သော်လည်း ပိဋကတ်အိုးကွဲ ပုဂ္ဂိုလ်က ဆက်မေးလာသဖြင့် ဖြေရသေး၏။

"ကရင်..."

"သြော ဒါကြောင့်..."

မဥ္ဇူသကဖြင့် သူနှင့် အချီအချ စကားသာ ပြောနေရသည်။ ကိုယ့်ကိုယ်ကိုယ် အိပ်မက် မက်နေလား ထင်ရသေး၍ ဆိတ်ဆွဲကြည့်ရသေး၏။

ခဏနေကျတော့ မဥ္ဇူသကကို ခဏထားခဲ့ကာ ထွက်သွားသော အစ်မတော် ပြန်ရောက်လာသည်။

"ရှူး... လာ သွားမယ်

ထိုအခါကျမှ ပုဂ္ဂိုလ်လေးက...

"သြော်... နာမည်က ရှုရှု ဟုတ်လား... ဘာအဓိပ္ပာယ်လဲ..."

ထိုရုပ်ထိုရည်နှင့် မြန်မာစကားကို ပြောချလိုက်တာ ပီပီသသကြီး့မို့ အစ်မတော်နွယ်နီတစ်ယောက် သရဲသဘက်တွေ့သလို မျက်လုံးပြူးသွားရသည်။





"မဟုတ်ဘူး မဥ္ဇူသကပါ... အိမ်မှာက ရှူရှူပဲခေါ်တာ၊ ဒါက ရှူ့ အစ်မ နွယ်နီ... သူ့ကို အိမ်မှာ နီနီပဲ ခေါ်တာလေ..."

"မဥ္ဇူသက ဆိုတော့ နတ်ပန်းပေါ့၊ အင်း ဖေဖေပြောတော့ နွယ်နီလည်း နတ်ပန်းပဲ..."

"ဘုရား... ဘုရား"

မမနွယ်နီက ဘုရားတ၏။ တ,လောက်စရာပဲ မဟုတ်လား။ သူ့ပုံပန်းသဏ္ဌာန်နှင့် ဒီလောက်သိနေတာ။ ထိုကြောင့် မဥ္ဇူသက,ကပဲ ရှင်းပြရသည်။ ထိုအခါကျမှ နွယ်နီတစ်ယောက် သဘောတွေပေါက်သွားတော့သည်။

လမ်းခွဲကာနီးကျတော့ ဖုန်းနံပါတ်နှင့် လိပ်စာတွေ ဖလှယ်ကြကာ ဝဏ္ဏက သူ့မိဘတွေနှင့် တွေ့ပေးဖို့ ပြောသည်။ မဥ္ဇူသကတို့ညီအစ်မလည်း မြန်မာနာမည်များနှင့် ဒီလိုကောင်လေးတစ်ယောက်ကို မွေးစားပြီး မြန်မာလို ရေလည်အောင် သင်ပေးကာ မြန်မာအမည်ပင် ပေးမှည့်ထားခဲ့သော ဦးဒီဒွေ တို့နှစ်ယောက်ကို တွေ့ဖူးကြုံဖူးချင်မိတာမို့ ပြန်တွေ့ဖို့ သဘောတူခဲ့ကြသည်။

❖



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပင်...။ ဦးဒိဗ္ဗဆိုသူသည် အပြင်မှာ ရှေးမြန်မာနှင့် ပိုတူသည်။ သူတို့က Australia တွင် အခြေချနေသည်မှာ နှစ် (၃၀) ရှိပြီ။ ဝဏ္ဏအသက်က (၂၂) နှစ်။ သူတို့ကလည်း ကိုယ့်လူမျိုးချင်း တွေ့ရ၍ ပျော်နေကြသည်။ မြန်မာပြည်အကြောင်း မေးရတာနှင့်ကို စကားစကမပြတ်ကြ။

"ဒါနဲ့ ဦးလေးတို့ မြန်မာပြည်ကော ပြန်ကြလား"

"နှစ်ကြိမ်ရောက်တယ်"

"ဝဏ္ဏကော..."

"သူလည်း တစ်ခေါက်ရောက်ဖူးတယ်၊ ရောက်ဖူးတယ်ဆိုတာထက် တမင်ရောက်အောင် ခေါ်သွားတယ်ဆိုရင် ပိုမှန်မှာပါ၊ သူ့ကို နှစ်လသားကတည်းက မွေးခဲ့ရတာမို့ သားအရင်းလို ဖြစ်နေပြီလေ၊ ကိုယ့်လူမျိုးတွေရဲ့





ဓလေ့ထုံးစံနဲ့ တိုင်းပြည်ကို သိထားစေချင်လို့..."

"ဝဏ္ဏရဲ့မိဘတွေက..."

"မသိဘူး... သူ့ကို ဆေးရုံမှာထားခဲ့တာ၊ သိတာက သူ့အမေက အင်္ဂလိပ်ပဲ၊ အဖေက ရုရှားလို့ ဖြည့်ထားတယ်၊ ဒါပဲသိတာ၊ အဲဒီအချိန်မှာ ဦးက ဆေးရုံမှာ အလုပ်လုပ်နေတာလေ..."

ဦးဒိဗ္ဗသည် အထူးကုဆရာဝန်ကြီးတစ်ဦး ဖြစ်သည်။ ခုချိန်မှာတော့ ကိုယ်ပိုင်ဆေးခန်းကြီးတစ်ခု ဖွင့်ထား၏။

"ခု ဝဏ္ဏက ဘာလုပ်နေလဲ..."

"ဟင် မသိဘူးလား၊ သူက မော်တော်ဆိုင်ကယ်သမားလေ၊ ပြိုင်ပွဲမှာရတဲ့ဆုတွေ မနည်းဘူး... ဟိုမှာ..."

ဝဏ္ဏ၏မိခင် ဒေါ်ကေသီက သူ့သားရထားသော ဆုဖလားများ၊ ပုံများတင်ထားသော နံရံကပ်စင်လေးကို ညွှန်ပြ၏။

ပုံတွေထဲမှာ ဆိုင်ကယ်စီးဦးထုပ်နှင့် ဝဏ္ဏကို တွေ့ရ၏။ တချို့ပုံတွေမှာ သူက အောင်ပွဲရ ရှန်ပိန်ပုလင်းတွေ ဘာတွေဖောက်လို့။ တော်တော်အောင်မြင်ထားခဲ့ပုံ ရသည်။

"အဲဒါပဲ သူ့ရဲ့ Professional ဖြစ်တော့မယ် ထင်တယ်..."

ဦးဒိဗ္ဗက ထိုသို့ မှတ်ချက်ချ၏။

ဒေါ်ကေသီကမူ သူမသား၏ အောင်မြင်မှုကို အနည်းငယ်လေးကျေနပ်ပုံရ၏။ သူတို့အိမ်တွင် အချင်းချင်း မြန်မာစကားကိုသာ ပြောကြ၏။ အပြန်လမ်းတွင် အစ်မတော်နှယ်နီက တိတ်ဆိတ်ငြိမ်သက်စွာ စဉ်းစားရင်းက ဓမ္မသုကကို ပြောသည်။

"ရှုရှု..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်... ဘာလဲ"

"ဝဏ္ဏက မထူးဆန်းဘူးလား"

"ထူးဆန်းတယ်လို့ ဆိုရင်လည်း ရတာပေါ့၊ မထူးဆန်းဘူးဆိုရင်လည်း ရတယ်..."

"ဘာလို့ မထူးဆန်းဘူးလို့ပြောရင် ရတာလဲ"

"သူနဲ့ စကားပြောဆက်ဆံရတာ ဒီက တခြားလူတွေကို ဆက်ဆံရသလို မဟုတ်ဘူး၊ နွေးနွေးထွေးထွေးနဲ့ စိတ်ထဲမှာ ကိုယ့်အချင်းချင်း ဆက်ဆံရသလို ခံစားရလို့..."

နွယ်နီက ခေါင်းညိတ်ထောက်ခံ၏။

အတန်ကြာမှ သပ်ခေါ်သည်။

"ရှုရှု..."

"အင်..."

"နင် ဘာလို့ ငါနဲ့ လာနေတယ်ဆိုတာ နင်သတိရတယ်နော်"

နွယ်နီ့စကားကြောင့် မဉ္ဇူသက အနည်းငယ်ပို၍ ငြိမ်သက်သွားရသည်။ အသက်ရှူသံပြင် ပြင်းကို ကြားနေရ၍သာ... မဟုတ်လျှင် မဉ္ဇူသက တစ်ယောက် စက္ကန့်ပိုင်းလောက်အတွင်း ပျောက်သွားသလားပင် ထင်ရမည်။

"ငါက နင်ပျော်နေတာကို စိတ်ညစ်သွားအောင် လုပ်တာ မဟုတ်ဘူးနော်... ဇု နင် ထပ်စိတ်ညစ်စရာ ရသွားမှာကို စိုးတာ..."

နွယ်နီ့စကားက မှန်တာကို မဉ္ဇူသက နားလည်ပါသည်။ သူမ ဒီကိုထွက်လာတာကိုက သူမနှင့်ပတ်သက်သော ယောကျ်ားမှန်သမျှ သေဆုံးကြရသည်ဆိုသော စွဲချက်အမည်းကြီးကြောင့် စိတ်ပြေလက်ပျောက် ထွက်လာခဲ့တာ မဟုတ်လား။





ဒါဆို မဉ္ဇူသက ဆိုတဲ့ မိန်းကလေးဟာ ဆန့်ကျင်ဘက်လူသား တစ်ယောက်ကို ဘယ်လိုနည်းနဲ့မှ ပတ်သက်ကျွမ်းဝင်ခွင့် မရှိတော့ဘူးတဲ့ လား။

"နင်ပြောတာ ငါနားလည်တယ် နီ... ဒါပေမယ့် ငါ့မှာ မေးခွန်းတစ်ခု ရှိနေတယ်၊ ဘယ်သူ့ကို မေးရမှန်းမသိလို့..."

မမနွယ်နီက ရယ်၏။

"ငါဖြေနိုင်မယ်လို့ မထင်ပေမယ့် ငါ့ကို မေးကြည့်ပါလား..."

နီနီနှင့် ဇုက အသက်အားဖြင့် တစ်နှစ်ကျော်သာ ကွာတာမို့ ရွယ်တူ သူငယ်ချင်းများလိုပင်။ နီက Australia မှာ ကျောင်းတက်နေတာ နှစ်နှစ် ရှိပြီ။ ခု ဇုဇု Australia မှာ ခဏလာနေမှ တွေ့ကြရခြင်း ဖြစ်သည်။

မဉ္ဇူသက,က လေပူတစ်ချက်နှင့်အတူ မေးခွန်းကို မေး၏။

"ဒါဆို ငါ့ဘဝမှာ ဘယ်ယောကျ်ားသားကိုမှ သံယောဇဉ်ဖြစ်ခွင့် မရှိတော့ဘူးတဲ့လား..."

နွယ်နီက ပခုံးကိုတွန့်၏။

"အဲဒါတော့ Zeus ကြီးကိုသွားမေးရင်တောင် သူသိပါ့မလားပဲ"

"မသေချာဘူး..."

နှစ်ယောက်သား ပေါ့ပါးစေရန်အလို့ငှာ ရယ်မိကြသည်၊

"တစ်ခုတော့ရှိတယ် ဇု"

"ဘာလဲ... ဘာတစ်ခုလဲ..."

"ငါတွေးမိတာပါ"

"ဘာလဲ..."

"သြော်... နင့်မှာက လူတွေပြောသလို အိမ်ထောင်ပြုဖို့ ကံပါ



www.burmeseclassic.com

www.burmeseclassic.com



မလာတဲ့ ကျိန်စာသင့်လူ သားတစ်ယောက်ပဲ ဆိုပါစို့၊ ဒါဆိုရင် နင့်ကို လာပတ်သက်တဲ့သူတွေက နင့်အပေါ် ရိုးရိုးသားသားဆိုရင် ဘာမှ သေစရာ အကြောင်းမရှိဘူးလို့ ယူဆရမယ်..."

"ဟုတ်တယ်လေ..."

"နင့်ကိုကြိုက်ပါတယ်ဆိုတဲ့ သူတိုင်းက သေလား..."

မဥ္ဇူသက ငြိမ်သွားရပြန်သည်။ ဒါက အစွပ်စွဲသာ ခံနေရတာ။ တစ်ခါမှ မတွေးခဲ့ဖူးသော မေးခွန်းဖြစ်သည်။

"အဲလိုတော့ မဟုတ်ဘူး၊ အရင်က ဒီလိုပဲ စာပေးကြ၊ ရည်းစား စကားပြောကြတာတွေ ရှိတာပဲ၊ ခုထိ သက်ရှိထင်ရှားရှိဆဲပဲ..."

"သူတို့က နင်နဲ့ဆက်ပြီး မပတ်သက်တော့လို့လား"

"အဲလိုပါမှာပေါ့ ငါကငြင်းရင် ရှေ့မဆက်ကြတော့ဘူး"

"ဒါဆို သေသွားတဲ့သူတွေက နင်ငြင်းရက်နဲ့ ရှေ့ဆက်တိုးတဲ့သူ တွေလား..."

"အင်း... အဲလိုပြောရမလား၊ တချို့ကျ မငြင်းရသေးဘူး စည်းစား နေတုန်း အဲလိုဖြစ်သွားတာ..."

"ဘယ်နှစ်ယောက်ရှိပြီလဲ..."

မဥ္ဇူသက,က မျက်စိကိုအသာမှိတ်ပြီး လက်ချိုးရေတွက်လိုက်၏။

"ငါးယောက်..."

နွယ်နီ မျက်လုံးပြူးသွားရ၏။ သို့သော် သူမက နိုင်ငံရပ်ခြားမှာ ပညာလာသင်နေလို့ရယ် မဟုတ်ပဲ ဒီအယူအဆကို သိပ်လက်မခံချင်။ ဒါဟာ သက်သက်မဲ့ အသရေဖျက်တာ၊ စွပ်စွဲတာ၊ accidentally case တွေပါလို့ ပြောရအောင်ကလည်း တိုက်ပဲ တိုက်ဆိုင်နိုင်လွန်း...လို့ ပြောရ





မလို ဖြစ်နေပြန်သည်။ တကယ့်တကယ် နွယ်နီ့အယူအဆကတော့ အရာ ရာတိုင်းသည် ဖြစ်ချိန်တန်လျှင် ဖြစ်မှာ ဖြစ်သလို၊ ပျက်ချိန်တန်လျှင် ပျက်မှာပဲ ဖြစ်သည်။ အရမ်းကြီး တိုက်ဆိုင်နေခဲ့လျှင်တောင်မှ တစ်ချိန် ချိန်မှာတော့ ထိုတိုက်ဆိုင်မှုများ ကျဲပါးပျောက်ကွယ်သွားမှာပင်။ နွယ်နီတို့ နိစ္စဓူဝကြုံတွေ့နေရသော ကိစ္စများနှင့် ယှဉ်စဉ်းစားကြည့်လျှင် ရနိုင်ပါ သည်။ ခု... နွယ်နီ ဒီတိုင်းပြည်မှာ ဒီလူတွေနဲ့ လာပြီး ကြုံဆုံနေရသည်။ ဒီလမ်းထောင့်ချိုးက မနက်ထွက်လျှင် လေ့ကျင့်ခန်းလုပ်သူ အဘွားကြီး နှစ်ယောက်၊ ဟိုဘက်အကွေ့လွန်လျှင် နေစာလှုံနေတတ်သော ချစ်စဖွယ် နီနာဆိုသည့် ကလေးငယ်တစ်ယောက်၊ ကျောင်းမရောက်ခင် တစ်ဖာလုံခန့် အလိုတွင် တွေ့ရတတ်သော စက်ဘီးစီးသမားတစ်ယောက်၊ နောက်... ကျောင်းက မိတ်ဆွေတွေ၊ ဆရာတွေ၊ သန့်ရှင်းရေးသမားတွေ၊ ခုကာလ တွေမှာ ဒီလူတွေကို ဒီလို နေ့စဉ် အချိန်မှန် တွေ့နေတတ်သော်လည်း နောက်တစ်နှစ်ကျော်ကြာလို့ သူမ ကျောင်းပြီးသွားလျှင် တွေ့တော့မှာ မဟုတ်ဟု မြင်သည်။ တိုက်ဆိုင်မှုတွေသည် တစ်ခါတစ်ရံ နိစ္စဓူဝကိစ္စ ဟန်ဆောင်နေတတ်သလို ကံကြမ္မာသည်လည်း တစ်ခါတစ်ရံ တိုက်ဆိုင်မှု အရေခြုံထားသော ဖြစ်စဉ်တစ်ခုနှင့် ဆင်နေတတ်သည်။

သေချာတာကတော့ သူမတို့လုပ်နိုင်တာက ဒီအချိန်မှာ စောင့်ကြည့် မို့သာ ဖြစ်တော့သည်။

❖



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကိုစောင့်ကြည့်ရင်း ဝဏ္ဏာနှင့် မဋ္ဌျုသက,ကတော့ သံယောဇဉ်တွေရိုကုန်ကြသည်။ မဋ္ဌျုသကဘက်က ကိုယ့်ကိုယ်ကိုယ်သိသူမို့ သံယောဇဉ်မပိုမိသော်လည်း ဝဏ္ဏာဘက်ကတော့ အလိုလိုပြိုကျလာသော သံယောဇဉ်များက တားမရ။ ဒီအချိန်ကျမှလည်း မဋ္ဌျုသက,က ရှောင်မထွက်သာ။ (၆) လဆိုသော အချိန်ကာလလေးသည် တကယ်တော့ နည်းလွန်းလှသည်။ ခုပင် ငါးလပြည့်တော့မည်။ နောက်တစ်လဆိုလျှင် မဋ္ဌျုသကလည်း ပြန်ရတော့မှာပင်။ ပြန်တော့မှပဲ ဒီသံယောဇဉ်တွေကို ထားခဲ့လိုက်တော့မည်ဟု မဋ္ဌျုသက,က ဆုံးဖြတ်သည်။

"နင့်စိတ် နင်နိုင်ရဲ့လား ဇူဇူ..."

"ဘာမနိုင်စရာရှိလဲ... ငါ ဝဏ္ဏာကို သံယောဇဉ်နဲ့ ခင်တာ၊ မချစ်ဘူး..."





"အေး သူတို့ဘာသာစကားမှာတော့ သံယောဇဉ်တွေ ခင်တာတွေက သိပ်ပြီး အသုံးမဝင်လှဘူး"

"ဒါဆို ငါက ငါ့ကိုမချစ်နဲ့... ငါ့ကိုချစ်ရင် သေတတ်တယ်လို့ ပြောရမှာလား..."

မဋ္ဌျုသက,က စိတ်ပေါက်ပေါက်နှင့်ပြောတော့ နွယ်နီက ရယ်သည်။

"ငါတောင်မယုံတာ ဝဏ္ဏာက ရယ်မှာပေါ့..."

"အင်းလေ ရှင်းပြလို့လဲ မရ... ငါ့ဘဝကတော့ တော်တော် ဒုက္ခရောက်ဘာပဲ..."

"အင်းလေ နင်လည်း ပြန်တော့မှာပဲ..."

"ပြန်တာနဲ့ ကိစ္စတွေပြီးပြတ်သွားရင်တော့ ကောင်းတာပေါ့ဟာ..."

တကယ့်တကယ်က လူချင်းဝေးသွားရုံနှင့် သွေးအေး မေ့လျော့သွားတတ်ကြတာမျိုးမှ မဟုတ်တာ။ သံယောဇဉ်ဆိုတာကလည်း ခန့်မှန်းရလွယ်တာမှ မဟုတ်ပဲ။

"ဇူဇူက ပြန်တော့မှာဆို..."

ဝဏ္ဏာကလည်း မေးလာ၏။

"ရှေ့လဆို ပြန်မှာ Visa က ပြည့်ပြီလေ..."

"extension ယူပေါ့..."

မဋ္ဌျုသက သက်ပြင်းကိုသာ ချ၏။ ပြီးမှ...

"ဒါ ဇူဇူ့နေရာ မဟုတ်ဘူးလေ..."

"ကျွန်တော့်နေရာလည်း မဟုတ်ဘူး၊ ပြီးတော့ ကျွန်တော့်အမေ အမေရဲ့နေရာလည်း မဟုတ်ဘူး၊ တကယ်တော့ နေရာဆိုတာ လူတွေကပဲ သတ်မှတ်တာပါ၊ ကိုယ် ဘယ်မှာနေနေ အရေးကြီးတာက စိတ်ပဲ..."



www.burmeseclassic.com

www.burmeseclassic.com



မဥ္ဇူသက ဝဏ္ဏကို ထူးဆန်းသလိုကြည့်မိသည်။ ဒါဟာ ဝဏ္ဏဆို သောလူကလေးတစ်ယောက်ရဲ့ အတွေးလား။ ဦးဒိဗ္ဗက ထည့်ပေးထားတဲ့ အတွေးအခေါ်များလား။

“ဟုတ်မှာပါ ဒါပေမယ့် အဲဒီစိတ်မျိုး ဇူဇူ မပိုင်ဆိုင်သေးဘူး…”

မဥ္ဇူသက တမင်တကာပင် အညှဲခံလိုက်သည်။ ဒါကို ဝဏ္ဏက မသုံသလို ခေါင်းခါယမ်း၏။ ပြီးမှ…

“ကျွန်တော် လိုက်လာခဲ့ပါ့မယ်…”

မဥ္ဇူသက မျက်လုံးပြူးသွားရ၏။ ဝဏ္ဏလေးသကလည်း မျက်လုံး ပြူးရလောက်အောင် ပြတ်သားလွန်းနေသည်။ ပြီးတော့ ဒီကိစ္စက မဥ္ဇူသက လုံးဝထည့်မတွေးထားသည့် ကိစ္စ…။

“မဖြစ်နိုင်တာ ဝဏ္ဏရယ်”

ဘာပြောရမှန်း မသိ၍ ပါးစပ်ထဲရှိတာ ပြောလိုက်ရသော်လည်း စိတ် ကတော့ ယောက်ယက်တွေခတ်နေဆဲ။ သူလိုက်လာခဲ့မယ်ဆိုတာ နောက် မဆုတ်ဘူးဆိုတဲ့ သဘောပေါ့…။ အမှန်အတိုင်း ဝန်ခံရလျှင် မဥ္ဇူသက ကိုယ်၌က ဝဏ္ဏကို သံယောဇဉ်ရှိလွန်း ခင်လွန်းသော်လည်း လူမျိုးခြား တစ်ယောက်ဖြစ်နေ၍ ဒီလောက်ထဲ ဖွဲ့ရှိလိမ့်မည်ဟု လုံးဝ ထင်မထားခဲ့ပေ။

“ရှေ့လထဲမှာ ကျွန်တော် ပြိုင်ပွဲရှိတယ်၊ Grand Prize ပြိုင်ပွဲလေ၊ အဲဒီမှာ ကျွန်တော် ဆုတော့ချိတ်မှာပဲ… သေချာတယ်…”

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိနေသော ကောင်လေးထံမှ ဆက်ထွက်လာမည့်စကားတို့ကို မဥ္ဇူသက,က စိုးရွံ့စွာ စောင့်စားနေခဲ့မိ သည်။ ဝဏ္ဏက စကားကို ဆက်၏။

“အဲဒီပွဲပြီးရင် ကျွန်တော် မြန်မာပြည်လိုက်လာမယ်…”





ဘုရား… ဘုရား…။

မဥ္ဇူသက ဘုရားကို အသံတိတ်တ,မိ၏။ ဒါဟာ သူ မကြားချင် ဆုံးစကားဖြစ်သည်။ အမှန်တော့ သူ တစ်ခုခုကိုသာ ပြောသင့်သည်။ ပြိုင်ပွဲ အကြောင်း… ဒါမှမဟုတ် မြန်မာပြည်လာဖို့အကြောင်း…။ ဒီနှစ်ခုကို တွဲပြောလိုက်တော့ မဥ္ဇူသကခေါင်းထဲ ခေါင်းလောင်းသံတွေ ဆူညံပွက်ထ လာရ၏။

“မလာပါနဲ့လား ဝဏ္ဏ…”

“ဘာလို့လဲ ဇူဇူက မလာစေချင်လို့လား…”

ဝဏ္ဏက မဥ္ဇူသက၏ တားမြစ်ချက်ကို နားမလည်သလို မယုံနိုင် သလိုနှင့် ပြန်မေး၏။

“မဟုတ်ပါဘူး… ဟိုလေ… လာရင်လည်း ပြိုင်ပွဲမဝင်နဲ့တော့လို့ ပြောမလို့ပါ…”

မဥ္ဇူသက,ကတော့ ကိုယ့်အတွေးနှင့်ကိုယ်ပင်…။ ဝဏ္ဏကတော့ ရယ်၏။

“ဘာဆိုင်လဲ… ပြိုင်ပွဲပြီးမှ လာမှာ၊ ပြိုင်ပွဲကို ဘာမှ မထိခိုက် နိုင်ပါဘူး ဇူဇူရဲ့၊ စိတ်ချပါ… ပြီးတော့ အဲဒီကရတဲ့ဆုကို ကျွန်တော် ဇူဇူ့ကိုပေးမယ် သိလား…”

မဥ္ဇူသက ‘‘သိလား’ ဆိုသောမေးခွန်းကို အယောင်ယောင်အမှားမှား နှင့် ခေါင်းညိတ်ပြမိသည် ထင်သည်။ ပြီးမှ ထင်ချင်ရာထင် ဖြစ်ချင်ရာ ဖြစ်ဟု ဆုံးဖြတ်ကာ ဝဏ္ဏကို ပြောပြရန် ဆုံးဖြတ်လိုက်၏။

“ဝဏ္ဏကို ပြောစရာရှိတယ်”

“ပြောလေ…”



www.burmeseclassic.com

www.burmeseclassic.com



"ဇူဇူ ဒီကိုလာတာ စိတ်ညစ်လို့ စိတ်ပြေလက်ပျောက် မိဘတွေက ခရီးထွက်ခိုင်းတာနဲ့ ရောက်လာတာဆိုတာ ဝဏ္ဏာသိတယ်နော်..."

ဝဏ္ဏာက ရယ်သည်။

"သိတာပေါ့... ဘာလဲ အရင်ရည်းစားနဲ့ ကွဲခဲ့လို့ စိတ်ညစ်တာတွေ ပြောမလို့လား၊ ကျွန်တော် စိတ်မဝင်စားဘူး..."

"မဟုတ်ဘူး ဝဏ္ဏာ..."

မဥ္ဇူသက သေသေချာချာရှင်းပြမိသည်။ ဝဏ္ဏာက ဂရုတစိုက်တော့ နားထောင်ပါသည်။ တစ်ဖက်သားကို အလေးထားတတ်သော သူတို့တွေရဲ့ အကျင့်ပဲမို့လို့လား မသိ။ စကားကို ဆုံးအောင် နားထောင်ပြီးမှ ခေါင်းခါ ငြင်းတော့သည်။

"အဲဒီကျိန်စာတွေ ဘာတွေညာတွေ mystery ဆန်ဆန်တွေကို ကျွန်တော် မယုံတတ်ဘူး ဇူဇူ၊ ကျွန်တော် ဘာမှမဖြစ်နိုင်ပါဘူး၊ အဲဒါတွေ မေ့လိုက်... အရေးကြီးတာက ဇူဇူ ကျွန်တော့်အတွက် အဖြေကို စဉ်းစားထားဖို့ပဲ၊ ကျွန်တော် မြန်မာပြည်ရောက်ရင် ကျွန်တော်လိုချင်တဲ့အဖြေ ရချင်တယ်..."

မဥ္ဇူသက သက်ပြင်းကိုသာ အသာချမိသည်။ အကယ်၍များ တိမ်တိုက်တချို့ ဖြတ်သန်းသွားခဲ့တာဆိုလျှင်တော့ ကောင်းကင်သည် ပြာစင်နေခွင့် ရချင်နေပြီ။ ထိုတိမ်တိုက်များ ကုန်ဆုံးသွားပြီလား။ မကုန်ဆုံးသေးဘူးလားဆိုတာတော့ မဥ္ဇူသက မသိပါ။

❖





ပြောနေသော ပုံပြင်တစ်ပုဒ် မဆုံးသေးပါပဲလျက် ဘယ်လို အဆုံးသတ်နိုင်တာကိုလည်း ခန့်မှန်းမိနေပါလျက်နှင့် အဆုံးသတ်ကို တိမ်းဆောင်းလွဲချော်သွားနိုး မျှော်လင့်ခဲ့ဖူးကြသလား မသိ။ သူတို့အားလုံး သိသိကြီးနှင့် ဝဏ္ဏာကို မြန်မာပြည်ရောက်လာခဲ့လား သိချင်နေမိကြသည်။

"ဝဏ္ဏာက..."

စကားစကိုဖြတ်ကာ ခေါင်းငုံ့ထားသော မဥ္ဇူသကကို မေးကြည့်ရင်း စစ်နေ စိတ်စောစွာ မေးမိ၏။

"သူ... ဒီကို ရောက်မလာခဲ့ဘူး"

"ပြိုင်ပွဲကော... နိုင်လား"

မဥ္ဇူသက ခေါင်းပြန်မော့လာသည်။ မျက်ရည်တချို့ ဝေ့သီနေမည် ထင်မိသော်လည်း မတွေ့ရ။ မျက်နှာနုနုလေးကတော့ အေးစက်နေ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ညှိုးလျှနေခဲ့သည်။

"သူ... တစ်သက်စာ ရှုံးနိမ့်သွားတယ်..."

"အဲဒီပွဲမှာ..."

"ဟုတ်တယ်... အဲဒီပွဲမှာ သူ accident နဲ့ ဆုံးသွားခဲ့တယ်။ ဒါတောင်မှ နွယ်နီက ကျွန်မကို E-mail လှမ်းပို့လို့ သိခဲ့ရတာ၊ CNN News မှာပါတယ်လို့တော့ ပြောတယ်၊ ကျွန်မက ကြည့်နေကျမဟုတ်တော့ မသိဘူး၊ မကြည့်လိုက်ရတာပဲ ကောင်းပါတယ်၊ နီကတော့ E-mail အဆုံးမှာ စကားတစ်ခွန်း ပြောထားခဲ့တယ်၊ အဲဒီဖြစ်ရပ်တွေကို ငါပါ ယုံလိုက်ရတော့မှာလား...တဲ့..."

စကားဝိုင်းက ဟိတ်ဆိတ်သွားရသည်။

အမှန်တကယ်ကို ဒီနေ့မှ စတွေ့ကြတာ မဟုတ်သည့်တိုင် ခုမှ စ,ရင်းနှီးခဲ့သောသူတွေကို မဥ္ဇူသကအနေနှင့် ဒီလို ဇာတ်စုံခင်းနေစရာ အကြောင်းမရှိ။ သို့သော် သူမ မမမြနန္ဒီထံမှ တစ်ဆင့် သူမအကြောင်းကို ဒီလူတွေ စိတ်ဝင်စားနေမှန်း သိထားပြီးဖြစ်၍ တမင်တကာပင် စကားစပ်မိရာက ဆုံးအောင်ပြောပြလိုက်ခြင်း ဖြစ်သည်။

စည်သူကတော့ စစ်နေကို အသာလှမ်းကြည့်ကာ အကဲခတ်၏။ ဘာကိုမှ မယုံချင်သော မင်းသွင့်ပင် ငြိမ်သက်နေသော အခြေအနေရှိနေတာမို့ စစ်နေဆိုလျှင် ပြောဖွယ်ရာ မရှိတော့။

တိတ်ဆိတ်ငြိမ်သက်သွားသော စကားဝိုင်းကို မဥ္ဇူသကပင် ပြန်အသက်သွင်းရတော့၏။

"ဪ... မေ့လို့..."

"ဘာ... ဘာလဲ..."





မင်းသွင်က အလန့်တကြားဟန်နှင့် ပြန်ထူး၏။ ဒါကိုပင် ရယ်မိကြသေးသည်။

"မမမြနန္ဒီက မှာလိုက်လို့..."

"ဟင်... မမမြနန္ဒီ ဟုတ်လား..."

"ဟုတ်တယ်... ညက မမကို ကျောင်းတက်တဲ့အကြောင်း ပြောပြရင်းက စစ်နေနဲ့တွေ့တာ ပြောပြမိတယ်လေ၊ အဲဒီကတည်းက မမက ဒီလူတွေအကြောင်း ပြောပြပြီးသား..."

စစ်နေတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။ ထိုအကြည့်များထဲတွင် အဓိပ္ပာယ်များစွာပါဝင်နေတာတော့ ကိုယ့်ဘာသာကိုယ်ပဲ သိကြမည်ထင်သည်။

မမမြနန္ဒီတစ်ယောက် စစ်နေနှင့် ပတ်သက်ပြီး ဘာတွေပြောလိုက်မလဲ ဆိုတာကို စိတ်အပူကြီး ပူသွားရသော စစ်နေတစ်ယောက် ကိုယ့်ကိုယ်ကိုယ် မေးခွန်းပြန်ထုတ်ရမလိုပင် ဖြစ်သွားရသည်။ ဘာဖြစ်လို့ ပူရတာလဲ။ စစ်နေနှင့်ပတ်သက်ပြီး တစ်ခုခုပြောလိုက်စေချင်တာကတော့ စည်သူပဲ ဖြစ်သည်။ မြနန္ဒီကို စစ်နေနှင့် သဘောအတူကြီး မဟုတ်သော်လည်း မဥ္ဇူသကနှင့်တော့ စိုးရိမ်မိတာ အမှန်။ ဖြစ်တာ မဖြစ်တာ အပထား၊ ဘယ်လိုမှန်း မသိနိုင်သော အရိပ်မည်းကြီးနှင့် မိန်းကလေးတစ်ယောက်နှင့်တော့ ကိုယ့်သူငယ်ချင်းကို မပတ်သက်စေချင်။

"မမက ကျွန်တော်တို့ မကောင်းကြောင်း၊ စစ်နေ ကောင်းကြောင်းတွေ ပြောလိုက်တာလား..."

စည်သူ့မေးခွန်းက နှစ်ခွ...။ သို့သော် မဥ္ဇူသကအဖြေက လမ်းလွှဲသွားစေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မကောင်းကြောင်း ကောင်းကြောင်း မဟုတ်ပါဘူး ကိုစည်သူရဲ့ မမနဲ့ ခင်တယ်... သူတို့နဲ့ဆို ဇူဇူ အဖော်ရမှာပါလို့ပဲ ပြောတာပါ"

"သြော်..."

"ဇူဇူ့မှာက ဒီမှာအတူတက်တဲ့ သူငယ်ချင်း မရှိဘူးလား"

မင်းသွင်က မေးတော့ မဠုသက,က ခေါင်းခါ၏။

"မရှိဘူး၊ ကျွန်မ entrance ဖြေကတည်းက တစ်ယောက်တည်း ဖြေခဲ့တာ၊ ပြီးတော့ ကျွန်မက နဂိုကတည်းက အပေါင်းအသင်းနည်းတယ်၊ ခုလိုဆိုတော့ ပိုဆိုးတာပေါ့၊ ကျွန်မကို လူတွေက အပေါင်းအသင်းမလုပ်ချင်ကြဘူး"

"အင်း... ငါတို့လို နတ်မင်းသုံးပါးနဲ့ တွေ့တာ ကံကောင်းတယ်မှတ်..."

စည်သူ့စကားကြောင့် မဠုသက,က ရယ်သည်။ ခုလိုကျတော့လည်း စည်သူက ရယ်ရသားပဲ... ဟု စစ်နေကပင် တွေးမိ၏။

"နတ်မင်းကြီးက မ,တော့မယ်ပေါ့..."

ထုံးစံအတိုင်း စည်သူ့ကိုဝင်ခွပ်တာက မင်းသွင်။

"ဦးရာနတ်က မ,တာပေါ့ကွယ်..."

"ဦးရာလူက နတ်ကိုမ,တယ်ပဲ ကြားဖူးပါတယ်"

"ဦးရာလူဆိုတော့ ကုလားကြီးလား..."

"မဟုတ်ဘူး ရာကွတ်ရဲ့ယောက်ဖ..."

ဘာတွေမှန်းမသိ ရှုပ်ယှက်ခတ်ကုန်တော့သည်။ မဠုသက,ကတော့ ရယ်ချည်းသာ နေတော့သည်။

"ကိုစည်သူတို့လူစုက ပျော်စရာကောင်းတယ်နော်..."





"ဟုတ်တယ်... ဒီနှစ်ကောင်နဲ့ ကျွန်တော်တောင် မပျင်းရဘူး"

"ဖြစ်ရတယ်... ငါတို့ကပဲ သူ့ပျော်တော်ဆက်ကျနေတာပဲ"

"အင်းလေ..."

စစ်နေစကားကြောင့် မင်းသွင်က မကျေမနပ်စကားဆိုတော့ စည်သူက မထောက်ခံစဖူး ထောက်ခံ၏။

သူတို့ ကျောင်းကနေ လမ်းခွဲပြန်လာကြတော့ပဲ နေ့လည် ဆယ့်ဘစ်နာရီရှိနေပြီ။ အိမ်မှာ သူတို့ကို အသင့်စောင့်နေတာက သစ္စာမွန်...။

စည်သူက ခပ်တိုးတိုးကပ်ပြော၏။

"မင်းတော့ တကယ် နတ်သားဖြစ်တော့မယ် ထင်တယ်၊ တစ်ဖက်လေးငါးရာနဲ့ one by one ဆို တော်သေးတာပေါ့ကွာ"...တဲ့။ စစ်နေမသက်မသာ သက်ပြင်းချရင်း ရယ်မိသေး၏။

"သစ္စာ ရောက်တာ ကြာပြီလား"

"အင်း... အတန်းပြီးလောက်ကတည်းက... ဖုန်းခေါ်တော့လည်း နံပါတ်ပြောင်းထားတယ်ဆိုလို့..."

"ဟုတ်တယ်... သူ့ဖုန်း အန်တီတောင်မသိဘူး"

မေမေက ဝင်ပြော၏။

အိမ်မှာက ဒီအချိန်ဆို ဘယ်သူမှ သိပ်ရှိတတ်တာမဟုတ်။ မငယ်ကလည်း ရှေ့ဆိုင်မှာပဲ ရှိတာ။ ခုပုံဆို မေမေက ဧည့်သည်ကို တာဝန်ယူထားရသဖြင့် ဖေဖေနှင့် ရုံးလိုက်မသွားနိုင်ခြင်း ဖြစ်ပုံရသည်။

ခုတလော စစ်နေထံ ဆက်သွယ်နေသော မိန်းကလေးများ အတော်ကျဲပါးသွားတာကို သတိပြုမိသည်။ ဖုန်းနံပါတ်လဲလိုက်တာရော၊ accident ဖြစ်ထား၍ ဧည့်သည်အတွေ့မခံတာရော၊ ကိုယ်ကပြီး အရင်ကလို

www.burmeseclassic.com



မဆက်သွယ်ဖြစ်တာရော ပါသည်။ တချို့ကျတော့လည်း လက်လျော့လိုက်တာလား၊ အမြင်မှန်တွေ ရကုန်တာလား မသိ။ ခုဆို မမြန္မာဒီနှင့် သစ္စာပဲ ကျန်တော့သည်။ 'ကေ'တစ်ယောက်ကတော့ ပညာရေးတွင် နစ်နေဆဲ။ တစ်လတစ်ခါလောက် E-mail ပို့တာမှလွဲ၍ သူ့အချိန်တွေကို သိပ်အကုန်မခံတော့။

"သစ္စာ ကိစ္စပါသေးလား"

စစ်နေအမေးကြောင့် မေမေက မျက်မှောင်ကြုတ်ကာ ကြည့်သည်။ မေမေက ဒီခေတ်မိန်းကလေးများကို နားအလည်ကြီး မဟုတ်သည့်တိုင် မိန်းကလေးတစ်ယောက် အနေရခက်စေသော မေးခွန်းမျိုး မေးတာတော့ မကြိုက်တတ်။

"အင်း... ဆိုပါတော့... သစ္စာ ဖိတ်စာလာပေးတာ..."

ရုတ်တရက်ဆိုတော့ အားလုံးက သစ္စာတစ်ယောက် အလှူလုပ်တာလား၊ ညည့်ခံပွဲလား။ မွေးနေ့လားနှင့် စဉ်းစားကုန်ကြသည်။ သို့သော် သစ္စာထုတ်လိုက်တာက ဖြူဖွေးလက်တောက်နေသော ဖိတ်စာအဖြူရောင်လေး။ Engagement ဆိုသော စာလုံးလေးကိုလည်း မြင်နေရသည်။

နက္ခတ်တွေတော့ ခုမှတည့်ကုန်ပြီထင်တယ်... ဟု စစ်နေ တွေးမိကာ ပြုံးချင်ချင် ဖြစ်သွားရသေးသည်။

"သစ္စာ... စေ့စပ်တော့မယ်..."

"ဟင်... ဟုတ်လား..."

အအံ့သြဆုံးက မေမေဖြစ်သည်။ ဖိတ်စာလေးကို သစ္စာမွန်က မေမေ့ထံပဲ ကမ်းပေးသဖြင့် မေမေက ယူကြည့်၏။

"သမီးချစ်သူလား"





သစ္စာမွန်က ပြုံး၏။ ဘာအဓိပ္ပာယ်မှန်းတော့ မသိ။

"အိမ်က သဘောတူတာလည်း ပါ,ပါတယ်..."

အဖြေကလည်း ဘာအဓိပ္ပာယ်မှန်းလည်း မသိ။ အိမ်က သဘောတူတာလည်း ပါတဲ့ယ် ဆိုတော့ သဘောတူတဲ့လူကို သူလည်း ကြိုက်လို့ ရွေးလိုက်တာလား။ သူကြိုက်တဲ့သူကို အိမ်ကလည်း သဘောတူလိုက်တာလား ဘာမှန်းမသိ...။ သေချာတာကတော့ ထိုဖိတ်စာကို စစ်နေတစ်ယောက် တက်ကြွစွာ ဆွဲယူလိုက်တာပဲ ဖြစ်သည်။

"ဖိတ်စာက လှလိုက်တာ"

"အဲဒါ သူကိုယ်တိုင်လုပ်တာ၊ design ထုတ်တာလေ"

"ဟုတ်လား... designer လား..."

"designer ရယ်တော့ မဟုတ်ဘူး၊ ဒါပေမယ့် အဲဒါတွေကို ဝါသနာပါတယ်၊ လုပ်တုတ်တယ်ပေါ့..."

"ဪ..."

သစ္စာမွန်၏ခင်ပွန်းလောင်းက တော်တော့်ကို ပညာတတ်သောသူတစ်ယောက် ဖြစ်ပုံရသည်။ ဘွဲ့တွေမှ အများကြီး။ သူများတွေလို အစဉ်လိုက် ရသလိုယူထားသောဘွဲ့များ မဟုတ်။ သေချာ ရွေးချယ် တက်ရောက်ထားပြီးယူထားသော ဘွဲ့များဖြစ်မှန်း စစ်နေကတော့ သိသည်။ ခုမှ Diploma တစ်ခုယူရန် ကြိုးစားနေသော စစ်နေနှင့်တော့ အရာရာကွာမှာပေါ့။ စစ်နေထင်ဆိုတာက... မိဘက ချမ်းသာတာ၊ အစ်မတွေက မုံးမုံးမှုတ်ထားတာ၊ ကြည့်လို့ အတော်လေးအဆင်ပြေကာ စိတ်ကူးယဉ်ရောကောင်းတာက လွဲလျှင် ဘာမှ မပိုင်ဆိုင်သေးသော ခပ်ညံ့ညံ့ ကောင်လေးတစ်ယောက် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သစ္စာနှင့် ခုလိုလွဲရတာ (နဂိုကတည်းကလည်း ရည်ရွယ်မထားပါ) ကို ဝမ်းသာသော်လည်း သစ္စာရွေးချယ်လိုက်သော ပုဂ္ဂိုလ်ကို ကြည့်ကာ စစ်နေ နှော်င်တတွေ ရသွားသည်။ သူ့မှာ လုပ်စရာတွေ အများကြီးရှိသေးတာပဲ ဆိုတာ နားလည်လိုက်သည်။

သစ္စာမွန်က စည်သူနှင့် မင်းသွင်ကိုတော့ ပါးစပ်နှင့်ပဲ ဖိတ်သည်။ ဒီလောက်လည်း အကျွမ်းတဝင်မှ မရှိဘဲ...။

သစ္စာပြန်သွားတော့ ဘာမှန်းမသိ မေမေက သက်ပြင်းခိုးတစ်ချက် ချလိုက်တာကို မြင်သည်။ စစ်နေလည်း ဘာမှမမေးတော့။ ကိုယ်ကိုယ်တိုင်လည်း သက်ပြင်းချလို့ရသော အခြေအနေမှာ ရှိပါလျက်နှင့် ကိုယ့်ကိုယ်ကိုယ် ရုတ်တရက်မြင်တွေ့လိုက်ရသူပမာ ပြင်ဆင်လုပ်ကိုင်စရာများ ထပ်တွေ့လာရသဖြင့် သက်ပြင်းမချနိုင်၊ မပေါ့ပါးနိုင် ဖြစ်သွားရသည်။

စည်သူကတော့ ဖိတ်စာကို လှာကောက်ကိုင်ရင်း ပြောသည်။

"အင်း...ဘာလဲတော့မသိဘူး၊ သေချာတာကတော့ ဆူးတစ်ဆူး လျော့သွားပြီ...

"အံမယ်... မင်းစကားက ဒါဆို နေဆိုတဲ့ ကောင်လေးက ဖက်ကလေးပေါ့... ဟုတ်လား..."

"ငါ..."

ထုံးစံအတိုင်း စည်သူနှင့် မင်းသွင် စကားရည်လုကြပြန်တော့သည်။

❖





မိသားစု ညဘက်စကားထိုင်ပြောတော့ စစ်နေက သူ့အတွေးတစ်ခုကို တင်ပြသည်။

"ဖေဖေ..."

"ဟင်..."

"ကျွန်တော် Business Management နဲ့ ပတ်သက်တဲ့ course တွေ တက်ချင်တယ်"

ရုတ်တရက်ဆိုတော့ ဖေဖေ မျက်လုံးပြူးကာ သူ့ကိုကြည့်၏။ သူ့အလုပ် သူလုပ်နေသော အစ်မများကလည်း လှည့်ကြည့်ကြသည်။

"ဘာလို့လဲ..."

"ကျွန်တော် အလုပ်,လုပ်မယ်လေ၊ ဒါပေမယ့် ဒီတိုင်းကြီး လုပ်ရတာမျိုး မဟုတ်ဘဲ နားလည်မှ တတ်မှဖြစ်မယ်လို့ ကျွန်တော်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ခေါင်းညိတ်၏။

"ငါတို့လုပ်နေတာတွေကိုလည်း ဘယ်သူကမှ သင်မထားပါဘူး၊ ဒါပေမယ့် ခုခေတ်မှာက သူ့စနစ်နဲ့သူ သိထား တတ်ထားတာ မမှားပါဘူး၊ ဖေဖေ့အနေနဲ့လည်း အမြော်အမြင်ရှိတဲ့ တော်တဲ့ လူငယ် လုပ်နိုင်ကိုင်နိုင်တဲ့ လူငယ်တွေ ရှာနေစရာ မလိုတော့ဘူးပေါ့..."

"ဒါဆို ကျွန်တော် သင်တန်းတက်ဖို့ စီစဉ်လိုက်မယ်..."

မဦးက စစ်နေကို စိတ်မချဟန်နှင့်...

"နေတစ်ယောက်တည်း တက်မှာလား..."

"တစ်ယောက်တည်းပေါ့..."

"စည်သူတို့ကော..."

"သူတို့က ဝါသနာပါမှာ မဟုတ်ပါဘူး..."

အမှန်က ဝါသနာပါလား စိတ်ဝင်စားလားပင် မမေးရသေး။ ပါမည်လည်း မထင်...။ ကိုယ့်ကိုယ်ကိုယ်တောင် ခုမှ အလင်းရလိုက်သလို ရှာဖွေတွေ့ရှိသွားတာ မဟုတ်လား။ ပြီးတော့... သူတို့ကိုလည်း ဒီအရွယ်ရောက်မှ ကိုယ့်လို အလကား အချိန်မကုန်စေချင်။

"ထူးတော့ ထူးဆန်းတာပဲ..."

မငယ်က မချိုမချဉ်နှင့် သူ့ကိုကြည့်ကာ ပြော၏။

"ဘာထူးဆန်းတာလဲ..."

"ဩော်... ချက်ချင်းလက်ငင်းကြီး ပြောင်းလဲသွားတာ ဘယ်သူက များ ပြုပြင်ယူလိုက်သလဲလို့..."

မငယ်၏အပြောင်အပျက်စကားကို အားလုံးက စိတ်ဝင်တစား နားစွင့်နေကြတော့ မခက်ဘူးလား။ စစ်နေ ခပ်တည်တည်နှင့် ပြန်ပြောလိုက်၏။





"အဲလိုပြုပြင်ပေးမယ့်သူ လိုချင်နေတာ၊ မရှိတော့ ကိုယ့်ဘာသာကိုယ် ပြုပြင်ရတာပေါ့..."

"အလိုတော်..."

မလတ်က တအံ့တသြ ထအော်၏။

"ဘာဖြစ်တာလဲ မလတ်ရာ... လန့်လိုက်တာ..."

"နင်ကပဲ ပြောနေရသေးလား... နင့်ဘေးမှာ ဝိုင်းဝိုင်းလည်နေလို့ ငါတို့တောင် ဝိုင်းခါပေးနေရတယ် မဟုတ်လား..."

"အဖေအတိုင်းပဲ..."

ဖေဖေကလည်း မေမေကြားအောင် တမင်ကပ်ပြောသေး၏။ မေမေက မျက်စောင်းသာ လှည့်ထိုးနိုင်သည်။ သူစိတ်ဝင်စားတာက သားရင်ထဲက ထွက်လာမယ့်စကား မဟုတ်လား...။

"ကဲ... ပြောပါဦး၊ သား ဘာပြောချင်တာလဲ..."

"ဘာပြောရမလဲ စဉ်းစားနေတာ မေမေ၊ အနားမှာ ဝိုင်းဝိုင်းလည်နေတာတွေက သားလိုချင်တာမှ မပါတာ..."

"ဘုရား... ဘုရား... သားလိုချင်တာ ဘယ်သူတုန်း..."

မေမေက မသက်မသာလေးမေးသည်။

"အဲလိုလည်း မဟုတ်ပါဘူး၊ လိုချင်တာကို မရတာ မဟုတ်ပါဘူး၊ ဘာကိုလိုချင်မှန်းတောင် မသိသေးတဲ့ဟာ..."

"ဒါများ ငနေရယ်... ပတ်ရှုပ်နေသေးတယ်"

မဦးက ထိုသို့မှတ်ချက်ချကာ စကားဝိုင်းမှ ထ,သွားတော့၏။ 'ဘုရားရှိခိုးရဦးမယ်'တဲ့။ သေချာတာကတော့ မဦးဘဝမှာ ဘုရား တရားနှင့် [illegible]ပဲ ရှိတာ။ ဒီကအပြင်ဆိုလျှင် အလုပ်နှင့် မိတ်ဆွေတချို့... ကျွန်တော



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ စိတ်မဝင်စား...။

မယ်ကတော့ ပြုံးစိစိနှင့် မေးသည်။

"ဒါဆို နင်ဆိုချင်တာက ရည်းစားလိုချင်တယ်လား..."

စစ်နေ တမင်ပင် ရယ်ပစ်လိုက်သည်။

"ဟားဟား... မယ်ကလဲ romantic မဖြစ်လိုက်တာ၊ အားပေးကူမယ့်ချစ်သူ လိုချင်တယ် ပြောပါ..."

မလတ်က မဲ့ရွဲ့ပြရင်း...

"ဖြစ်ရတယ်...နင်တို့ကို အားပေးကူရဦးမယ်၊ ကောင်မလေးက နင့်လည်း ကြိုက်ရဦးမယ်၊ နင့်လည်း အားပေးရဦးမယ်၊ ပြီးရင် နားလည်းလည်ပေးရမယ်၊ အိမ်ဦးနတ် ဆိုပြီး အစစ လုပ်ကိုင်ပေးရဦးမယ်၊ ဘယ်နေရာမှာ သက်သာလဲ၊ နင်တို့ အသာချည်းပဲ..."

ဒါကို မယ်က ရယ်၏။

"အပျိုကြီးကတော့ သူ့ဒဿနတွေ ထုတ်ကုန်ပြီ၊ နင့်အစ်မတွေနဲ့ တွေ့ပေးတာ ကောင်းပါတယ်၊ ဒီလိုဒိုင်တွေ ဝင်သွားလို့ကတော့ chance နည်းပြီသာမှတ် သိလား..."

မလတ်ကလည်း မလျှော့။

"အံမယ် ဒါကတော့ ပြောရမှာပဲ၊ မိန်းမတွေဟာ နှာခေါင်းမပါရင် ချိုး(ချေး)စားမှာပဲလို့လည်း ပြောခဲ့ရသေးရဲ့၊ သူတို့ပဲ အဲဒီချိုး(ချေး)ကို ကျွေးချင်သေးရဲ့ ဆိုတာမျိုး ဖြစ်နေတာ..."

"မလတ် ကိုယ်တွေ့လားဟင်..."

စစ်နေ၏အမေးကြောင့် မလတ် စိတ်တိုကာ ထလိုက်တော့သည်။

"သေတော့မယ်... ငနေ..."





မောင်နှမနှစ်ယောက်သား မေမေ့ကို အလယ်ကထားကာ ပတ်ပြေးကြသည်။ ဒါကို ဖေဖေက...

"ထထ... အမေကြီး အလုပ်ရှိသေးတယ်၊ မင်းသမီးအလတ်ရဲ့ ဒဿနတွေ မင်းဆီပါဝင်လာရင် ငါပါ ဒုက္ခရောက်နိုင်တယ်၊ လာ... ညနေကကျန်တဲ့ file တွေ ဆက်စစ်ကြမယ်..."

ဟု ဆိုကာ မေမေ့ကို အတင်းဆွဲခေါ်သဖြင့် မေမေ ကန့်လန့်ကန့်လန့်နှင့် ပါသွားသည့်အတွက် စစ်နေ မလတ်၏ခေါင်းအုံးစာ မိသွားသည်။

"ဒါကြောင့် ဖေဖေကပြောတာ..."

"ဘာလဲ..."

"မိန်းမတွေက...တဲ့..."

"ဘာဖြစ်လဲ..."

"စိတ်ပျက်စရာ သိပ်ကောင်းတာပဲတဲ့..."

"သေလိုက်... ငါ မေမေနဲ့ တိုင်ပြောမယ်..."

"တိုင်ပေါ့... ဖေဖေက ဖြေရှင်းပါလိမ့်မယ်၊ သပ်သပ်စီဆိုတာကို..."

မလတ်က နားမလည်။

"ဘာသပ်သပ်စီလဲ..."

"သပ်သပ်စီပါဆို..."

"တော်ပြီ... ဘာမှမပြောနဲ့တော့..."

မလတ်က သူနားမလည်တာကို ဝန်မခံဘဲ အကြီးဆိုသောအာဏာနှင့် ပါးစပ်ပိတ်ခိုင်းသဖြင့် စစ်နေ ပါးစပ်ပိတ်ထားလိုက်ရသည်။ မလတ်ကို မပြောရတော့ မယ်နှင့် ပြောရုံပေါ့။

"မယ်..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ..."

"မဦးတို့က အိမ်ထောင်မပြုတော့ဘူးတဲ့လား"

မငယ်က အနားမှာရှိနေသေးသော မလတ်ကို မျက်စပစ်ပြကာ မျက်လုံးပြူးပြ၏။ စစ်နေက တမင်မေးတာပဲ။ ကိစ္စမရှိ ဆိုသော ပုံစံနှင့် ခေါင်းခါပြလိုက်သည်။

"နင်မေးပါလား..."

"မဦးနဲ့မလတ်ပြီးမှ နင့်အလှည့်လာမှာ၊ နင့်အတွက် ငါက ပြောတာပါ..."

"သေလိုက်... နင်က အငယ်ဆုံးမဟုတ်ဘူးလား"

"ငါက အငယ်ဆုံး ဆိုပေမယ့် ယောကျ်ားလေးဟ... တွက်စတမ်းဆိုရင် ယောကျ်ားလေးထဲမှာ အကြီးဆုံးပဲ... အင်း... သူတို့သာ ဒီတိုင်းနေသွားမယ်ဆိုရင်တော့ ဒုက္ခပဲ..."

မလတ်၏မျက်စောင်းက ဒိုင်းကနဲပြန်လှည့်လာသည်။ နေက မသိချင်ယောင်ဆောင်နေတော့ မငယ်ကလည်း Remote ကို ယူကာ သီချင်းကို အသံကျယ်ပစ်လိုက်သည်။

"နင်က ဘယ်လိုလုပ်ချင်လို့လဲ..."

"သူတို့ကို သင့်တော်ရာနဲ့..."

"ငနေ..."

စကားမဆုံးလိုက်...။ မလတ်အော်သံ ကြားရသဖြင့် စစ်နေမျက်နှာသေလေးနှင့် လှည့်ကြည့်လိုက်သည်။ ပြီးမှ...

"ဗျာ... မလတ်... သင့်တော်ရာတောင် မစောင့်တော့ဘူး ဟုတ်လား..."





စစ်နေစကားကြောင့် မငယ်က တဟားဟား ထ,ရယ်နိုင်သော်လည်း မလတ်ကတော့ နီးရာပစ္စည်းများနှင့် ကောက်ပစ်သဖြင့် စစ်နေ ထ,ပြေးရတော့သည်။

တကယ်တော့ ဒီမောင်နှမများနှင့် ခုလိုနေရတာကလည်း ပျော်စရာတစ်ပါးပါပဲ။ သီးချိန်တန် မသီးခဲ့လျှင်ပေါ့။ စစ်နေလည်း သူတို့လိုပဲ ဖြစ်ရင်တော့ ကောင်းသည်ပေါ့။ မဖြစ်နိုင်ဟုလည်း ကိုယ့်ဘာသာကိုယ် အလိုလို သိနေရသည်။

အခန်းထဲမှာ တစ်ယောက်တည်း ပြန်လှဲနေမိရင်း စဉ်းစားနေမိသည်။ သူ ရှေ့ဆက်လုပ်ရမည့် Plan များ။ ထို Plan များကြား ရောထွေးပါလာတာက မဥ္ဇူသက၏ပုံရိပ်...။ ဘာမှတော့ မဆိုင်...။ ခုတလော မကြာခဏ အတွေးထဲ ခုန်ဝင်လာတတ်သော အဖြူရောင်အရိပ်များကို စစ်နေ မောင်းထုတ်နေရသည်။ ခါတိုင်း လူများကို စစ်နေက လွယ်ပဲ မောင်းထုတ်ရသည်။ အတွေးထဲရောက်မလာသဖြင့် အတွေးထဲက မောင်းထုတ်စရာ မလို။ ခုကျကာမှ မဥ္ဇူသက ဆိုသော ပန်းဖြူဖြူလေးက စစ်နေ အတွေးထဲ မဖိတ်ခေါ်ရပါပဲ ဖျတ်ကနဲ ဖျတ်ကနဲ အလစ်ဝင်ရောက်လာတတ်သည်။ အတွေးဆိုတာကလည်း ဇကာတိုက် စစ်ယူလို့ရသော အရာမှ မဟုတ်တာ။

ထိုစဉ် ဖုန်းမြည်လာ၏။

ဒီဖုန်းကို သူပေးထားသောသူ အနည်းငယ်သာရှိသည်။ စည်သူ၊ မင်းသွင်နှင့် မဥ္ဇူသက...။ ကြည့်လိုက်တော့... စည်သူ့ဖုန်းလည်း မဟုတ်၊ မင်းသွင်ဖုန်းလည်း မဟုတ်...။ မဥ္ဇူသကဖုန်းကိုတော့ သူမသိ... သူ့ကို ပေးမှ မထားဘဲ...။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို..."

"ကိုစစ်နေလား..."

သေချာတာက ထိုအသံသည် အဖြူရောင် နတ်ပန်းလေး၏အသံ ဖြစ်သည်။

"ဟုတ်တယ်၊ မဥ္ဇူလား..."

စစ်နေ တမင်ပင် မဥ္ဇူဟု ခေါ်လိုက်သည်။ သူက ဇူဇူဟူသော နာမည်ကို မကြိုက်။ ဒီလောက်လှသော နာမည်လေးကို ဇူဇူ ဟူသော နာမည်ကြီးနှင့် မလဲနိုင်။ သူ့အတွေးက အတော်တော့ အူကြောင်ကြောင် နိုင်နေမလား မပြောတတ်။

"ဟုတ်တယ် စာမေးစရာရှိလို့..."

"ဘာလဲ... ဘာမေးမှာလဲ..."

"........က masculine လား feminine လား သိချင်လို့..."

"Feminine ပါ..."

"သြော်... ဒီမှာ ကျွန်မ မှတ်ထားတာ မှားနေလို့... ကျေးဇူးပဲနော်"

စကားအဆုံးမှာ ဖုန်းက တီကနဲ ပြတ်သွားသည်။ တီကနဲ ပြတ်မကျန် ခဲ့တာက စစ်နေ၏စိတ်များ...။ ခက်တာက... ဘာမှန်း မသိသေးသော စိတ်များကို ဘယ်လို ဖြတ်တောက်ပစ်ရမှန်း မသိခြင်းပင် ဖြစ်သည်။

❖





တကယ့်တကယ် Management Course တက်ဖြစ်တော့ ပွဲစားမင်းဘွဲ့ခင်က လွှဲလျှင် စည်သူနှင့် မဥ္ဇူက တကယ့်ကို စိတ်ပါဝင်စားသည်ဟု ဆိုကာ လိုက်တက်ကြသည်။ သူတို့ သင်တန်းချိန်ကို နေ့လည်ဘက် ယူထားသဖြင့် UFL မှ ပြီးသည်နှင့် အတော်ပင်။ သင်တန်းက နေ့လည် သုံးနာရီထိ...။ ထိုအခါတွင် စည်သူ၊ စစ်နေနှင့် မဥ္ဇူတို့က တစ်တွဲဖြစ် သွားတော့သည်။ စည်သူလည်း မဥ္ဇူကို အရင်ကလောက်ကြီး Sensitive မဖြစ်တော့ဟု စစ်နေထင်သည်။

"မင်းက သူ့ကို ဘာလို့ ဇူဇူလို့ မခေါ်တာလဲ..."

"မဥ္ဇူကို ပိုကြိုက်လို့..."

စစ်နေစကားကြောင့် စည်သူက 'နာမည်... နာမည်' ဟု ဖြည့်တွက်နေ၏။ စစ်နေက မကြားချင်ယောင်ဆောင်ကာ မသိကျိုးကျွံပြုထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ... သူများနဲ့မတူချင်တဲ့ သဘောလား..."

စည်သူ့မေးခွန်းက ဘာကြီးမှန်းမသိ။ စစ်နေ မျက်မှောင်ကြုတ်ပစ်လိုက်သည်။

"မတူချင်မှတော့ နာမည်ခေါ်မလား... အချစ်လို့ ခေါ်မှာပေါ့..."

"ဒါလည်း ကလီရှေးပဲ..."

"ငါ့အတွက်လည်း အီဒီယမ်တစ်ခုလို့ ငါပြောမိလို့လား"

"မပြောပါဘူး... ပြောတာထက်ပိုတဲ့ အပြတွေများ ပါနေသလားလို့..."

စည်သူက စစ်နေကို မသက်သာသလို ကြည့်ရင်း မေး၏။

"ဟော့... ဘာတွေပြနေတာလဲ..."

မဥ္ဇူသက ရောက်လာသည်။

"ကျောင်းပြေး... ဒီနေ့ projector နဲ့ပြပြီး စာစသင်တယ်လို့ပြောနေတာ..."

စစ်နေက စကားကို တမင်လွှဲကာ ပြောလိုက်၏။

ဟုတ်သည်...။ မနက်က မဥ္ဇူသကတစ်ယောက် UFL မတက်။ စည်သူကပါ မေး၏။

"မနက်က ဘာလို့ ကျောင်းမတက်တာလဲ"

မဥ္ဇူသက,က မချိုမချဉ်ရယ်ရင်း မေးသည်။

"အမှန်အတိုင်း ဖြေရမှာလား၊ ညာရမှာလား"

"ဒါကတော့ နင့် dignity နဲ့ နင်ပါ..."

စည်သူက ထိုသို့ပြောတော့ မဥ္ဇူသက,က မျက်စောင်းထိုးသည်။ စစ်နေကတော့ ထိုမျက်စောင်းလေးက သူ့အတွက် မဟုတ်သွားတာကိုပဲ





နှမြောနေမိသည်။

"အမှန်အတိုင်းဝန်ခံမှာပါ၊ အိပ်ရာကနိုးတော့ ရှစ်နာရီတောင် ခွဲတော့မယ်၊ ဒါကြောင့်... ဒါကြောင့်..."

"သြော်... မိန်းကလေးကိုး... ဒီလောက်တော့ ရှိမှာပေါ့"

"အံမယ်... ညက စာကြည့်တာ နောက်ကျသွားလို့ပါ..."

"မြင်ရတာမှ မဟုတ်တာ ယုံရမှာပေါ့"

စစ်နေက မယုံသလိုပြောတော့ မဥ္ဇူသက,က ရယ်သည်။ အမှန်က စိတ်ဆိုးရမှာ...။ ဘာလို့ရယ်မှန်း မသိ...။ သူမက စစ်နေနှင့်ကျလျှင် စကားနိုင်သိပ်မလုတတ်...။ အမြဲတမ်း အဆင်ချောအောင် ပြောတတ်သည်။

"ကဲပါ... ကိုစစ်နေရယ်... စာအုပ်ပေး စာကူးရအောင်..."

"ဟိုဘက်က အတန်းက နီးနေပြီ၊ ပြီးတော့ နင်က ဒီလက်ဖက်ရည်ဆိုင်ထဲမှာ စာထိုင်ကူးမလို့လား"

"အင်းပေါ့... ဘာလို့လဲ မကူးရဘူးလား"

"ငါ့စာအုပ် ညစ်ပတ်သွားမှာ စိုးလို့..."

အလကားနေရင်း တိုချင်ဟန်ဆောင်လိုက်သည်။ အမှန်က စစ်နေမှာ အကြံနှင့်။

"ဟုတ်တော့ ဟုတ်တယ်နော်၊ စားပွဲတွေက မသန့်ဘူး"

"ငါသုတ်ပေးမယ်"

အရေးထဲ စည်သူကဝင်ပြီး စားပွဲထိုးလုပ်ချင်နေ၍ စိတ်ထဲက ကြိတ်ပြီး မေတ္တာပို့ရသေးသည်။

"ရတယ်... မကူးတော့ဘူး... နောက်မှပဲ..."

မဥ္ဇူသက,က ထုတ်ထားသော စာအုပ်ကို ပြန်သိမ်းရင်း ပြင်ဆင်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ စစ်နေက လှမ်းပြောသည်။

"ပေးလိုက်လေ... ငါကူးပေးမယ်... ခုဟာက အချိန်လည်းမရှိဘူး"

မျှော်လင့်မထားသော စကားမို့ မဥ္ဇူသကပင် သူ့ကို တအံ့တသြ လေးကြည့်၏။ စည်သူဆိုတာတော့ ပြောမနေနှင့်။ တမင်ပင် ခေါင်းခြောက် လုံး၊ ခြေ ၂၄ ချောင်းပါသော သတ္တဝါကို တွေ့ရသလို မျက်လုံးပြူးထား၏။ စစ်နေက မသိချင်ယောင်ဆောင်ကာ မဥ္ဇူသက၏စာအုပ်ကို လှမ်းဆွဲပြီး အိတ်ထဲ ထည့်ထားလိုက်တော့သည်။ ပြီးတာနှင့် ဘာမှမဖြစ်သလို ထိုင်ရာမှ ထကာ...

"လာ... သွားရအောင်၊ ဟိုဘက်မှာ အဘောန်းစ,တော့မှာ"

စည်သူက တမင်ပင် ပေတေတေထိုင်ကာ ကြည့်နေဆဲ...။ မဥ္ဇူသကကတော့ သူနှင့်အတူ လိုက်ထရင်း စည်သူ့ကိုခေါ်သည်။

"ဘာလုပ်နေတာလဲ ထလေ..."

"ကြက်သေ, သေနေတာ..."

"ဝက်သေ, သေကြည့်ပါလား စည်သူ..."

စစ်နေလှည့်ပြောသောစကားကြောင့် စည်သူက ပြန်ပက်၏။

"အေး... မင်းသာ ခွေးသေ, သေ..."

စည်သူ့စကားက အရမ်းကြီးတာ,သွားလွန်းနေတာ စစ်နေက ငယ်ပေါင်းမို့ သိသည်။ ဒီကောင် ဘာဆိုလိုလဲ ဆိုတာကိုပေါ့။ သို့သော် လောလောဆယ်က မသိချင်ယောင်ဆောင်ထားတာ အကောင်းဆုံး။ မဟုတ်လျှင် မဥ္ဇူသကအတွက် အတိတ်ဟောင်းတွေက ပြန်နိုးထလာဦးမည်။

"ငါက ခွေးနှစ်မှာမွေးတာ မဟုတ်ဘူး..."

"ငါလည်း ကြက်နှစ်မှာမွေးတာ မဟုတ်ဘူး"





"ဘယ်နှစ်မှာ မွေးတာလဲ..."

"ဝက်နှစ်မှာ မွေးတာ..."

မဥ္ဇူသက,က ဝင်မေးသော မေးခွန်းကို စည်သူက လွတ်ခနဲဖြေမိ၏။

"ငါမပြောဘူးလား..."

စစ်နေ စောစောက ဝက်သေ,သေဟု ပြောမိတာကို ပြန်ကောက်ပြောတော့ မဥ္ဇူသက,က ရယ်သည်။ ပြီးမှ သူ့ကိုယ်သူလည်း ဘယ်နှစ်မှာမွေးမှန်း မသိဟု ဆိုသဖြင့် ဗေဒပညာရှင်ကြီး စစ်နေထင်က ဆရာကြီးလုပ်ကာ တွက်ချက်ပေးဖို့ ပြင်သည်။

"လက္ခဏာပါ ကြည့်ပေးမနေနဲ့ဦးနော်၊ တော်ကြာ ဆရာဘုင်တော့မှာ"

စည်သူက တမင်ပြော၏။

"ငါမှ လက္ခဏာ မကြည့်တတ်တာ..."

"အေးပါ ကြည့်တတ်တယ် ထင်သွားမှာစိုးလို့..."

စည်သူက မဥ္ဇူသက မကြားအောင် နားနားကပ်ပြောသဖြင့် ပြုံးရသေးသည်။ ဒီလောက်တော့ စစ်နေက အဖြစ်မဆိုးသေးပါ၊ သဘာဝကျပါသေးသည်။ ဘာပဲပြောပြော လောလောဆယ်က ကိုယ့်ဘာသာကိုယ် ဘာမှန်း မသိသေးခင်မှာ ဂရုစိုက်မှုတစ်ခုတော့ လိုချင်နေတာ သေချာမှန်း ကိုယ့်ကိုယ်ကိုယ် နားလည်လိုက်သည်။

ဒါဟာ... အချစ်မှ မဟုတ်သေးတာ...

တစ်စုံတစ်ယောက်ဆီက ဂရုပြုမှု လိုချင်တာ။ တစ်စုံတစ်ယောက်ကို ဂရုတစိုက် ရှိနေချင်တာ။ ဒါတွေဟာ အချစ်နဲ့ ဘယ်လိုများပတ်သက်နေလဲ...။ ချစ်ခြင်းဆီ ဆောင်ကြဉ်းသွားမည့် လှေကားထစ်တွေလား၊



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် ကိုယ်ပိုင်အတွေ့ရောနေသော စိတ်သက်သက်ပဲလား။

နေ့လည်ကျ စည်သူက ကိစ္စတစ်ခုရှိလို့ ဆိုကာ နောက်ဆုံးတစ်ချိန် မတက်ပဲ ပြန်သွားသဖြင့် အတန်းတွေပြီးတော့ စစ်နေနှင့် မဥ္ဇူသက နှစ်ယောက်တည်း။

"ဒီနေ့ ကျွန်တော်ကားမပါဘူး..."

"ဟင်... တကယ်လား... ဒါဆို ပို့ပေးမယ်လေ"

"ရပါတယ်... နေတာက တခြားစီကို..."

"ရပါတယ် တစ်ခါတလေပဲ၊ ကျွန်မက ကားမောင်းရတာ ပျော်တယ်..."

"ဒါဆိုလဲ ကျေးဇူးပါပဲ..."

"တစ်ခုတော့ ရှိတယ်..."

"ဘာလဲ..."

"ကျွန်မ ဝင်စရာတစ်ခုရှိတယ်..."

"ရတယ်လေ..."

"မကြာပါဘူး..."

ပထမဆုံးအကြိမ်အနေနှင့် စစ်နေ မဥ္ဇူသက၏ကားပေါ် ရောက်သွားသည်။ ကားက အဖြူရောင်၊ ကူရှင်တွေကိုလည်း အဖြူရောင်စွပ်ထားကာ အဖြူရောင်ဇာများ အုပ်ထားသေးသည်။ ထိုင်ရက်စရာပင် မရှိ။

ပြီးတော့ ကားနောက်ဖက်မှာ အဖြူရောင် ဝက်ဝံရုပ်ကလေးများ သုံးလေးကောင်ခန့် စီထားသေးသည်။

"မဥ္ဇူ..."

"ရှင်..."





"အဖြူရောင်ကို ဘာလို့ကြိုက်တာလဲ..."

"မသိဘူး..."

အဖြေက ပြတ်သားပါပေ့...။

"ဟုတ်တယ် တကယ်မသိဘူး၊ ငယ်ငယ်ကတည်းက တခြားအရောင်ပေးဝတ်ရင် ငိုတယ်၊ လစ်ရင် ချွတ်ပစ်တယ်၊ ဘာပစ္စည်းပေးပေး အဖြူကိုရွေးတယ်၊ မွေးကတည်းက ပါလာတာ ထင်တာပဲ"

"ထူးတော့ ထူးတယ်..."

"အင်း... အထူးအဆန်းကြီးတော့လည်း မဟုတ်ပါဘူး၊ အိမ်မှာဆို နီကလည်း အဝါရောင် crazy ပဲ၊ သူ့အရောင်က နေရာတကာ သုံးလို့မကောင်းလို့ သူက အဝါချည်းပဲ မသုံးတာ..."

"အရောင်တွေရဲ့အဓိပ္ပာယ်ကိုရော ယုံလား..."

"ယုံပါတယ် အရောင်တွေမှာ Power ရှိတယ်..."

စစ်နေက အဓိပ္ပာယ်ဟု သုံးတာကို သူမက Power ပါ ထပ်ဖြည့်ပေးသည်။

"Colorology ကို လေ့လာဖူးလား"

"အင်း... အရမ်းကြီးတော့ မသိပါဘူး၊ တစ်ခုတလေ ဖတ်မှတ်ထားတာပဲ ရှိတယ်၊ ကိုစစ်နေရော..."

"ကျွန်တော်က လေ့လာထားတယ်..."

"ဟုတ်လား... ဒါဆို... အဖြူရောင်အကြောင်း ပြောပါဦး"

စစ်နေကတော့ မျှော်လင့်ထားပြီးသော မေးခွန်းကို တွေ့လိုက်ရသောကျောင်းသားပမာ ပြုံးလိုက်မိသည်။

"တကယ်တော့ အဖြူရောင်ဆိုတာ ရောင်စဉ်တွေနဲ့ ဖွဲ့စည်းထား



www.burmeseclassic.com

www.burmeseclassic.com



တာပဲ"

မဥ္ဇူသက တစ်ချက် မျက်မှောင်လေးကြုတ်ပြီးမှ ခေါင်းညိတ်သည်။

"အဲဒီလို အလင်းတန်းအဖြူရဖို့ ရောင်စဉ်ခုနစ်သွယ်ဟာ မနားတမ်း လှည့်ပတ်နေရရှာတယ်..."

"ရှင်..."

"ဟုတ်တယ် မဥ္ဇူ... အဖြူရောင်ဟာ... သူ့ဖြူစင်မှုကို ထိန်းထားဖို့ အရမ်းပင်ပန်းကြီးစွာ လှုပ်ရှားရတတ်တယ်..."

မဥ္ဇူသက ခေါင်းကို တစ်ချက်ဆတ်၏။ လက်တော့ လက်ခံသည်။ ဘဝင်တော့ မကျချင်သေးသော သဘော။ စစ်နေ ကိုယ်၌ကလည်း ဘာ Theory မှ မပါဘဲ ကိုယ့်အတွေးနှင့် ကိုယ် ပြောနေခြင်းသာ ဖြစ်သည်။

"ပြီးတော့ရော..."

မဥ္ဇူသက,က ထောက်ခံဆွေးနွေးခြင်းထက် ရှေ့ဆက်စကားကိုသာ အာရုံရှိဟန်ဖြင့် မေးသဖြင့် စစ်နေ ဆက်ပြောရသည်။

"တကယ်တော့ အဖြူရောင်ဟာ နူတ်နဲ့ဆိုင်တဲ့ အရောင်ပဲ၊ စကားကြီးဆယ်ခွန်းကို လိုသလို မြင့်တင်ပေးနိုင်တဲ့ အရည်အချင်းရှိတယ်၊ ဓာတ်အရကတော့ အဖြူရောင်ဟာ သတ္တုဓာတ်စိုးမိုးတယ်၊ အကြောလိုက်နေတဲ့ လူတွေ အဖြူရောင်ဝတ်ပေးရင် သက်သာတတ်တယ်တဲ့..."

မဥ္ဇူသက,က စစ်နေလိုချင်ခဲ့ဖူးသော မျက်တောင်းလေးကိုပေး၏။

"ဟုတ်တယ်... ကျွန်မက အကြောလိုက်နေလို့ အမြဲ အဖြူဝတ်တာ..."

"ကျွန်တော် ဘာပြောမိလို့လဲ၊ မဥ္ဇူက အဲလိုမဟုတ်တာ ကျွန်တော်





သိတာပဲ ဒါပေမယ့်..."

"ဘာ... ဒါပေမယ့်လဲ..."

စစ်နေ စကားလုံးကို ရွေးချယ်နေမိသေးသည်။ ပြီးမှ...

"မဥ္ဇူ အဖြူရောင်တွေနဲ့ နေထိုင်ရတာ မပင်ပန်းဘူးလား"

မဥ္ဇူသက,က စစ်နေကို အထူးအဆန်းလို ကြည့်၏။

"ဘာလို့မေးတာလဲ..."

"ကျွန်တော် မဥ္ဇူကို အဖြူရောင်လေးတွေနဲ့ မြင်ရတာ သဘောကျပါတယ်၊ ဒါပေမယ့်... မဥ္ဇူ အရမ်းပင်ပန်း လေးလံနေမယ်လို့လည်း မြင်တယ်"

"ဘာကြောင့်လဲ..."

"အဲဒီအဖြူရောင်ကို မစွန်းထင်းအောင် ထိန်းသိမ်းထားရလို့..."

မဥ္ဇူသက ရယ်၏။

"ဟုတ်တော့ ဟုတ်ပါတယ် ကိုစစ်နေ..."

"မဟုတ်တာက ဘာလဲ..."

"မဟုတ်တာက ကျွန်မပါ၊ ကျွန်မက အဲဒီအတွက် အကျင့်လည်း ပါနေပြီဖြစ်တဲ့အပြင် ချက်ချင်းကြီးလည်း ရုန်းထွက်ဖို့ စိတ်ကူးမရှိဘူး"

သူမအစား စစ်နေကပဲ သက်ပြင်းတချို့ကို မသိမသာ ခိုးချလိုက်မိ၏။ တကယ်တော့ အဖြူရောင်သည် ရောင်စဉ်ခုနစ်ခု၏အရင်းအမြစ် ဖြစ်သည်။ ယင်းအရင်းအမြစ်ကပင် သူ့ရောင်စဉ်များ ပြန်လည်မထိုးဖောက်နိုင်အောင် ဖြားယောင်းထားရမည်မှာ ပင်ပန်းလိုက်မည့် ဖြစ်ခြင်း။ သို့သော် စစ်နေကလည်း မဥ္ဇူသကကို ထိုအရောင်ထဲမှ ရုန်းထွက်စေလိုသည် ဆန္ဒမရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင် နတ်ပန်းပွင့်ကလေး အရောင်ပြောင်းသွားခဲ့လျှင် သို့တည်းမဟုတ်… အရောင်တစ်မျိုးမျိုး ရောနှောသွားခဲ့လျှင် ဘယ်လိုဖြစ်မည်နည်း။ သေချာတာကတော့ သူ ခံနိုင်ရည်ရှိရန်အတွက် ရောနှောသင့်သည့်အရောင်သည် ကမ္ဘာတွင် တစ်ရောင်တည်းသာ ရှိလေသည်။

❖





UFL ကင်တင်းတွင် ထိုင်းရင်း 'သတ်ကွင်း'ဟု ကောင်လေးတချို့ ခေါ်ဝေါ်သော မြင်ကွင်းနေရာကို ငေးကြည့်နေမိသည်။

"သြော်… ကောင်းလေစွ… ကောင်းလေစွ…"

မင်းသွင်က ကော်ဖီခွက်ကို သိမှတ်မှဲ့စွာအမှုရင်း ညည်းခ၏။

"ဘာကောင်းတာလဲ…"

"အရောင်လေးတွေ… အရောင်လေးတွေ… လှမှ လှ… စုံနေတာပဲ၊ အဖြူက တစ်မျိုး၊ အနီက တစ်မျိုးတောင်မကတော့ဘူး… အမျိုးနှစ်ရာ သုံးရာလောက်ကို ဖြစ်နေတာပါလား"

မင်းသွင်က မဥ္ဇူသက၏အမေးကို ထိုသို့ဖြေသဖြင့် စည်သူနှင့် စင်မေခွီးကနဲ့ နေအောင် တမင်ရယ်ပစ်လိုက်ကြသည်။ ပြီးမှ စစ်နေကသို့ ဒီနေ့ဝတ်လာသော အရောင်စုံပြေးနေသည့်ရှပ်အင်္ကျီကို ငုံ့ကြည့်ရင်း ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



“ဟော့ကောင်… စည်သူ ငါကော ပါလားမသိဘူး… ငါလည်းရောင်စုံပဲ”

“မင်းက masculine ကြီး မပါဘူး”

မင်းသွင်က အရှက်မဲ့စွာငြင်းဆို၏။

“ဒါဆို… ငါကော…”

အဝါရောင်ကိုဝတ်ထားသော စည်သူက မချိုမချဉ်မေးပြန်တော့ မင်းသွင်က လာပြန်ပြီ… ဆိုသော အကြည့်နှင့် ကြည့်ကာ ခေါင်းခါသည်။

“ကျွန်မကော ကိုမင်းသွင်”

မဥ္ဇူက အရယ်တစ်ဝက်နှင့် ဝင်မေးပြန်သည်။

“နင်လား… နင့်အဖြူရောင်ကြီးကို ငါ စိတ်မဝင်စားပါဘူး၊ ဟိုမှာကြည့်စမ်း… အဝါလေး တွေ့လား မိုက်တယ်…”

“ငါ့လိုပဲနော်… ဟော့ကောင်…”

စည်သူက အတင်းကာရောဝင်ပြောသဖြင့် မင်းသွင် ရှုံ့မဲ့သွားသည်။ စစ်နေက…

“အားမငယ်နဲ့ စည်သူ၊ မင်းရဲ့အဝါရောင်ကို သူ စိတ်မဝင်စားပေမယ့် အဝါရောင်ရဲ့သဘောအရ သူ့ကို အမှန်တရားတွေ ပြောလာစေတယ်၊ ကြည့်… ခု သူဟာ… သူ့ကိုယ်သူ ဘာဆိုတာ အတိအလင်းဖော်ပြလိုက်ပြီလေ…”

ဟု ဆိုသဖြင့် မဥ္ဇူသက,က စစ်နေကို မေး၏။

“အဝါရောင်ရဲ့အဓိပ္ပာယ်က အမှန်တရားလား”

“ဟင့်အင်း… အဝါရောင်က အမှန်ကို မကြောက်မရွံ့ပြောတတ်လာစေတယ်၊ အပြစ်လုပ်မိရင်လည်း ဝန်ခံလာစေနိုင်တဲ့ အစွမ်းရှိတယ်”





“ဟုတ်လား…”

“ဒါတင်မကသေးဘူး… မကြာခဏ ဗိုက်နာတတ်တဲ့ ဝမ်းမခိုင်သူတွေကို အဝါရောင်အစ ခါးမှာပတ်ပေးပြီး သက်သာစေနိုင်သေးတယ်၊ ပြီးတော့ လူစုစုရှိတဲ့နေရာကို သွားချင်တဲ့စိတ် ဖြစ်စေတယ်၊ လူနဲ့ ဆက်စပ်နေတဲ့ အရောင် ဆိုပါတော့…”

စစ်နေစကားအဆုံးမှာ စည်သူက သူ့တီရှပ်ကို သူ တစ်ခါမှ မမြင်ဖူးသလို ငုံ့ကြည့်လိုက်ရင်း စကားတစ်ခွန်းကို ဆို၏။

“ဩော်… ဒါကြောင့် ဒီနေ့ ဒီနေရာကမခွာနိုင်တာကိုး”…တဲ့။

မင်းသွင်ကတော့ ရွဲ့တဲ့တဲ့နှင့် ‘ဒါပဲလား’… ဟု မေးသည်။

“ဘယ်ကမလဲ… အဝါရောင်က လူခေါ်တဲ့အရောင်လည်း ဖြစ်သေးတယ်”

“ညွှတ်ချွဲဖျား…”

စည်သူ ဇက်ကလေးပုကာ တေက်ပြားလိုအော်၏။ စစ်နေကတော့ သူ့စကားကို ငံ့လင့်နေဟန်ဖြင့် စိတ်ဝင်တစားရှိနေသော မဥ္ဇူသကဘက်ယောက်တည်းကိုပဲ မြင်ဟန်နှင့် စကားကိုဆက်သည်။

“တွေ့ဖူးမှာပေါ့ ကမ္ဘာပေါ်က မက်ဒေါ်နယ်လ်စားသောက်ဆိုင်တွေမှာ အဓိကသုံးတဲ့အရောင်က အဝါနဲ့ အနီလေ၊ အဝါရောင်က လူအုပ်ကို ဖြစ်စေတာ၊ အနီရောင်က လှုပ်ရှားတက်ကြွပြီး ဆာလောင်လာစေတာ…”

စစ်နေ့စကားကို မဥ္ဇူသက,က ခေါင်းတဆတ်ဆတ်ညိတ်သည်။

“ဖြစ်နိုင်တယ်…”

ဖြစ်နိုင်တယ်… ဟု ခပ်တည်တည်နှင့် မှတ်ချက်ပေးနေသဖြင့် စစ်နေတစ်ယောက် လေ့လာဖတ်ထားမှုတွေအတွက် ယုကျုံးမရ ဖြစ်ကာ



www.burmeseclassic.com

www.burmeseclassic.com



လဲသေပစ်ချင်သွားရသေးသည်။ သို့သော် ထိုစကားကို ပြောသူက မဋ္ဌုသက ဖြစ်နေခဲ့သည်လေ။

စည်သူကတော့ မင်းသွင်ဝတ်ထားသော အပြာရောင်အင်္ကျီကို ကြည့်ကာ မေးသည်။

"ဟော့... ဒါဆို အပြာရောင်အကြောင်း ပြောစမ်းပါဦး"

"အပြာရောင်ကတော့ သက်သောင့်သက်သာနဲ့ ငြိမ်းငြိမ်းချမ်းချမ်း နေချင်တဲ့ ဆန္ဒကို ဖြစ်စေတယ်၊ စိတ်ပညာအရတော့ အပြာဟာ အခြေခံ အရောင်ထဲမှာ ပါတယ်လေ၊ ရင်ကြပ်နေတဲ့လူတစ်ယောက်ကို အပြာရောင် လွှင်လွှင်လေးဝတ်ပေးရင် သက်သာစေတယ်..."

"တယ်ဟုတ်ပါလား... အမြဲတမ်း အပြာပဲ ဝတ်ရကော့မလို..."

စည်သူက ထိုသို့ပြောတော့ စစ်နေက ခေါင်းခါကာ တား၏။

"မဟုတ်ဘူး... အပြာရောင်ကိုဝတ်ရမယ့် အသင့်တော်ဆုံးရက်က ကြာသပတေးပဲ..."

"ဟင်... ဟုတ်လား... ဒါဆို ဘယ်နေ့မှာ ဘာအရောင်ဝတ်ရင် ကောင်းတယ်ဆိုတာ ရှိတယ်ပေါ့"

မဋ္ဌုသက,က ဝင်မေး၏။

"ဟုတ်တယ်... ဟုတ်တယ်... အဲဒါမျိုးကို ကလေးတွေကိုလည်း ဝတ်ပေးသင့်တယ်၊ ဇယားနဲ့ ဖော်ပြထားတာ ရှိတယ်လေ..."

"ပြောပြပါဦး..."

"တနင်္ဂနွေနေ့မှာ လိမ္မော်ရောင်

တနင်္လာနေ့မှာ ခရမ်းရောင်၊ မရမ်းရောင်

အင်္ဂါနေ့မှာ အနီ၊ ကြက်သွေး၊ ပန်းနု





ဗုဒ္ဓဟူးက အဝါ...

ကြာသပတေးက အပြာနဲ့ ခရမ်းပြာ

သောကြာက မဲနယ်ရောင်

စနေက အစိမ်း၊ ဒါမှမဟုတ် ဖက်ဖူးရောင်

အဲလိုမှတ်ထားလို့ ရတယ်..."

စိတ်ထဲကတော့ ပြောနေရင်း တွေးနေမိသည်။ ဒီလို ဘာနေ့ ဘာ အရောင်ဝတ်သင့်တယ်ဆိုတာ သိတော့လည်း သူမက ပြောင်းဝတ်မှာလည်း မဟုတ်ဘဲနှင့်။ ထို့ကြောင့် မေးခွန်းတစ်ခုကို လှမ်းမေးလိုက်သည်။

"စိတ်ဝင်တစား နားထောင်နေရအောင် မဋ္ဌုက အရောင်ပြောင်းပြီး ဝတ်တော့မှာမို့လား..."

ဒီလိုကျတော့ ခေါင်းခါသည်။

"ဟင့်အင်း... သိထားရအောင်ပေါ့..."

ဒီနေ့ တစ်ဖက်ကျောင်းသို့ကူးရန် သူတို့မှာ ကားပါမလာကြသဖြင့် မင်းသွင်နှင့် ချိန်းထားသော ပွဲစားတစ်ယောက်နှင့် ကားကြုံလိုက်ရန် ထိုင် စောင့်နေကြခြင်း ဖြစ်သည်။

"ဟော့ကောင် မင်းသွင် မင်းလူက လာပါဦးမလား၊ ချိန်းထားတာ ၉ နာရီခွဲ ခု ဆယ်နာရီထိုးတော့မယ်..."

စည်သူက နာရီကိုကြည့်ရင်း စကားကောင်းကာ မေ့လျော့နေကြ သောသူတို့ကို သတိပေးသည်။

"လာမှာပါ... ဒါ... ပွဲစား standard time လေ၊ အရမ်းတိကျ နေင် မသက်သာစရာ ကောင်းနေမှာမို့လို့ တမင်နောက်ကျလာတာ..."

မင်းသွင်က ခပ်တည်တည်နှင့် ဖြေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ… မင်းဥပမိကလည်း အဲလို မသင်္ကာစရာရုပ် နဂိုကတည်းက ပေါက်နေတော့ ဒီအလုပ်နဲ့ အံ့ဝင်ခွင်ကျပဲပေါ့…"

စစ်နေ၏စကားကြောင့် မင်းသွင် ဆဲရန်ပြင်ဆဲ လူတစ်ယောက် ရောက်လာ၏။

"မင်းသွင်…"

"ဟာ… ရောက်လာပြီလား ဘယ်ကဝင်လာတာလဲ…"

"ဟင်… ဒီဂိတ်ကပဲလေ… ဝင်လာကတည်းက ခင်ဗျားကို ရယ်ပြနေတာ၊ ကျုပ်က ခင်ဗျားမြင်တယ် မှတ်လို့…"

ထိုသူ့စကားကြောင့် သူတို့ရယ်မိကြသည်။ ထိုသူကလည်း ရိပ်မိသလိုလိုနှင့် ခပ်တည်တည်လိုက်ရယ်သည်။

"ဒီလိုပဲ… သူ့သူငယ်အိမ်က ကာလာရွေးတယ်…"

စည်သူက မကြားတကြားရေရွတ်၏။ မင်းသွင်က မကြားဟန်ဖြင့်…

"သြော်… ဒါ… ကျွန်တော့်သူငယ်ချင်းတွေ၊ စစ်နေထင်တဲ့… စည်သူတဲ့… မဥ္ဇူသကတဲ့… ကားကြုံလိုက်ဖို့ စောင့်နေတာ…"

"မဥ္ဇူသက…"

ထိုသူက မဥ္ဇူသကနာမည်ကို သံယောင်လိုက်ကာ ရေရွတ်၏။ ပြီးချက်ချင်းပင် မင်းသွင်ဘက်လှည့်ကာ…

"စိတ်မကောင်းပါဘူး မင်းသွင်၊ မဥ္ဇူသကလို နိမိတ်မကောင်းတဲ့ ကျိန်စာနဲ့လူကို ကျုပ် ခေါ်မသွားနိုင်ပါဘူး" ဟု ဆိုလိုက်လေသည်။

စည်သူနှင့် စစ်နေလည်း တအံ့တဩ မျက်နှာပြူးသွားကြရသည်။ မဥ္ဇူသက ဆိုတာတော့ ဆိုဖွယ်ရာပင် မရှိတော့။ မျက်နှာက သူမဝတ်ထားသောအင်္ကျီအဖြူနှင့် အပြိုင် ဖြူဖွေးအေးခဲသွားသလား မှတ်ရ၏။





မင်းသွင်ကတော့ မဥ္ဇူသကကို အားတုံ့အားနာကြည့်ရင်း သူ့လူကိုလည်း ဘာပြောရမှန်း မသိသဖြင့် အသာခေါ်ထုတ်သွားတော့သည်။ သူတို့ထွက်သွားပြီးသည်ထိ မဥ္ဇူသက မလှုပ်။

"မဥ္ဇူ…"

"ဇူဇူ…"

စစ်နေရော စည်သူပါ တစ်လှည့်စီခေါ်ရ၏။ ထိုအခါမှ အသက်ဝင်လာသူတစ်ယောက်လို လှည့်လာသည်။

"အင်း… ဟင်…"

"အဲလောက် ဖြစ်မသွားနဲ့လေ…"

စစ်နေက အပြုံးနှင့် နှစ်သိမ့်သော်လည်း အရာမထင်။ မဥ္ဇူသကကသာ နာကျင်စွာပြုံး၏။

"ဒါပဲဟာ… ပထမဆုံးအကြိမ် မဟုတ်ပါဘဲနဲ့တောင် ကျွန်မ အဆော် ထိခိုက်သွားရတယ်၊ မတတ်နိုင်ဘူးလေ… မပြေးသော်လည်း [illegible] ရှိခဲ့ပြီကိုး…"

စည်သူကတော့ ဝင်မေးသည်။

"ဇူဇူ…"

"ဟင်…"

"နင် သူ့ကို သိလား…"

"ဟင့်အင်း… မသိဘူး"

"မသိဘဲနဲ့ သူက ဘယ်လိုလုပ်…"

စစ်နေက ဝင်ရှင်းရတော့သည်။

"မသိလည်း တစ်ယောက်ယောက်နဲ့ဆက်စပ်နေတဲ့သူ ဖြစ်မှာပေါ့…"



www.burmeseclassic.com

www.burmeseclassic.com



"အင်း… ဖြစ်နိုင်ပါတယ်…"

မဥ္ဇူသက,က ခေါင်းကို လေးကန်စွာညိတ်၏။

"မင်းသွင်ကိုမေးလည်း ရပါတယ်ကွာ၊ ဒါက ထားပါ သိလည်း ဘာမှမဖြစ်ဘူး၊ မသိလည်း ဘာမှမဖြစ်ဘူး၊ ခုလောလောဆယ် ငါတို့အလုပ်က အတန်းမီအောင် ကားငှားသွားရမှာ၊ ကဲ… ထ… ထ ရှင်းမယ်ဟေ့"

စစ်နေက တမင်လောဆော်သလို လုပ်ကာ ထိုင်ရာမှ ထလိုက်၏။ အတန်းကတော့ ပထမအချိန် အနည်းငယ်နောက်ကျမှာ သေချာသလောက် ရှိနေပြီ မဟုတ်လား။ သူတို့ကားငှားပြီး သွားချိန်တွင် မင်းသွင်နှင့် သူ့မိတ်ဆွေပွဲစားကြီးကို စကားပြောနေဆဲ တွေ့ခဲ့ရသေးသည်။ သူတို့ လုမ်းမနှုတ်ဆက်ဖြစ်ကြတော့။ အချင်းချင်းပဲ နားလည်လောက်ပါသည်ဟု တွေးကာ ဒီတိုင်း ထားခဲ့လိုက်ကြသည်။

ကားထွက်လာမှ မဥ္ဇူအသံထွက်လာသည်။

"အိမ်ပဲပြန်မယ်၊ ကျောင်းကို ဒီနေ့မတက်တော့ဘူး"

"ဟာ… မလုပ်ပါနဲ့…"

"မလုပ်လို့ မရဘူး… ကျောင်းတက်လည်း စာထဲ စိတ်ရောက်မှာမှ မဟုတ်တာ…"

သူတို့ အခြေအတင်ချော့ခေါ်သော်လည်း မဥ္ဇူက မရ။ အတင်းပြန်သွားတော့သည်။ ထိုအခါကျမှ စာထဲ စိတ်မရောက်နိုင်တော့တာက စစ်နေဖြစ်သွားတော့သည်။ ဘာလို့မှန်း မသိ။ မဥ္ဇူကို စိတ်မချနိုင်ဖြစ်ကာ ဘေးမှာထားပြီး အရိပ်ကြည့်နေချင်စိတ် ရှိနေတာ ကိုယ့်ကိုယ်ကိုယ် သတိထားမိသွားသည်။

ခုမှတော့ ဘာတတ်နိုင်မှာမို့လဲကွယ်…။

❖





နောက်နေ့ကျတော့ စနေနေ့ဖြစ်နေသဖြင့် ကျောင်းပိတ်သည်။ မဥ္ဇူသကနှင့်တွေ့ရန် အကြောင်းမရှိ။ ဘယ်လို အကြံထုတ်ရပါ့မလဲ စနေကလင်းကတည်းက စဉ်းစားနေမိသည်။ တကယ်ဆို ဘာမှ စဉ်းစားနေစရာမလို။ အကြောင်းအရာတွေက အများကြီး။ ကိုယ်နှင့် သူကလည်း တိုင်ပင်စရာ ပြောစရာအကြောင်းက နှစ်ခုသောင်ရှိသည်။ ပြင်သစ်ဘာသာနှင့် ပတ်သက်ပြီး မေးမလား။ Management နဲ့ ပတ်သက်တာနဲ့ပဲ ဖေ့မလား… ဘာမဆို ရနိုင်ပါလျက်နှင့် တခြားသောနည်းလမ်းတွေ လှည့်စဉ်းစားနေမိသော ကိုယ့်ကိုယ်ကိုယ်လည်း နားမလည်နိုင်။

ဒီနေ့ကျကာမှ ခါတိုင်းလာနေကျ စည်သူကလည်း ရောက်မလာ။ 'မငယ်ကို စနေ၊ တနင်္ဂနွေ ဈေးလာကူရောင်းမယ်' ဆိုပြီး မလာကတည်းက စည်သူ့မှာ အကြောင်းကိစ္စတစ်ခုခုတော့ ရှိမှာ သေချာသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်မလာတာကပင် ခပ်ကောင်းကောင်း... ဟုစစ်နေ ဘာကြောင့်မှန်း မသိ တွေးမိသေးသည်။

"ဟဲ့... ဘာလုပ်နေတာလဲ... စာလုပ်နေတာလား"

ခပ်ငူငူထိုင်နေသော သူ့ကို မဦးက ရှေ့မှ သေချာလာကြည့်ရင်း မေး၏။

"ဟင့်အင်း idea ထုတ်နေတာ..."

မဦးက အထင်ကြီးရမလား၊ မယုံသင်္ကာဖြစ်ရမလားနှင့် ဇဝေဇဝါ ဖြစ်သွားပုံရသည်။ တစ်ခုခုပြောမည် ပြင်ပြီးမှ မပြောပဲ လှည့်ထွက်သွားသည်။ လေးငါးလှမ်းခန့် လှမ်းပြီးမှ...

"ထ... ထ... နောက်မှာ နင့်မွေးသမီခင်နဲ့ မွေးသဖခင်က မနက်စာ စားဖို့ မေးနေတယ်..."

ဒါများ ခုနကတည်းက ပြောပါတော့လားဟု စိတ်ထဲက ရေရွတ်ကာ စဉ်းစားခန်းကို ဖြတ်ထားလိုက်သည်။

"လာ... သား... ဒီနေ့ ကျောင်းမရှိဘူး မဟုတ်လား"

"ဟုတ်တယ်... ဖေဖေတို့က ရုံးသွားမှာ မဟုတ်လား"

"အင်း... လိုက်မလို့လား..."

"........."

ရုတ်တရက်မို့ စစ်နေ ဘာပြေရမှန်း မသိ။ အလုပ်အတွက် သင်တန်းတွေတက်နေတာ မှန်သော်လည်း ခုလောလောဆယ်မှာ ဖေဖေနှင့်အတူ အလုပ်ဝင်လုပ်ဖို့ ဝေးစွ... လိုက်လေ့လာဖို့ပင် စိတ်ကူးမရှိသေး။ ခုလောလောဆယ် ဘာတွေစိတ်ကူးနေလဲ မေးလျှင်တော့ တော်တော်ဖြေရခက်ပေလိမ့်မည်။ သို့သော်... သို့သော်လည်းပေါ့။ စစ်နေသည် သားလိမ္မာဖြစ်၏။





"ရုံးကို လိုက်ခဲ့မယ် ဖေဖေ..."

"အေး... ကောင်းတာပဲ၊ အနည်းဆုံး ဘာတွေလုပ်ကိုင်နေတယ် ဆိုတာ မြင်ရတာပေါ့၊ ရုံးကလူတွေနဲ့လည်း ရင်းနှီးမှု ရှိသွားမယ်..."

"ဟုတ်တယ်... ဟုတ်တယ်..."

မေမေကတော့ အားတက်သရောထောက်ခံ၏။ သူ့သားလေးကို သူ့မျက်စိအောက်မှာ ထားရမယ့် အရေးကို ဘယ်အမေက လက်မခံချင် ရှိပါ့မလဲ။ အမှန်က အကြံကုန်၍ ဘာလုပ်ရမှန်း မသိကာ အလကားနေ အလကားဟု တွေးတာရော၊ ဖေဖေ့စကားကို follow လိုက်ချင်တာရော ကြောင့်သာ လိုက်သွားရမည်။ စစ်နေ ဘာကိုမှ စိတ်မဝင်စား။

"စားသောက်ပြီး အဝတ်လဲတော့ အချိန်မရှိဘူး..."

ဖေဖေကတော့ သူ့ခွင်ထဲ ရောက်လာပြီမို့ စစ်နေ့ကို [illegible] ပေးတော့သည်။ ထို့ကြောင့် ကပျာကယာ ကော်ဖီကို [illegible] အပေါ်ပြန်တက်ကာ အဝတ်လဲရတော့၏။ အဝတ်လဲပြီး [illegible] မေမေ ဖုန်းပြောနေသည်ကို တွေ့ရသည်။

"ဟုတ်တယ်..."

"........."

"သားလား... သား ဒီနေ့ ရုံးလိုက်မှာလေ၊ [illegible] ကြည့်ဖို့"

"........."

"အေး ကောင်းတယ်... ကောင်းတယ်..."

မေမေက ဖုန်းချပြီး စစ်နေကို တွေ့သည်။

"ဟော... သား... ပြီးပြီလား... ရေကောချိုးရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ရေက ချိုးပြီးသွားပါ... မေမေ ဘယ်သူနဲ့ ပြောနေတာလဲ..."

"မြနန္ဒီလေ... သားရဲ့..."

တခြားအချိန်မှာသာ ဆိုလျှင်တော့ မေမေ့ကို ကျေးဇူးတင်မှာပင်။ အခုအချိန်မှာတော့ စစ်နေ မြနန္ဒီကို မဥ္ဇူသက၏အစ်မအဖြစ် လိုလားနေသည်။ ထို့ကြောင့် မေမေ့ကိုပင် အပြစ်တင်မိ၏။

"မေမေက သားကို ဘာလို့ မခေါ်ပေးတာလဲ..."

စစ်နေ၏စကားကြောင့် အမေလုပ်သူက တအံ့တသြကြည့်သည်။

"ထူးထူးဆန်းဆန်း သားရယ်... ခါတိုင်းလည်း ဒီလိုပဲ၊ သူတို့ ဆက်ရင် ဘယ်သူနဲ့တွေ့တွေ့ ပြောဆိုနေကြတာပဲ၊ သား အဖက်လုပ်ပြီး လာပြောလို့လား၊ ခေါ်ရင်တောင် ခေါင်းခါလက်ခါနဲ့ ငြင်းဆေးတဲ့ဟာ..."

ဟုတ်နေတာမို့ စစ်နေ ငြင်းရခက်သွား၏။

"ခုဟာက... ကိစ္စရှိလို့ပါ..."

"ကိစ္စရှိတယ်... ဟုတ်လား"

မေမေက မသင်္ကာသလို မေးပြန်သည်။

"ဟုတ်တယ်..."

စစ်နေအဖြေကြောင့် မေမေသဘောကျစွာ ပြုံး၏။

"အဲဒါဆို အတော်ပဲ၊ နေ့လည်ကျ မြနန္ဒီက ရုံးကို လာလည်မယ်လို့ မေမေ့ကိုပြောတယ်၊ သားပဲ ဧည့်ခံလိုက်တော့ပေါ့"

"တကယ်ပြောတာလား"

"တကယ်ပေါ့..."

"ကောင်းတယ် မေမေ..."

လွတ်လပ်ပေါ့ပါးစွာနှင့် ဝမ်းသာအယ်လဲ ပြောလိုက်သော စစ်နေကို





မေမေက ခုထိ တအံ့တသြနှင့် မယုံသင်္ကာဖြစ်နေတုန်း။ စစ်နေလည်း ကိုယ့်ဘာသာကိုယ် အံ့သြသည်ပဲ။ အကြိမ်ကြိမ်ရှောင်ခဲ့ဖူးသော မမြနန္ဒီကို မဥ္ဇူသကနှင့် ပတ်သက်သည်ဆိုရုံမျှနှင့် မဥ္ဇူသကကိုတွေ့ချင်နေသော အချိန်မှာ မဥ္ဇူသကကို တွေ့ရမှာလည်း မဟုတ်ပါဘဲနှင့် ကျေနပ်နေမိသော ကိုယ့်ကိုယ်ကိုယ်လည်း အံ့သြမဆုံး။

ရုံးရောက်တော့ ကိုယ်သိပြီးသား Process တချို့ကို မသိချင်ယောင်ဆောင်ကာ စိတ်ဝင်စားချင်ယောင်ဆောင်ပြီး လိုက်ကြည့်နေလိုက်မိသည်။ စိတ်ကတော့ နေ့လည် မြန်မြန်ရောက်ချင်လှပြီ။

"ကိုစစ်နေက ဒီမှာ အလုပ်ဝင်တော့မှာဆို..."

"ဟုတ်တယ်..."

"ဘယ်တော့လဲ..."

"ဒီနေ့လည်..."

"ရှင်..."

ဝက်ထောက်အတွင်းရေးမှူးမလေး ယဉ်သီခင်က မေးသော မေးခွန်းကို မှားဖြေမိသဖြင့် ယဉ်သီခင်က တအံ့တသြ ပြန်ကြည့်၏။

"အဲ... အဲ... မဟုတ်ဘူး... မှားလို့... ဒီနှစ်အလည်လောက်မှာလို့ ပြောတာပါ၊ ခုမှ ကျွန်တော် Course တွေ တက်နေတုန်း..."

"သြော်..."

ယဉ်သီခင်က ခေါင်းတညိတ်ညိတ်နှင့်...။ ဘာကိုနားလည်သွားမှန်းတော့ မသိ...။ ဘာမှ ဆက်မမေးတော့တာပဲ ကျေးဇူးဆပ်ရဦးတော့မည်ဟု တွေးနေမိသေး၏။

မျှော်ကာမှ နေ့လည်ဆိုတာကြီးက ရောက်မလာတော့။ ဒီအရွယ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျကာမှ နေ့လည်ဆိုတာ ဆယ့်နှစ်နာရီကို ခေါ်တာပဲဟု ပြန်တွေးစဉ်းစားနေရတာလည်း သိပ်တော့ အလုပ်မဟုတ်။ နေ့လည်ဆိုတာ ဘယ်အချိန်က စ,လဲ...။ ၁၂ နာရီနောက်ပိုင်းလား။ လေးနာရီမတိုင်ခင်ထိ အကျုံးဝင်လား။ စွယ်စုံကျမ်းပဲ ပြေးလှန်ရတော့မလို ဖြစ်နေမိသည်။

"ထမင်းစားမယ်တဲ့ ကိုစစ်နေ..."

တစ်ယောက်တည်း ဧည့်ခန်းမှာ ငုတ်တုတ်ထိုင်နေမိသော သူ့ကို ယဉ်သီခင်က လာခေါ်သည်။ မေမေခေါ်ခိုင်းတာ နေမှာပေါ့။ နာရီကြည့်တော့ တစ်နာရီထိုးဖို့ ဆယ့်ငါး။ ဒါ နေ့လည်လား...။

"ခုစားမှာ မနက်စာလား၊ နေ့လည်စာလား..."

"ရှင်..."

သူ့စကားကြောင့် ယဉ်သီခင် မျက်လုံးပြူးသွားပြန်သည်။

"အဲ... မနက်စာ... အင်း... နေ့လည်စာထင်တယ်"

"ခု... နေ့လည်လား"

"အင်း... ထင်တာပဲ..."

သူမလည်း စွယ်စုံကျမ်း ပြန်လှန်ရမည့်ထဲ ပါပုံရသည်။ သို့သော် သူမက ခလောလောဆယ် ဘယ်စွယ်စုံကျမ်းထက် ဘာမှန်းမသိဖြစ်နေသော စစ်နေကိုဖြေရှင်းဖို့ ပိုတာဝန်ရှိနေသည်။

"အန်တီက ခလာတော့တဲ့..."

"နေ့လည်စာဆိုတာ သေချာရင် ကျွန်တော်စားမယ်လို့..."

"အဲ..."

ယဉ်သီခင် ခေါင်းကို မသိမသာကုတ်၏။

"အလကားနောက်တာပါ၊ ကျွန်တော် သွားပါမယ်"





ထိုအခါကျမှ ယဉ်သီခင့်ထံမှ သက်ပြင်းမွမွမကို ကြားလိုက်ရသည်။ ပြီးတာနှင့် တချိုးတည်းပျောက်သွားတော့သည်။

ထမင်းစားနေကျ အခန်းလေးကို ဖွင့်ဝင်လိုက်တော့ စစ်နေ အံ့သြသွားရသည်။

"ဟင်... မဋ္ဌူ..."

ထမင်းစားခန်းလေးထဲမှာ ထိုင်နေသော မေမေနှင့်အတူ မြနဒီ ဘ မဋ္ဌူသကပါရှိနေပါလျက် မဋ္ဌူဟုသာ ခေါ်မိ၍ မေမေက သူ့ကို ကြည့်၏။ စူးစမ်းသောအကြည့်...။ မေမေက မဋ္ဌူကို နာမည်သာသိပြီး ခုမှ မြင်ဖူးသူ ဖြစ်၏။ သူနှင့်အတူ ကျောင်းတက်နေတာ မမမြနဒီရဲ့ညီမတော်တာ မေမေ့ကို ဘာမှ ပြောမပြဖြစ်။ မေမေသိလျှင် ဘာဖြစ်မှာစိုးလို့ ညာဖြစ်မှာစိုးလို့ ဆိုတာထက်ကို ဘာလို့မှန်းမသိ မပြောပြခဲ့မိတာပဲ ရှိသည်။

"လာထိုင်လေ နေ... ထမင်းစားမလို့မဟုတ်လား"

မမမြနဒီက မေမေ့ဘေးမှနေရာကို ညွှန်ပြကာ ထိုင်ခိုင်း၏။ စစ်နေက အမှုမဲ့ အမှတ်မဲ့လိုလိုနှင့် မဋ္ဌူသကဘေးမှ လွတ်နေသောခုံတွင် ဝင်ထိုင်ပစ်လိုက်သည်။

"မမတို့ကော စားပြီးပြီလား..."

"စားပြီးပြီ... အားမနာနဲ့ စား... ပြီးမှ စကားပြောမယ်"

မြနဒီက လူကြီးဆန်စွာ အလိုက်သိသောစကားကို ဆို၏။ မေမေကတော့ မမမြနဒီကို သဘောကျနေသူပီပီ ကျေနပ်စွာ ခေါင်းတညိတ်ညိတ်။

"ဒါဆို ခဏထိုင်နော်၊ အန်တီတို့ ထမင်းစားလိုက်ဦးမယ်"

"ထိုင်ဦး မမ... ပြီးရင်... ကျွန်တော် ကော်ဖီလိုက်တိုက်မယ်"

"ဟဲ့... ဒီမှာတိုက်လေ... ယဉ်သီကို စီစဉ်ခိုင်းလိုက်..."



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် မေမေ... ကျွန်တော် အပြင်မှာတိုက်မယ်၊ ဒီက ကော်ဖီမစ်ကို မသောက်နဲ့ သိလား... မကောင်းဘူး"

စစ်နေက နောက်သလိုလိုနှင့် အတည်ပြောလိုက်တော့ မေမေကနားလည်စွာ မျက်စောင်းချိတ်၏။

ထမင်းကို ကပျာကယာ၊ ကသောကမျော၊ အလျင်စလို၊ ပြီးစလွယ် (ဘာယ်ဝေါဟာရ ထပ်သုံးသုံး ရနိုင်သည့်နည်းများနှင့်) မျိုချပစ်လိုက်သည်။

"ဟဲ့... ပြီးပြီလား..."

"အင်း... ဖေဖေကော၊ ဖေဖေ မစားဘူးလား..."

"လာပါလိမ့်မယ်..."

မေမေက တစ်ဖက်ခန်းသို့ မျက်စပစ်ပြသဖြင့် စစ်နေ သဘောပေါက်လိုက်သည်။ ဖေဖေက အပြင်လူရှိနေလျှင် ထမင်းမစားတတ်။

"မေမေက ဖေဖေ့ကိုစောင့်နေတာ မဟုတ်လား၊ သားက အလိုက်သိပါတယ်၊ ကဲကဲ... သွားပြီ... လာ... မမ... မဥ္ဇူ... သွားရအောင်"

သုံးယောက်သား ထွက်သွားကြတာကို မေမေ ငေးကြည့်ကျန်ခဲ့မှာကို သိနေသည်။ မေမေ ဘာတွေ တွေးနေလိမ့်ဦးမလဲ မသိ။ နောက်မှပဲ ကြည့်၍ ခေါင်းငုံ့ကာ ဖြေရှင်းလိုက်တော့မည်။ လောလောဆယ်တော့...

❖





ကော်ဖီဆိုင်ရောက်သည်ထိ မဥ္ဇူသကထံမှ ဘာစကားသံမှ မကြားရသေး။

"ဘာသောက်မလဲ မဥ္ဇူ..."

"Espresso..."

"မမကော..."

"Espresso ပဲ..."

ထို့ကြောင့် စစ်နေပါ အတူတူမှာလိုက်သည်။

"မမ ဒီနေ့ ကျောင်းပိတ်လို့ လျှောက်လည်တာလား..."

မြနန္ဒာက ပြုံးသည်။

"လျှောက်လည်တယ်ပဲ ဆိုပါတော့ နေရယ်... ဒီမှာ ညီမတော် ဖူဖူ ဂေါက်နေလို့ အပြင်ခေါ်ထုတ်လာတာ၊ အစကတော့ မနက်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



သူ့အိမ်မှာ သွားနှပ်နေမလို့...”

“မဥ္ဇူ ဘာဖြစ်လို့လဲ...”

“ဘာမှ မဖြစ်ဘူး...”

မဥ္ဇူက အားမရှိသလို ပြုံးကာ ခေါင်းခါ၏။

“ဘာလို့ ဘာမှမဖြစ်ရမှာလဲ၊ ဟိုနေ့က ကျောင်းမှာ ဘာဖြစ်လာလဲ နေ သိတယ်ဆို...”

ထိုအခါကျမှ စစ်နေ သတိရသွားကာ...”

“အာ... အဲလောက်မဖြစ်ပါနဲ့လို့ ပြောထားရက်သားနဲ့... မဥ္ဇူက လည်း...”

“မဖြစ်ပါဘူး... ဆို...”

မဥ္ဇူသက,က မျက်စောင်းဖျော့ဖျော့လေးချိတ်ကာ စူတူတူငြင်း၏။ ထိုမျက်စောင်းစူစူလေးက သေမယ်ဆို သေပျော်လောက်သော အကြည့်ဟု စစ်နေပင် တွေးလိုက်မိသေးသည်။

“မဖြစ်ရင် ပျော်ပျော်နေလေ...”

“ခု ပျော်နေတာပဲ...”

တိုစကားကြောင့် မမမြနဒီက သူ့ညီမကို မယုံသလိုကြည့်၏။ စစ်နေကတော့ ကိုယ့်အတွေးနှင့်ကိုယ် ထိုစကားကို အဓိပ္ပာယ်ကောက်သည်။ သူနှင့်တွေ့မှ ပျော်သွားတာ... ဆိုသော အဓိပ္ပာယ်။

“ပျော်ရင် ပုံမှန်နေလေ...”

“နေမှာပါ... မေးစရာတော့ရှိတယ်...”

“ဘာမေးမှာလဲ... မေး...”

“ဟင့်အင်း... ကိုစစ်နေလည်း ဖြေရမယ်... နှစ်ယောက်လုံး...”





ထိုစကားကြောင့် စစ်နေ ခေါင်းညိတ်ပေးလိုက်သည်။ သူမလေး ပျော်ဖို့ဆိုလျှင် မေးခွန်းတစ်ခုသာမက စာမေးပွဲအဆက်ဆက်ပင် ဖြေရစေဦး ဖြေမိမှာပင်။

“အင်း... ဖြေမယ် မေး...”

မေး... ဆိုတော့မှ မဥ္ဇူသက,က နှုတ်ခမ်းထောင့်ကလေးကို ကိုက်ကာ စကားလုံးရွေးချယ်နေသေးသည်။ စက္ကန့်အတော်ကြာမှ...

“မဥ္ဇူသက ဆိုတာ လူတွေကိုသတ်နေတဲ့သူ... ကျိန်စာနဲ့မိန်းမ... သူ့ကိုချစ်မိသူတိုင်း သေမှာပဲ... ဆိုတဲ့ စကားတွေကို ယုံလား...”

မြတ်စွာဘုရား...။

ဒီလို ဘုရားတ,မိတာ စစ်နေတစ်ယောက်တည်းမှ ဟုတ်ပါရဲ့လား မသိ။ မျက်ဝန်းနက်များ ဝိုင်းသွားသည်ထိ မမမြနဒီလည်း မျက်လုံးပြူး သွားရတာကို စစ်နေ သတိထားမိသည်။

မေးခွန်းက လွယ်မယောင်နှင့် အတော်ခက်သည်။ နှစ်ယောက်လုံး ငြိမ်သက်သွားတာ မဆန်း။

မဥ္ဇူသက,ကတော့ မျှော်လင့်ချက်များနှင့် သူတို့နှစ်ယောက်၏ အဖြေ ကို ငြိမ်သက်စွာ စောင့်စားနေသည်။ တကယ့်တကယ်ဆိုလျှင်တော့ ‘မယုံဘူး’ ဆိုသောအဖြေ ဖြစ်သောလည်း ထိုအဖြေကို မဥ္ဇူသက,က ယုံပါ့မလား၊ ကိုယ်ကိုယ်တိုင်လည်. ယုံ မယုံ မသေချာ။

“မမကတော့ မယုံဘူး ဇူဇူ၊ တိုက်ဆိုင်မှုတွေအများကြီးဆိုတာ ဘဝမှာ ဖြစ်တတ်တာပဲ”

“အရမ်းများပြီး အရင်းအနှီးက ကြီးမနေဘူးလား မမ...”

“ဒါတော့ ဟုတ်တယ်၊ ဒါပေမယ့် ဒါကြီးက ငါ့ကြောင့်ဖြစ်ဖြစ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



လို့တော့ တရားသေတွက်လို့ မရတာ အမှန်ပဲ၊ ရှုရှု့ကို စိတ်ဝင်စားတဲ့ သူတိုင်း သေခဲ့ကြတာမှ မဟုတ်တာ…"

"အရမ်း ဒီဂရီမြင့်တဲ့သူနဲ့ မမြင့်တဲ့သူပဲ ကွာတာတဲ့…"

"ဘယ်သူက ပြောတာလဲ…"

ဒါကိုတော့ စစ်နေ ဝင်မေးလိုက်မိသည်။

"ရှု့သူငယ်ချင်းမလေးတစ်ယောက်က… သူလည်း ယုံလို့တော့ မဟုတ်ဘူး၊ အဲလိုတွေးရင်လည်း ရတယ်လို့ ပြောတာ…"

"တွေးတာကတော့ ထောင့်စုံက တွေးလို့ ရတာပဲ…"

"ကိုစစ်နေက ဘယ်လိုတွေးလဲ…"

"စောစောက မဥ္ဇူမေးသလို ကျိန်စာသင့်တယ်၊ ကံပါလာတယ်… ဆိုတဲ့ စကားတွေကိုတော့ ကျွန်တော် ဘာမှ မငြင်းချင်ဘူး၊ ဒါ ကျွန်တော်တို့ မြင်နိုင် သိနိုင် ကောက်ချက်ချနိုင်တဲ့အထဲမှာ မပါဘူး…"

"ဒီတော့…"

"ကျန်တဲ့အပိုင်းအတွက်ကတော့ ကျွန်တော်တို့ analyze လုပ်ကြည့်ရမယ်၊ အချိန်ယူ စောင့်ကြည့်ရမယ်"

"ဘယ်လို analyze လုပ်လို့ရလဲ…"

"တကယ့်တကယ်… လူတွေအားလုံး ဆိုပါစို့… မဥ္ဇူကို ချစ်မိပါတယ်ဆိုတဲ့ လူတွေအားလုံး တကယ်ပဲ ကံဆိုးခဲ့ကြတာလား၊ ကံဆိုးခဲ့ကြတဲ့ သူ (၆) ယောက် (၇) ယောက်လောက်မှာ သူ့ကံကြမ္မာနဲ့သူ တကယ် သေနေ့စေ့ခဲ့တဲ့သူက ဘယ်နှစ်ယောက်ပါလဲ… ဘယ်သူသိနိုင်မှာလဲ"

"ဒါလည်း ဟုတ်တာပဲ၊ သူ့ဘာသာသူ ဖြစ်ခဲ့တာကို ရှုရှု့ကြောင့်လို့ လက်ညှိုးထိုးစရာ အပြစ် ဖြစ်သွားကြတာတွေလည်း ရှိမှာပဲ"





မမမြနန္ဒီကပါ ထောက်ခံ၏။

"ဒါဆို ကိုစစ်နေသဘောက…"

"မယုံသေးဘူး… စောင့်ကြည့်ဖို့လိုတယ်…"

"စောင့်ကြည့်ဦးမယ်… ဟုတ်လား…"

မဥ္ဇူသက,က အလိုမကျသံလေးနှင့် မေး၏။ စစ်နေ ခေါင်းသာ ညိတ်ပြလိုက်သည်။ တကယ့်တကယ်က သူ့ကံကြမ္မာထက် ကိုယ့်ကံကြမ္မာကို အလောင်းအစားလုပ်ပြီး စောင့်ကြည့်မှာ… ဆိုတာ သူမ,မှ မသိပဲ၊ စစ်နေဘက်ကတော့ ကိုယ့်အသက်ကိုယ် လောင်းကြေးထပ်ကာ ထိုပွဲမှာ ထိုးသားအဖြစ် ဝင်ပါဖို့ ဆုံးဖြတ်လိုက်ပြီးသား ဆိုတာ စက္ကန့်ပိုင်းအတွင်း ကိုယ့်ကိုယ်ကိုယ် သေချာသွားရတာကို အံ့သြမဆုံး။

ဒီနေ့ မဥ္ဇူသက,က မငယ်ထံမှဝယ်သွားသော ပုလဲဖြူဖြူလေး ကိုးကုံးဆင့်ကို ဆွဲထားသည်။ အဖြူရောင်တီရှပ်လက်စကနှင့် ဂျင်းဘောင်းဘီ အဖြူနှင့် ကပိုကရိုလုနေသော မဥ္ဇူသကကိုကြည့်ကာ စစ်နေတစ်ယောက် လောကကြီးကို မေ့နေမိသည်။ ဆောက မမမြနန္ဒီကိုတော့ အားနာပါသည်။ သို့သော် စစ်နေမှာက မဥ္ဇူသကပျော်အောင် ဖန်တီးပေးဖို့ပဲ စိတ်ဝင်စားနေမိ၏။

"ကဲ… အဲဒါတွေပြီးရင် ထားလိုက်တော့၊ ခု ဘာလုပ်ချင်လဲ၊ ဘယ်သွားချင်လဲ၊ ဘာစားချင်လဲ…"

မဥ္ဇူသက,က သူ့အစ်မကို စစ်ကူတောင်းသလို လှမ်းကြည့်၏။ မမမြနန္ဒီက ပခုံးသာတွန့်ပြသည်။ ပြီးတော့ စစ်နေကိုလည်း မဆိုစလောက် ကလေး အကဲခတ်သလို ကြည့်သည်။ အစစအရာရာ သဘောတူ… သွားရင် ကောင်းမှာပဲဟုတော့ စစ်နေ တွေးလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကားလျှောက်မောင်းမယ်"

"ဘယ်ကိုလဲ..."

"ဘယ်ဖြစ်ဖြစ်ပေါ့... မမ မလိုက်ရဲဘူးလား"

"လိုက်ရဲပါတယ်၊ တော်ကြာ စစ်နေအိမ်က သူတို့သားလေးကို ခေါ်ထုတ်သွားတယ် ဖြစ်နေဦးမယ်၊ မမက လူကြီးလေ..."

ဒီလိုကျတော့လည်း မဍ္ဍူသက,က နာခံရှာသည်။

"အင်းပါ... ဒီလိုဆိုတော့လည်း ယောကျ်ားလေးတစ်ယောက် အိမ်ပြန်ချိန်ကို တွက်ချက်ပြီး မောင်းကြတာပေါ့၊ ပြီးမှ ကြုံတဲ့နေရာမှာ ဝင်စားကြမယ်"

ဒီလိုကျတော့လည်း စစ်နေ သိက္ခာကျသည်။

"ရပါတယ်၊ ကျွန်တော့်အပြန်ကို ထည့်မတွက်နဲ့..."

"မတွက်လို့ ရမလား. နေ... အမေနဲ့ အစ်မတွေ စိတ်ပူနေမှာပေါ့..."

မမမြနန္ဒီက မျက်မှောင်လေးကြုတ်ကာ ပြောသဖြင့် စစ်နေ ငြိမ်နေလိုက်ရသည်။ သူ့ဘဝက ဒီညီအစ်မ စီရင်ရာ ခံရမည့် ဘဝလေး။ ညီမမျက်နှာနှင့် အစ်မစီမံတာကို နာခံရဦးတော့မှာပေါ့။

သူတို့ ထိုနေ့ညနေ တစ်ညနေလုံး ကားလျှောက်မောင်းတာ ပဲခူးထိရောက်သည်။ ရွှေအုန်းပင်မှာ ထမင်းစားပြီးမှ ပြန်ခဲ့ကြသည်။ အိမ်ပြန်ရောက်တော့ မမမြနန္ဒီ စကားနားထောင်မိတာပဲ မှန်သလိုလို...။

"ဟဲ့... နေ... နောက်ကျလိုက်တာ"

"ဟုတ်ပါရဲ့ သားရယ်... ဘယ်သွားနေတာလဲ"

"မုန့်ကကော ဘာလို့ ပိတ်ထားတာလဲ"

"ညနေစာကော စားပြီးပြီလား"





"ကြည့်စမ်း... ရှစ်နာရီတောင် ကျော်နေပြီ..."

တော်သေးတာပေါ့။ တစ်ယောက်တစ်ခွန်းတည်းမို့သာ...။ မဟုတ်လျှင် စစ်နေ မှောက်သွားနိုင်သည်။

"နေပါဦး မေမေရာ... ကျွန်တော်ဖြေပါ့မယ်..."

"နေဦး ငါမေးဦးမယ်"

မငယ်က ကြားဖြတ်ပြော၏။

"ဘာလဲ"

"နင် မဍ္ဍူသကနဲ့ ပါသွားတာဆို..."

"ဟုတ်တယ်"

"ဘယ်သွားတာလဲ"

"ပဲခူး..."

"ဘုရား ဘုရား... နင်တို့က ပဲခူးထိသွားတယ်..."

မဦးက ရင်ဘတ်လေးဖိကာ ဘုရားတ,၏။ ဒါမျိုးကျ [illegible]ယ်က ရယ်ပြန်သည်။

"မဦးရယ်... ခဏနေပါဦး၊ မဦးမောင် ဘာမှ မပြောင်းခဲ့ပါဘူး၊ ဟုတ်တယ်မဟုတ်လား နေ..."

"အာ... မငယ်ကလဲ..."

"နင်နဲ့ မဍ္ဍူသကပဲလား"

"ဟင့်အင်း... မမမြနန္ဒီပါတယ်..."

မငယ်က ခေါင်းညိတ်၏။ တစ်စုံတစ်ခုပြောစရာ ကုန်သေးဟန် မတူသော်လည်း နောက်မှပဲ ပြောတော့မယ်ဟု ဆုံးဖြတ်လိုက်ဟန်နှင့် အိမ်နောက်ဖေးသို့ ဝင်သွားတော့သည်။ စစ်နေလည်း လွတ်ရာသွက်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေးကာ မငယ်နောက် လိုက်ရန် ပြင်သော်လည်း မလတ်က လှမ်းဆွဲထား။

"နေဦး..."

"အာ... ရေချိုးချင်ပြီ..."

"ခဏလေး..."

"ဘာလဲ မလတ်ရာ..."

"နင်က မြနဒီနဲ့ အဆင်ပြေနေတာလား"

"ဟာ... မဟုတ်ပါဘူး"

"ဒါဆို... မဥ္ဇူသကလား..."

"အာ... ဒါလည်း မဟုတ်သေးပါဘူး"

စစ်နေ၏ လွှတ်ကနဲ ထွက်သွားသောအဖြေကြောင့် မလတ်ကော မဦးပါ မျက်လုံးပြူးကုန်ကြသည်။

"မဟုတ်သေးပါဘူးဆိုတော့ ဟုတ်နိုင်ချေ ရှိတယ်ပေါ့"

"ဟာ..."

"မဟာနဲ့... နင်လည်း သူ့အကြောင်းကြားဖူးတာပဲ ချင့်ချိန်ပေါ့"

မလတ်ကတော့ ထိုမျှသာပြောသည်။ မဦးကတော့ မလတ်ကို ဘာတွေထပ်ပြောနေမှန်း မသိ၊ စစ်နေ အပေါ်ကို ပြေးတက်ခဲ့တော့သည်။ ဘစ်နေ့တာ ပင်ပန်းနွမ်းနယ်သမျှကို ရေကြည်အေးဖြင့် ဆေးကြောလန်းဆန်းစေလိုက်၏။ ထိုလန်းဆန်းမှုများထဲတွင် နတ်ပန်းမဥ္ဇူ၏ တန်ခိုးများလည်း ပါနေတာကိုတော့ စစ်နေပဲ သိသည်။ ဘာတဲ့... အသက်ရှည်ဆေးဆိုလား ဘာလား...။

❖





တနင်္ဂနွေနံနက်ခင်းက ခါတိုင်းနှင့် မတူပဲ သာယာလွန်းနေသလား ပြောတတ်။ စစ်နေတစ်ယောက် စောစောစီးစီး လေကလေးတချွန်ချွန် နာရီတကြည့်ကြည့် လုပ်နေမိသည်။ ကိုယ့်အခန်းထဲမှာမို့ ဘယ်သူမှ မမြင်ပေလို့သာပဲ။ မြင်များမြင်လို့က တရားခံခေါ် စစ်ဆေးခံရမှာ မလွဲပေ၊

မနက် ရှစ်နာရီထိုးဖို့ ဆယ့်ငါးလောက်မှာ မဥ္ဇူသကထံ ဖုန်းဆက်လိုက်သည်။

"မဥ္ဇူ နိုးပြီလား..."

"အင်... နိုးတာကြာပြီ..."

"ဒီနေ့ ဘယ်သွားဦးမလဲ..."

"ဟင်... ဘာလို့လဲ..."

"ဘာမှ မဖြစ်ပါဘူး၊ တစ်နေရာရာများ သွားချင်လားလို့"



www.burmeseclassic.com

www.burmeseclassic.com



"မသွားချင်ဘူး... ဒီနေ့ ကားမမောင်းချင်လို့..."

"ကျွန်တော်မောင်းမယ်လေ..."

"ဘယ်သူ့ကားကို မောင်းမှာလဲ၊ ကျွန်မက ကားအဖြူမဟုတ်ရင် မစီးဘူး..."

စစ်နေကားက အပြာရောင်ဖြစ်သည်။ ချက်ချင်း ထုံးပြေးသုတ်ပေးဖို့ကလည်း မဖြစ်နိုင်။ ခုမှ ပြာနေသောကားကို ဘာမှလည်း အပြစ်တင်လို့ မရတော့။

"မဥ္ဇူကားကိုပဲ မောင်းပေးပါ့မယ်"

"အဲဒီကားကိုမောင်းတဲ့လူက အဖြူရောင်ပဲ ဝတ်ရမယ်"

မဥ္ဇူသကအသံက နည်းနည်းတော့ အားတုံ့အားနာဟန် ပေါက်နေသည်။ အမှန်တကယ်က ဘာမှန်းမသိသော ခံယူချက်တွေကို လိုက်လျောနေစရာ ဘာအကြောင်းမှမရှိ။ ခုတော့ စစ်နေကိုယ်၌က လိုက်လျောချင်နေမိတာ မခက်ဘူးလား။ ခေါင်းထဲမှာ အပြေးအလွှား စဉ်းစားကြည့်မိသည်က ကိုယ့်မှာ ဘာအင်္ကျီအဖြူရောင် ရှိလဲဆိုတာ...။

"အင်း... အင်္ကျီအဖြူတော့ရှိတယ်"

"ပုဆိုးအဖြူကော..."

မဥ္ဇူသက,က ရယ်သံနှင့် မေး၏။

"အာ... ကျွန်တော်က ဖိုးသူတော်မှ မဟုတ်တာ"

"ဒါဆို မသူတော်ပေါ့..."

"ဟာ... မဥ္ဇူကလည်း..."

"အလကားနောက်တာပါ၊ အင်္ကျီအဖြူဆို ရပါပြီ၊ ဘောင်းဘီအဖြူကတော့ ရှိမှာ မဟုတ်လောက်ပါဘူး..."





ဒါကတော့ သေချာသည်။ တော်ရုံ ဘယ်ယောကျ်ားကမှ အဖြူရောင် ဘောင်းဘီကို ထ,သွား ထ,လာဝတ်ဖို့ ဝယ်ထားမှာ မဟုတ်။ သို့တိုင် စစ်နေက အနီးစပ်ဆုံး Cream color တစ်ခုခုကို အမောတကောစိတ်နှင့် ရှာကြည့်လိုက်သေးသည်။

"ဘယ်သွားမှာလဲ မဥ္ဇူ..."

"ကားဦးတည်ရာပေါ့..."

မဥ္ဇူ့အသံက ရယ်ရွှင်ပေါ့ပါးနေသည်။ စစ်နေ ကားဦးတည့်ရာကို လိုက်မည်ဆိုသော သဘောက သာမန်အားဖြင့်တော့ အပြောင်အနောက် စကားပဲပေါ့။ စစ်နေကသာ လေးလေးနက်နက်ကြီး တွေးပစ်လိုက်သည်။ သူနှင့်သာဆို ဘယ်ကိုဖြစ်ဖြစ်တွေ ဘာတွေတွေးကာ အူမြူးသွားရ၏။ အဝတ်အစားလဲပြီး ထွက်လာတော့ လှေကားထိပ်မှာ မဦးနှင့် တွေ့သည်။

"ဟဲ့... ဒါက ဘယ်လဲ..."

"စည်သူတို့ဆီ..."

"သြော်... သူတို့က အောက်မှာ နင့်ကိုစောင့်နေတာ၊ နင် မနိုးသေးဘူးမှတ်လို့..."

ဘုရားတ,နေလို့လည်း ခုချိန်မှာ ဘယ်ဘုရားကမှ နတ်ဆိုးနှစ်ပါးလို ငုတ်တုတ်လာထိုင်နေသော မင်းသွင်နှင့် စည်သူကို နှင်ထုတ်ပေးမှာ မဟုတ်။ ဒီတော့ ကိုယ့်မှာ အမေမွေးကတည်းက ပါလာသော ပါးစပ်နှင့် ဉာဏ်နီဉာဏ်နက်များကိုသာ သုံးရတော့မည်။

"ဟော့ကောင် နိုးပြီလား"

"ကြာပြီ..."

"ဒါက ဘယ်လဲ..."



www.burmeseclassic.com

www.burmeseclassic.com



စည်သူက မျက်မှောင်ကြုတ်ကြည့်ကာ မေး၏။ ချည်သားအဖြူရောင် ဂျာစီအင်္ကျီလက်ရှည်ပွပွနှင့် ဆင်စွယ်ဖျော့ရောင် Style ဘောင်းဘီတို့က စစ်နေကို မှိန်ဖျော့မသွားစေပဲ လင်းချင်းလာစေသည်လေ။

"ချိန်းထားတာလေး ရှိလို့"

"ဘယ်သူနဲ့လဲ..."

"သူငယ်ချင်းနဲ့..."

သူငယ်ချင်းနဲ့ဆိုသော စကားကြောင့် မင်းသွင်က သူ့ကိုယ်သူ ပြန်ငုံ့ကြည့်သည်။ ပြီးမှ စပ်ဖြဲဖြဲနှင့်...

"ငါက မင်းသူငယ်ချင်းလေ..."တဲ့။

"သူငယ်ချင်းဆိုလို့ မင်းပဲ ရှိတာလား"

"အေးလေ ငါလည်းရှိတာပဲ"

စည်သူကလည်း ခပ်တည်တည်နှင့် ဝင်ပြောသည်။

"ကျွတ်... ငါက မင်းတို့အပြင် တခြားလူ အပေါင်းအသင်းမလုပ်ရတော့ဘူးလား"

"ဟာ... ဟုတ်သားပဲ... Sorry Sorry... ငါတို့က သဘောထားကြီးပါတယ်၊ မင်းသူငယ်ချင်းလည်း ငါ့သူငယ်ချင်း၊ ငါ့သူငယ်ချင်းလည်း ငါ့သူငယ်ချင်းလို့ သဘောထားပါတယ်"

မင်းသွင်စကားကြောင့် စစ်နေ စိတ်ရှုပ်သည့်ကြားက ရယ်ချင်သွားရသည်။ ဒါဟာ သွေးရိုးသားရိုး တိုက်ဆိုင်မှုလား။ ပယောဂတစ်ခုခုပါနေနိုင်လောက်သည်ဟု တွေးမိသည်။

"မင်းတို့က ဘာလာလုပ်တာလဲ"

"ဟင်... ဘာလဲဟ... လာနေကျဟာကို"





"မနေ့က မလာဘူး"

"ဒီနေ့လာတယ်လေ..."

"ငါသွားစရာရှိတယ်..."

"ရှိရင် သွားပေါ့... လိုက်မယ်လေ"

"မလိုက်နဲ့"

"ခါတိုင်းလည်း လိုက်နေကျကို အားမနာပါနဲ့ ရတယ်၊ ငါတို့က ဘာမှမဖြစ်ဘူး၊ မင်းသွားတဲ့နောက်လိုက်မှာ ဘာမှမပူဆာဘူး၊ အထွန့်မတက်ဘူး၊ ဂျီမတိုက်ဘူး..."

မင်းသွင်က တမင်တကာဖန်တီးထားသော မျက်နှာသေလေးနှင့် ပြောလာ၏။ မရတော့...။ စစ်နေ အမှန်အတိုင်းပြောပြဖို့ ဆုံးဖြတ်လိုက်သည်။

"မဥ္ဇူနဲ့ ချိန်းထားတယ်..."

စည်သူက တမင်ပင် မျက်မှောင်ကြုတ်ကာ ကြည့်၏။

"သူက ငါနဲ့လည်း သူငယ်ချင်းလေ"

"မဟုတ်ဘူးလို့ မပြောမိပါဘူး၊ ခုဟာက ဟိုနေ့က မင်းသွင် သူငယ်ချင်းလုပ်သွားတဲ့ ကိစ္စကြောင့် သူဒေါ်တ်နေတာကို ဆေးပေးမလို့ ဟိုဒီ လျှောက်ပို့ပေးမလို့..."

"အဲဒီကိစ္စက ငါနဲ့ တိုက်ရိုက်ကြီးပတ်သက်နေတာမို့ ငါက တောင်းပန်ဖို့ လိုက်ရမယ်..."

မင်းသွင်က ထိုသို့ဆို၏။ စည်သူကလည်း...

"အေး ငါလည်း သူ့ကို စိတ်ပူနေတာ၊ မေးရဦးမယ်"

"ကဲ... ပြောမရရင် မေးကြ တောင်းပန်ကြ... လာသွားမယ်..."



www.burmeseclassic.com

www.burmeseclassic.com



စစ်နေ စိတ်မရှည်စွာ ကားပေါ်ခေါ်ခဲ့လိုက်သည်။ ထွက်လာပြီး အတော်ခရီးရောက်တော့မှ စည်သူက စကားအတည်ဆို၏။

"စစ်နေ"

"ဘာလဲ..."

"ငါတို့ကို မငယ်လှမ်းခေါ်တာ..."

"ငါထင်ပါတယ်..."

"မင်း မနေ့က ဇူဇူနဲ့ ပဲခူးသွားတယ်ဆို..."

"မမမြနန္ဒီပါ ပါတယ်..."

"ဘယ်သူပါပါ ကိစ္စမရှိဘူး၊ သွားတာလည်း ကိစ္စမရှိဘူး"

"ရှိတာက ဘာလဲ..."

"ရှိတာက... မငယ်တို့က မင်းကို စိုးရိမ်နေတယ်"

"ဘာစိုးရိမ်စရာရှိလဲ..."

ဘာကို စိုးရိမ်တာမှန်း သိသိကြီးနှင့် တမင် မသိချင်ယောင်ဆောင်ကာ ဘုတောမေးလိုက်မိသည်။

"ဘာကိုစိုးရိမ်လဲဆိုတာ မင်းသိပါတယ်"

"ကျွတ်..."

စစ်နေ ဘာပြောရမှန်းမသိ၍ ကျွတ်ကနဲသာ စုပ်သပ်ပြီး စကားစ ရှာမရ။

"မင်းနဲ့ သူနဲ့က သူငယ်ချင်း..."

စည်သူက စကားကို ဆက်၏။

"အင်း..."

သူ့'အင်း'က Positive 'အင်း'လား သိပ်မသေချာချင်။





"အဲဒါဆို ဘာမှအရေးမကြီးဘူး၊ မင်း ယိုင်သွားရင် တစ်ခုခုဖြစ်မှာ စိုးလို့... မင်းအစ်မက ပူတာ..."

မင်းသွင်ကတော့ ဘာကိုမှ မယုံသူပီပီ 'ဘာပူစရာရှိလဲ' ဟု မကြား တကြား ဝင်ပြော၏။

"ငါက ပူစရာကောင်းလောက်အောင် ဘာဖြစ်နေလဲ..."

"မင်းမေ့နေလား... သူတို့က မင်းကို ပိုးမွှေးသလို အရိပ်ကြည့် မွေးထားခဲ့တယ် ဆိုတာလေ..."

စစ်နေ ဘာမှပြန်မပြောမိ။ စည်သူက ဆက်ပြော၏။

"ခါတိုင်း ကောင်မလေးတွေဆို မင်းက အိမ်ခေါ်လာတာ၊ အိမ်ကို အသိပေးထားတာ၊ ခု မဥ္ဇူသြကကျ အိမ်က သတင်းအစအနတောင် မသိ ရဘူး၊ သင်တန်းတွေ အတူတူတက်နေတာတောင် မြနန္ဒီပြောမှ သိရတာတဲ့၊ မင်းက အဲဒါ ဘာသဘောလဲ..."

"ဘာသဘောရမှာလဲ မကြုံလို့ မပြောပြတာပေါ့..."

"ခါတိုင်းကျ ကြုံပြီး ခုမှ မကြုံတာလား"

"မတော်တဆ အမှုမဲ့ အမှတ်မဲ့တွေကို ပုံကြီးလာချဲ့မနေနဲ့ စည်သူ"

"ငါချဲ့တာ မဟုတ်ဘူး၊ မင်းအိမ်က မြင်တာကို မင်းသိအောင် ပြောပြ တာ"

"မသိဘူးကွာ..."

စိတ်ရှုပ်ရှုပ်နှင့် ဘုတောတော့ မင်းသွင်က အော်ရယ်သည်။ ပြီး စည်သူ့ကိုကြည့်ကာ ပြော၏။

"ဟော့ကောင်... လိုရင်းပြောကွာ... နားညည်းလာပြီ"

"လိုရင်းကို ဒီကောင်သိတယ် မင်းသွင်..."



www.burmeseclassic.com

www.burmeseclassic.com



"သိရင်လည်း အဖြေတန်းတောင်း..."

"ကဲ... ဒါဆိုပြော... စစ်နေ..."

"ငါက ဘာပြောရမှာလဲ..."

"မင်းအခြေအနေနဲ့ စိုးရိမ်ရေမှတ်..."

စစ်နေ အသံတိတ်သွားရတော့သည်။ ဘာဖြေရမှန်းလည်း မသိ။ စိတ်ရှုပ်ရှုပ်နှင့် ကားကိုပင် လမ်းဘေးထိုးရပ်ပစ်လိုက်သည်။

"စိုးရိမ်ရေမှတ်က ကျော်သွားပြီ ထင်တယ်..."

မင်းသွင်က ထိုသို့ ကောက်ချက်ချ၏။

"ဟုတ်တယ်..."

စစ်နေက ထောက်ခံလိုက်သဖြင့် သူတို့ စစ်နေကို ဝိုင်းကြည့်ကြသည်။ အံ့တော့ အံ့သြပုံမရ။ မျှော်လင့်ထားပြီးသား ကိစ္စတွေ ဖြစ်ပုံရသည်။ သို့သော် ထိုကိစ္စအတွက် သူတို့မှာက အဖြေမရှိ။

စည်သူကတော့ ပြောသည်။

"ငါထင်ပါတယ်... ငါ့ကို အရမ်းကြီး အယူသည်းတယ်လို့ ထင်ရင် ထင်မယ်၊ ဒါဟာ မင်းမို့... စစ်နေထင်မို့ ငါအယူသည်းတာပဲ၊ ငါ့ကိုယ်ငါ အတွက် ဆိုရင်တောင် ဒီလောက်အယူသည်းချင်မှ သည်းမယ်..."

စည်သူ၏စကားက စစ်နေကို အရှိုက်ထိသွားစေတာ အမှန်။ သူငယ်ချင်း၏သံယောဇဉ်ကိုလည်း သူ အပြည့်အဝ နားလည်လိုက်မိသည်။

"ငါလည်း မင်းလိုပဲ... စည်သူ..."

စစ်နေက ထိုသို့ပြောတော့ မင်းသွင်က ရယ်သည်။

"မင်းဆိုလိုတာက မင်းအတွက်မို့ မင်းမပူဘူးဆိုတာလား"

"အင်း..."





"လောကကြီးမှာ ကံကြမ္မာဆိုတာ ထိုင်စောင့် လည်စင်းခံရမယ့် အရာမှ မဟုတ်တာကွာ၊ စဉ်းစားမနေနဲ့... ကိုယ်လုပ်စရာရှိတာ လုပ်ရအောင်၊ ကဲကဲ... မောင်း မဥ္ဇူစောင့်နေလိမ့်မယ်..."

ထိုစကားကိုပြောကာ အတင်းဆော်သြသူက မင်းသွင်ဖြစ်၏။ သူပြောသမျှစကားတွေထဲမှာ အဓိပ္ပာယ်အရှိဆုံး စကားလည်း ဖြစ်သည်။ စစ်နေတို့အားလုံး ကံကြမ္မာဆိုသော မမြင်ရသည့်အရာကြီးကို လက်မြှောက်အရှုံးပေး ဒူးထောက်အညံ့ခံကာ ငြိမ်သွားကြမည့်သူတွေမှ မဟုတ်တာ။ ထိုဖြေတွေးနှင့်ပင် သူတို့စကားဝိုင်းကို ရပ်ကာ မဥ္ဇူသကထံ ထွက်ခဲ့ကြသည်။

ပြီးတော့ သူတို့လေးယောက်သား ဦးတည်ချက်ရှိရှိနှင့် လျှောက်သွားခဲ့ကြသည်။ အစစအရာရာ အဆင်ပြေကာ စိတ်လက်ပေါ့ပါးမှု ရှိခဲ့သော နေ့လေးတစ်နေ့ဆိုတာ သေချာပါလျက်နှင့် စိတ်ယဲ တင်နေခဲ့နေသည် ခံစားရသည်။ ထိုအရာသည် ဘာလဲဆိုတာတော့ စစ်နေ သေချာသည်၊

အရာရာသည် အစပထမတွင် ဝိုးတဝါး [illegible] များလာ"...။

❖



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေနှင့် ညှိရတာ မငယ်နှင့် တစ်ဆင့် ညှိရတာ အဆင်ပြေပေါ့လျက် အဆင်မပြေနိုင်ဖြစ်နေရတာက မဦးနှင့် မေမေ။ လုံးဝကြီး ခါးခါးသီးသီးကို ဖြစ်လို့။

"အပြစ်က ဘာလဲ မေမေ..."

"အပြစ်က ဘယ်သူ့မှာမှ မရှိဘူး၊ မင်းသေမှာစိုးလို့ ပြောနေတာ"

"ဒါတွေကို မေမေတို့ယုံလား"

"မယုံခဲ့ဖူးဘူး... ဒါပေမယ့် ခုဟာက သားနဲ့ ပတ်သက်နေတယ်..."

"သားက သေမှာမို့လား မေမေ..."

"ဘယ်ပြောနိုင်မလဲ... မယုံခဲ့ဖူးလို့ မယုံဘူးလို့ မင်းသေသွားတဲ့အထိ စုံမှိတ်ငြင်းပေးရလောက်အောင် ငါတို့ ခံနိုင်ရည်မရှိဘူး နေ.."

မဦးက လေသံမာနှင့် ဝင်ပြော၏။





"ကျွန်တော် ဘာမှ မဖြစ်နိုင်ပါဘူးဗျာ..."

"မဖြစ်နိုင်ဘူးဆိုတာ မဖြစ်ဘူး မဟုတ်ဘူးလေ... နေရဲ့... မင်းမျက်စိရှေ့မှာ မင်းသီသီလေး လွတ်လာခဲ့တဲ့ ကံကြမ္မာမှာတောင် တစ်ယောက်ပါသွားသေးတာပဲ..."

"ဒါ... တိုက်ဆိုက်မှု..."

"အေး အဲဒီတိုက်ဆိုင်မှုက မင်းနဲ့လည်း လာတိုက်ဆိုင်နေမှာစိုးလို့ ပြောနေရတာ..."

မေမေကတော့ စစ်နေပခုံးကို အသာလှမ်းဖက်ကာ လေသံလေးနှင့် မေး၏။

"သားနဲ့ ကလေးမလေးက ချစ်နေပြီလား..."

"ဟင့်အင်း... သား ဘာမှ မပြောရသေးဘူး၊ သားဘက်ကတော့ သေချာသွားပြီ..."

မေမေက ခေါင်းကို အသာခါ၏။

"စဉ်းစားပါဦး သားရယ်၊ ထူးဆန်းတာတွေ မြင်နေတွေ့နေ ကြားနေရရင်းက စိတ်ဝင်စားသွားတာမျိုး ဖြစ်နေပါဦးမယ်"

ဒီတစ်ခါ ခေါင်းခါရသူက စစ်နေ...။

"ဒါဆိုရင်လည်း မေမေတို့ မဦးတို့ပြောသလို ဒီလောက် အန္တရာယ်များတဲ့အလုပ်ကို သားက ထူးခြားဆန်းကြယ်မှု တစ်ခုခုကို စိတ်ဝင်စားသလိုမျိုး စိတ်ဝင်စားရုံလောက်နဲ့ လက်သင့်ခံထားပါ့မလား..."

"ဒါလည်း ဟုတ်တာပဲ၊ ဒါပေမယ့် သားရယ်... မေမေက သား မေမေလေ... သားကို မွေးထားတာ..."

"သားနားလည်တယ် မေမေ..."

www.burmeseclassic.com

www.burmeseclassic.com



"နားလည်ရင် နင် ရှေ့တိုးဖို့ မစဉ်းစားနဲ့တော့…"

"ကျွန်တော်က စဉ်းစားရှေ့တိုးနေတာ မဟုတ်ဘူး မဦး၊ သူ့ဘာသာသူ ဖြစ်တည်ရွေ့လျား ရောက်ရှိသွားတာ၊ ဒါတွေ မဦး နားလည်မှာ မဟုတ်ပါဘူး…"

စစ်နေစကားကြောင့် မဦး ဒေါသထွက်သွားရသည်။

"ဘာနားမလည်စရာရှိလဲ… နားလည်လွန်းတဲ့အဆင့်ကို ကျော်သွားတာ…"

"ကြည့်စမ်း မေမေ… မဦးနားလည်တဲ့အဆင့်တုန်းက မေမေ့ကို အသိမပေးခဲ့ဘူး၊ ကြည့်ပါဦး… သားနဲ့ ဘယ်လောက်ကွာလဲ…"

ထိုသို့ထိုပုံ အရယ်အမော၊ အသောအနောက်၊ အငြင်းအခုံများနှင့်သာ လက်စသပ်လိုက်ရသည်။ ဘယ်သူ့ဘယ်သူမှ လိုချင်သောအဖြေက ရမလာခဲ့…။

သေချာအောင်ပြောရလျှင် စစ်နေဘက်ကလည်း မဥ္ဇူသကကို ချစ်မိသွားတာ သေချာပါလျက်နှင့် ဖွင့်ပြောဖို့ ဘာလို့ နောက်တွန့်နေမှန်း မသိ ဖြစ်နေရသည်။ မပြောရဲတာလား… မပြောချင်သေးတာလား။ တစ်ခုခုကို စိုးရွံ့နေတာလား။ တစ်ခုမှ ကိုယ့်ကိုယ်ကိုယ် အဖြေထုတ်မရ။ ကျောင်းမှာကတော့ စစ်နေနှင့် မဥ္ဇူသက,က အတန်းတူမို့ ပိုတွေ့ဖြစ်ကြသည်။

"ကိုစစ်နေ…"

"ဟင်…"

"ဘာတွေစဉ်းစားနေတာလဲ…"

"သြော်… မဦးနဲ့ မေမေ့အကြောင်းပါ…"

အမှန်အတိုင်းပင် ပြောပြမိသည်။





"ကိုစစ်နေကို အစ်မတွေက အရမ်းချစ်တယ်နော်…"

"ဟုတ်တယ်…"

"ကံကောင်းတာပေါ့… ကျွန်မမှာက မမမြနန္ဒီလို ဝမ်းကွဲလောက်ပဲများတာ၊ အရင်းအချာကျတော့ နီတစ်ယောက်ပဲရှိတယ်၊ နီကလည်း အဝေးမှာ ရောက်နေတာ များတယ်လေ…"

"အင်းနော်…"

"ကိုစစ်နေနဲ့ မမမြနန္ဒီက ဆရာတပည့်လား…"

"အာ… မဟုတ်ပါဘူး၊ မမက ကျွန်တော့်ထက် နှစ်တန်းပဲကြီးလောက်ပါတယ်၊ ကျွန်တော်တို့ Final မှာ မမက Master ပြီးတော့မယ်…"

"သြော်… မမက ကိုစစ်နေကိုတော့ တော်တော် သံယောဇဉ် ရှိရှာတယ်နော်…"

"ဗျာ…"

နတ်ပန်းမဥ္ဇူ၏စကားက ဘာအဓိပ္ပာယ်မှန်း မသိ။ 'ဗျာ' က လွဲလို့လည်း စစ်နေ ခွန်းထောက်မခံရဲ။

"ကိုစစ်နေ မမကို သံယောဇဉ်မရှိဘူးလား"

"ခင်ပါတယ်…"

စစ်နေစကားကြောင့် မဥ္ဇူသက ပြုံး၏။ ဘာလို့ပြုံးမှန်းတော့ မသိ။

"အင်း… ခင်တာနဲ့ သံယောဇဉ်ရှိတာ မတူဘူးနော်…"

"ဟုတ်တယ် ကွဲတယ်… သံယောဇဉ်ရှိတာနဲ့ ချစ်တာလည်း မတူဘူး…"

စစ်နေစကားကြောင့် မဥ္ဇူသက,က သူ့ကိုစူးစမ်းသလို မျက်လုံးလေး ထောင့်ကပ်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆိုစမ်းပါဦး"

"ကျွန်တော်က မမမြနန္ဒီကိုခင်တာ"

"ဟုတ်ပြီ..."

"မမမြနန္ဒီက ကျွန်တော့်ကို သူ့မောင်တစ်ယောက်လို သံယောဇဉ်ရှိတာ..."

"ထားပါတော့..."

"ကျွန်တော်ကတော့..."

"ကျွန်တော်က ဘာဖြစ်လဲ..."

"ပြောပြရမှာလား"

"ပြောပေါ့..."

"ကျွန်တော်ကတော့ မဉ္ဇူကိုချစ်တာ..."

"ဘုရား... ဘုရား..."

ကိုယ့်ကို ရည်းစားစကားပြောလိုက်၍ ရက်သွား ရှဲ့သွားတတ်သည့် မိန်းကလေးမျိုးကိုသာ လူအများစု တွေ့ကြုံဖူးပေလိမ့်မည်။ စစ်နေမှာတော့ ချစ်ရေးဆိုလိုက်၍ ဘုရားတ,သောမိန်းကလေးနှင့် တွေ့နေရသည်။ မခက်ဘူးလား။

"ဘာလို့ ဘုရား,တာလဲ..."

"ကိုစစ်နေ အဲလိုတွေ လျှောက်မပြောရဘူးလေ"

"လျှောက်မပြောပါဘူး အတည်ပြောတာ.."

"ဘုရား... ဘုရား... ပြောကာမှ ပိုဆိုးနေတယ်..."

ရည်းစားစကားပြောနေသည့် နံတွဲကြား တ,ခံရသည့် ဘုရားလည်း တော်တော်တော့ စိတ်ရှုပ်မှာပင်။





"ဘာလို့ ဘုရားတ,တာလဲ..."

"ကိုစစ်နေ ကျွန်မအကြောင်း မသိဘူးလား"

"သိသားပဲ... မသိရှိမလား..."

"သိသားနဲ့ ဘာလို့ အဲလိုပြောရတာလဲ..."

"အာ... မပြောရင် ဘယ်လိုလုပ်သိမလဲ..."

"မသိတော့ ကောင်းတာပေါ့"

ကြည့်ပါဦး...။ လွယ်လွယ်ကူကူဟု မပြောချင်သော်လည်း သိပ်ကြီး ခက်ခက်ခဲခဲကိစ္စ မဟုတ်ပါဘဲနှင့် ပတ်ရှုပ်နေကြသည်။ ကြည့်ရတာ ရည်းစားစကားပြောသောသူနှင့် အပြောခံရသူဟုပင် မထင်ရတော့။ စကားလုံးတွေက ဝေးပြီးရင်း ဝေးကုန်သလို...။

"မသိတော့ ကောင်းမလား..."

"ကောင်းတယ်..."

ကောင်းတယ်... ဟု ဆိုကာ မဉ္ဇူသက,က သူမ၏နှုတ်ခမ်းထောင့်စွန်းလေးကို ကိုက်ကာ ခေါင်းငုံ့ထားသည်။

"မကောင်းပါဘူး... ကျွန်တော်ချစ်တာကို မဉ္ဇူကို အသိပေးပြီး မပြောလို့ ဘယ်သူ့သွားပြောရမှာလဲ..."

"........."

အဖြေသံမကြားရ။ အသံထိတ်နေသည်။ ခဏကြာမှ...

"ကိုစစ်နေ..."

"ပြောလေ..."

"စွန့်စားတယ်ဆိုတာ ထိုက်တန်မှ စွန့်ရကျိုးနပ်မှာ..."

"မဉ္ဇူက ဘာကိုဆိုလိုတာလဲ၊ ကျွန်တော့်ကို မိုက်ရူးရဲဆန်တယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုချင်တာလား…”

“အဲလို မဟုတ်ပါဘူး… ဒါပေမယ့် ကျွန်မကိုမချစ်တာ ကောင်းပါတယ်…”

“ဘာလဲ… ကျွန်တော် တစ်ခုခုဖြစ်မှာစိုးလို့လား…”

မဥ္ဇူသက,က နှုတ်ဖြင့်မဖြေ။ ခေါင်းသာ ညိတ်ပြ၏။

“မဖြစ်နိုင်ပါဘူး…”

“ကျွန်မက မဖြစ်စေချင်ဘူး”

“မဖြစ်ပါဘူးဆို…”

“ကိုစစ်နေက ဘာနဲ့ အာမခံနိုင်လို့လဲ…”

“ကျွန်တော့်အသက်နဲ့…”

စစ်နေစကားကြောင့် မဥ္ဇူသက မော့ကြည့်လာသည်။ ဖျတ်ကနဲ သွေးဆုပ်ဖြူရော်သွားသော မျက်နှာက ဘယ်လိုမှ ဖုံးကွယ်ထားလို့ မရ။ အရမ်းကြီးကို တုန်တုန်လှုပ်လှုပ်ရှိသွားပုံလည်း ရသည်။ ထိုအခါကျမှ စစ်နေ tempo ကို ပြန်လျှော့ရသည်။

“အလကားနောက်တာပါ မဥ္ဇူရာ… ဒါတွေဟာ ဆက်ကာဆက်ကာ ဖြစ်နေမှာလို့ မဥ္ဇူ ယုံလို့လား…”

“မယုံချင်ပဲ ယုံနေရတာလေ…”

“ရှေ့လျှောက် ယုံရဦးမယ်ဆိုတာ သေချာလို့လား”

“မသေချာချင်ဘူး… ဒါက ဆန္ဒပဲ… သေချာတာက ဘာတစ်ခုမှ လောကမှာ မရှိဘူးလေ…”

“ရှိပါတယ်…”

“ဘာလဲ…”





“ကျွန်တော့်ရဲ့ချစ်ခြင်းမေတ္တာ… အဲဒီသေချာမှုကြောင့် အရာအားလုံး ပြောင်းပြန်လှန် ရပ်တံ့သွားရမယ်လို့ ကျွန်တော်ယုံတယ်…”

ဘုရား… ဘုရား…။ ဒီတစ်ခါ ဘုရားတ,ရတာက စစ်နေကိုယ်တိုင်ဖြစ်၏။ ကိုယ့်နှုတ်နှင့် ဆက်ဆက်ကြားနေရသော ကိုယ့်ပါးစပ်က ထွက်လာသည့် စကားလုံးများကို ကိုယ့်ဘာသာကိုယ်ပင် ကြက်သီးထ,မိနေသေးသည်။ ဘယ်လိုတွန်းအား၊ ဘယ်လိုဆုံးဖြတ်ချက်၊ ဘယ်လိုအကြောင်းတရားတွေက အင်အားကြီးမားစွာ သူ့ကို လာစေ့ဆော်နေမှန်း စစ်နေကိုယ်တိုင်ပင် မသိ။ ဒီစကားကို ဒီမျှထိ မြန်မြန်ပြောဖြစ်ပြီး ဒီလောက်ထိ အရှိန်ပြင်းပြင်း ပြောဖြစ်လိမ့်မည်ဟု ကိုယ့်ကိုယ်ကိုယ်လည်း မထင်။ ခုမှ မဦးကိုပြောခဲ့မိသော သူ့ဘာသာ ဖြစ်တည်ရွေ့လျား ရောက်ရှိသွားတာဆိုသည့် စကား၏အဓိပ္ပာယ်ကို အတိအကျကြီး ခံစားနေမိတော့သည်။

မဥ္ဇူသက,ကတော့ စစ်နေ၏စကားတွေကို တအံ့တသြ ငေးမောလျက်…။ စက္ကန့်များစွာ မင်သက်ငြိမ်သက်နေပြီးမှ အတုန်တုန်အယင်ယင်နှင့် စကားတစ်ခွန်းကို ဆိုသည်။

“ကျွန်မကို မချစ်ပါနဲ့” တဲ့…။

ပြုပြင်လဲလှယ်၍ ရသော အရာများထဲတွင် ‘အချစ်’ဆိုသော အရာ မပါတာ ဒီကလေးမ မသိလေရော့သလား။ တာမြစ်သံ၊ ကန့်ကွက်သံ၊ ချုပ်ချယ်သံတွေကြောင့်သာ ‘အချစ်’ ဆိုသောအရာ မှိန်ဖျော့ ပါးလျားသွားခဲ့ရလျှင် လောကကြီးပင် ဒီလောက်ထိ စည်ပင်လာစရာ အကြောင်းမရှိ။

သေချာတာကတော့ စစ်နေ သူမ၏အမိန့်ကို နာခံစရာအကြောင်းလုံးဝမရှိသေးပါ။

❖



www.burmeseclassic.com

www.burmeseclassic.com



ရတ်တရက်ကြီး ဖွင့်ပြောလိုက်မိတာကို ပြောပြတော့ ဘယ်သူမှ မအံ့သြကြ။ အံ့သြရမည့်အစား အစိုးရိမ်တွေပဲ ပိုကုန်ကြတော့သည်။ မငယ်ကတော့ လှုငယ်ပီပီ စိုးရိမ်သော်လည်း ဘာမှ မှတ်ချက်မပေး။ မေမေနှင့် မဦးတို့ကတော့ ဗေဒင်ဆရာဆီ ပြေး၊ အကြားအမြင်တွေ မေး၊ ယတြာတွေ ချေနှင့် ရှုပ်ကုန်ကြတော့သည်။

စည်သူကတော့ ဒါကို ထောက်ခံ၏။ သူက ဒိုင်ခံပို့ပေး ကူပေးသည်။ ပြီးတော့ ပြောသေးသည်။

"တစ်ခါတစ်ခါကျတော့လည်း အဓိက ကုသရမယ့် ဆေးဝါး မရှိပေမယ့် ဆေးမြီးတိုတွေကလည်း အစွမ်းထက်တတ်တာပဲ"တဲ့...။

"မင်းကို ပြောမရယ့်အတူတူ မင်းတို့ ဘာမှမဖြစ်အောင် သူတို့ တတ်နိုင်တဲ့ဘက်က လုပ်စရာရှိတာ လုပ်တယ်၊ ငါလည်း ကူနိုင်တဲ့ဘက်က





ကူတယ်၊ မငယ်နဲ့ မင်းသွင်လိုတော့ ဘေးက ထိုင်မနေနိုင်ဘူး"

"ငါလည်း ထိုင်မနေပါဘူး စည်သူရာ၊ မင်းတို့ ယတြာတွေ အစွမ်းထက်ပါစေလို့ အစွမ်းကုန် ဆုတောင်းပေးနေပါတယ်"

"ကျေးဇူးတင်ပါတယ်ကွာ..."

"သြော်... ဒါနဲ့ စစ်နေ..."

"ပြော..."

"မင်းငို့နှစ်ယောက်ဖက်ကကော ဘာထူးခြားလဲ..."

"သူက ငါ့ကို ခုတလော သူငယ်ချင်းလို့ချည်း ဖိခေါ်နေတော့တာပဲ"

စစ်နေ ရယ်ရင်းပြောတော့ စည်သူနှင့် မင်းသွင်လည်း မသက်မသာ လိုက်ရယ်မိကြသည်။

စစ်နေကတော့ တွေးတွေးဆဆဟန်နှင့် ပြောသည်။

"ငါ့ကိုတော့ ဇူဇူက ပြောတယ်..."

"ဘာတဲ့လဲ..."

"ကိုယ့်သူငယ်ချင်း ကိုယ်ကြည့်ပြောဦး... တဲ့"

"မင်း ဘာပြန်ပြောလိုက်လဲ..."

"ပြောရမယ့်အရွယ် မဟုတ်ဘူးလို့... ပြောတယ်... မရဘူးလို့ ပြောရင်လည်း သူ့စိတ်ကို ထိသွားဦးမယ်လေ..."

"ဒါလည်း ဟုတ်တာပဲ..."

စည်သူ့စကားကို မင်းသွင်က ခေါင်းညိတ်ကာ ထောက်ခံ၏။

"ဒီတော့ သူ ဘာပြန်ပြောလဲ..."

"ကျွန်မ သူ့ကို ထပ်အဆုံးရှုံးမခံနိုင်ဘူးတဲ့..."

"သဘောတရားက အရင်လူတွေလိုပဲ အသေမခံနိုင်ဘူး ဆိုပါတော့



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား…"

စစ်နေ မကျေမနပ်နှင့် ပြန်မေး၏။

"အေးလေ ဒီသဘောပေါ့…"

"ဒီသဘောဆိုတော့ ငါက ဝဏ္ဏတို့… Handsome တို့လိုပဲ သူ့ သံယောဇဉ်ရှိတဲ့လူပေါ့… ဟုတ်လား…"

"ဒါက မင်းဘာသာမင်း မေးရမှာလေ…"

"အေး… ခုသွားမေးမယ်"

ပြောပြောဆိုဆို ထိုင်ရာမှ ထ,ထွက်ရန်ပြင်သဖြင့် မင်းသွင်က လှမ်းဆွဲရသေးသည်။

"နေပါဦးကွ…"

"မနေဘူး…"

"မင်းဟာက ဘာလိုချင်တာလဲ…"

"ငါလိုချင်တာက အဖြေ… သူက ငါ့ကို စိုးရိမ်မှုတွေပဲ ပေးနေတယ်…"

"မင်းက စိုးရိမ်တာ မခံချင်ဘူးပေါ့…"

"ချစ်ခြင်းကိုအခြေခံပြီး စိုးရိမ်တာဆိုရင်တော့ ခံချင်တယ်…"

မင်းသွင်က 'သေလိုက်' ဟု နှုတ်ခမ်းလှုပ်ရုံ ဆဲ၏။ စည်သူကြားသွားလျှင် အယူသီးမှာလည်း စိုးရသေးသည်မဟုတ်လား။ စစ်နေကတော့ ဆေးမမီတော့သည့်သူပီပီ သူပြောချင်ရာကို ပြော၏။

"အေး… ငါက သူချစ်တာ သေချာရင် သေလည်း ရတာပဲ…"တဲ့။

ထိုစကားကို မင်းသွင်က ရယ်ပြီး 'မီးတောက်နေပြီ' ဟုသာ ပြောသော်လည်း စစ်နေ၏ချစ်လှစွာသော သူငယ်ချင်း စည်သူကတော့ ပြောသည်။





"မင်းကို မင်းမိဘတွေကမွေးခဲ့ပြီး… လူ့ဘဝအတွက် တစ်နေရာရာမှာ လိုအပ်လို့ မင်း ဒီလောကကို ရောက်လာတာလေ၊ မင်းဟာ မဋ္ဌူသကရဲ့အချစ်အတွက် သေပွဲဝင်ဖို့ လူ့လောကကို သက်သက်ရောက်လာတဲ့ လူလား…"

"မဟုတ်ဘူး…"

"မဟုတ်ရင် မင်း ဘာဖြစ်နေတာလဲ…"

"ငါက သဘောပြောတာ…"

"သဘောပြောရင်း တကယ်သေသွားရင်ကော…"

"သေသွားတော့ကော ဘာလုပ်နိုင်မှာလဲ၊ သေခြင်း ရှင်ခြင်းဆိုတာ ငါတို့လုပ်ယူလို့ ရတဲ့ အရာတွေမှ မဟုတ်တာ၊ သေနေ့စေ့ရင် သေမှာပဲ၊ သေနေ့မစေ့ရင် မသေဘူး၊ ငါ့လက်မှာက အရှံအသက်လမ်းကြောင်းနဲ့ သုံမျှားကြောင့် မသေနိုင်ဘူး၊ မင်းတို့ပြောသလိုပဲ မဋ္ဌူသကကြောင့် လူတွေ သေနေတယ်ပဲ ထားပါတော့၊ သေချာတယ်… အဲဒီထဲမှာ ငါမပါနိုင်ဘူး…"

စကားတွေက ဘယ်ရောက်ကုန်မှန်း မသိ ဖြစ်ကုန်တော့သည်။ ဒီမျှအထိတွဲလာသော ကိုယ့်အပေါ် ချစ်တာလည်း သေချာသော သူငယ်ချင်းတွေ၊ မိဘမောင်နှမတွေနှင့်လည်း စစ်နေ ဒီလောက်ထိ ပြောမနေချင်။

"မင်းပြောခဲ့ဖူးတယ်လေ"

"ဘာကိုလဲ…"

"သူ့နာမည်ကိုကြားပြီး မင်း accident နဲ့ ဆေးရုံပေါ်ရောက်တယ်၊ သတိရလာတော့လည်း ပထမဆုံးကြားတာ သူ့နာမည်ပဲ ဆိုတာလေ…"

"ဟုတ်တယ်လေ…"

"ဒါဟာ… မင်းအတွက် ယတြာကြေသွားတာဆိုရင် ကိစ္စမရှိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဘ၀ထဲ အ၀င်မှာတောင် ဒီလောက်ဖြစ်ခဲ့ရင်လို့ တွေးရင်...”

စည်သူက စကားကိုမဆက်ပဲ ရပ်ထားလိုက်၏။ ဆက်စရာလည်း လိုမှ မလိုတာ။ အဓိပ္ပာယ်က ပြည့်စုံလွန်းမက ပြည့်စုံနေပြီပဲ။ ခက်တာက စည်သူ ဘာလို့ ဒီလိုကြဲကြဲဖန်ဖန် ပြန်လှန်တွေးနေတာလဲ ဆိုတာ စဉ်းစားမရ။ သေချာတာကတော့ စည်သူတစ်ယောက် သူနှင့်ပတ်သက်နေလို့သာ ဒီလောက်တွေးနေတာ... ဆိုတာ စစ်နေ သိနေသည်။

ဒီတစ်ခါ ကြားထဲ၀င်ရသူကလည်း မင်းသွင်...။

“ဒါဆိုလည်း ယတြာကြေသွားလောက်ပါပြီကွာ၊ မကြေသေးလည်း ခု မင်းတို့ဝိုင်းလုပ်နေတာပဲ၊ ဒီမှာ စည်သူ...”

“ဘာလဲ...”

စည်သူက မင်းသွင်ကိုပါ လေသံမာနှင့်ထူး၏။ မင်းသွင်ကတော့ အရယ်မပျက်။

“ငါလည်း တစ်ခုတွေးမိတာ ပြောမလို့ပါ...”

“ပြော...”

“တကယ်ပဲ... မဉ္ဇူသကဟာ အားလုံး စွပ်စွဲ ထင်မြင်ထားတဲ့အတိုင်း ကျိန်စာသင့်နေတဲ့သူ၊ ယောကျ်ားယူလို့ မရတဲ့သူမျိုးပဲ ထားပါတော့...”

“ထားပါပြီ...”

“အရင်လူတွေက မသိပဲ ချဉ်းကပ်ခဲ့လို့ ဒုက္ခရောက်ရတယ်ပဲ ထား ပါတော့ ..”

ဒီတစ်ခါတော့ စည်သူ မင်းသွင်ကို ခပ်စူးစူးပြန်ကြည့်သည်။

“လိုရင်းပြော...”

“ပြောမှာပါ... ခု စစ်နေက စ,စချင်းမှာလည်း ယတြာကြေခဲ့ပြီး





ပြီလို့ ယူဆလိုက်ရအောင်၊ နောက် ရှေ့ဆက်ဖို့ ခြေလှမ်းအတွက်လည်း အန်တီရယ်... မဦးရယ်... မင်းရယ်က ဗေဒင်မေး ယတြာချေပေးနေတာပဲ... ကဲတွေတက်လောက်ပါပြီလို့ တွေးရင် မရဘူးလား...”

စည်သူ ငြိမ်သွား၏။ ပြီးမှ... ‘ရနိုင်တာပါပဲ’... ဟု ဝန်ခံသည်။ မင်းသွင်က စကားကိုဆက်၏။

“ဒါဆို မင်းကိုပဲ မေးပါဦးမယ်၊ ခု မင်းတို့ မဦးတို့ သွားကြလာကြ မေးကြမြန်းကြ တွက်ချက်ကြတဲ့အထဲမှာ စစ်နေကို သေခြင်းတရားနဲ့ ပတ်သက်ပြီး တစ်ခုခုဟောတာ ပါလား...”

“မပါဘူး...”

“မဉ္ဇူသကကိုကော အကြားအမြင်တွေက ကျိန်စာသင့်နေတဲ့သူ၊ သိုက်ကလာတာမို့ အိမ်ထောင်ပြုလို့ မရဘူး၊ သူ့ကို ချဉ်းကပ်တဲ့သူတွေကို သိုက်က နှိပ်ကွပ်မှာပဲတွေ... ဘာတွေ ပါလား...”

“မပါဘူး...”

“ဒါဆို ဘာပါလဲ...”

“သူတို့နှစ်ဦးရဲ့ကံဇာတာအတွက် ညှိပေး ယတြာချေပေးရတာတော့ ရှိတယ်...”

မင်းသွင်က စိတ်မပါလက်မပါ ခေါင်းညိတ်၏။

“ဒီပညာရပ်တွေနဲ့ ပတ်သက်ပြီး ငါလည်း သိပ်နားလည်တာ မဟုတ်လို့ ဘာမှ မပြောလိုဘူး၊ ပယ်လို့ရတာတွေ ရှိသလို ချန်လှပ်ခဲ့ရတာတွေလည်း ရှိတာပဲ၊ ငါတို့လုပ်သင့်တာ လုပ်ပြီးပြီ၊ စိတ်ပြေရာအတွက် ဖြေဆေးအနေနဲ့ safe side လည်း ယူပြီးပြီ၊ ဒီတော့ စောင့်ကြည့်ကြရုံပေါ့ကွာ၊ စောင့်မရရင် ဒူးတိုက်ရင်ဆိုင်ရုံပေါ့၊ ဘာလို့ အငြင်းပွားမယ့် စကားတွေပြောနေမလဲ...”



www.burmeseclassic.com

www.burmeseclassic.com



စည်သူက အဓိပ္ပာယ်ရှိစွာ ပြုံး၏။

"မငြင်းတော့ပါဘူး… စစ်နေပဲ သူ့ဘာသာသူ မဥ္ဇူသကနဲ့ ဆက်ညှိပါစေဦး…"

"အေး… အစကတည်းက အဲလိုဖြစ်ရမှာ၊ ကဲ… မင်းကလည်း ရှေ့ဆက်မှာဖြင့် ဆက်၊ လိုရင်းရောက်အောင် သွား… အဆင်မပြေရင် မင်း ငါ့ကို ခေါ်နိုင်တယ်…"

လိုရင်းရောက်အောင်သွားထိက ဟုတ်သည်။ အဆင်မပြေရင် ငါ့ကို ခေါ်နိုင်တယ် ဆိုတာကိုတော့ ဘယ်လိုမှ ခံစားလို့မရ…။ သူဖြင့် ဘာ အတွေ့အကြုံမှလည်း မရှိ… ကူလည်း ကူတတ်မှာ မဟုတ်ဘဲနှင့်…။ သို့သော် မင်းသွင်ပုံစံက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိစွာနှင့် ပြောလိုက်သောပုံမျိုးမျိုး စစ်နေပင် ဇဝေဇဝါဖြစ်သွားရသည်။

"မင်းက ဘာလုပ်ပေးမှာလဲ…"

"စစ်ကူပေါ့ကွာ…"

"ဘယ်လိုကူမှာလဲ…"

"လိုတဲ့နေရာက…"

ခက်တာက ဘယ်နေရာက ဘာလိုနေမှန်း မသိတာပင်ဖြစ်သည်။ သိအောင် ကြိုးစားရပေဦးမည်ပေါ့…။

❖





"ဒါ ရှုရှု့သူငယ်ချင်း စစ်နေတဲ့… နီ…"

နိုင်ငံခြားမှ ခဏပြန်လာသော နွယ်နီနှင့် မဥ္ဇူသက မိတ်ဆက်ပေးသည်။ နွယ်နီက မဥ္ဇူသကနှင့် သိပ်မတူ။ ဝါရွှေသောအသား ရှိသော်လည်း ပုံသဏ္ဍာန်က ယောကျ်ားဆန်ကာ လုံးဝ မပြောင်းနွဲ့။ သို့သော် စစ်နေ သူမကို ခင်ပါသည်။ ပွင့်လင်းကာ ပြတ်သားမည့်ဟန်က မျက်နှာမှာ အထင်းသား ပေါ်လွင်နေသည်လေ…။

"စစ်နေထင်… ဆိုတာ နီ ကြားဖူးနေတာ ကြာပြီ၊ မမမြနုဒီဆီက ကော… ရှုရှု့ဆီကကော…"

ကြားရသော Data က တူနိုင်သော်လည်း… ကြားရပုံကတော့ မတူနိုင်လောက်။

"ဟုတ်လား… ဘာတဲ့လဲ…"



www.burmeseclassic.com

www.burmeseclassic.com



"ခင်စရာကောင်းတယ်တဲ့..."

"ဟင့်အင်း... ကျွန်တော်က မဥ္ဇူသကရဲ့သူငယ်ချင်း မဖြစ်ချင်ဘူး"

ရုတ်တရက်မို့ နွယ်နီတစ်ယောက် ကြောင်အမ်းသွားသော်လည်း ခေတ်လူငယ်ပီသစွာ အရာရာကို ရိပ်မိသွားဟန်နှင့် ရယ်သည်။ မဥ္ဇူသက,က လည်း သူငယ်ချင်းပေါင်း ပေါင်းသော အစ်မတော်နွယ်နီကို သူနဲ့ပတ်သက်ပြီး မပြောထားပဲ နေမှာမှ မဟုတ်တာ။

"သူငယ်ချင်းမဖြစ်ချင်ရင် အပေါင်းအသင်း မလုပ်နဲ့ပေါ့..."

မဥ္ဇူသက,က ခပ်ဟည်တည်နှင့် ပြော၏။

"အပေါင်းအသင်း မလုပ်ချင်ပါဘူး၊ ချစ်သူဖြစ်ချင်တာလို့ ပြောထားတာပဲ"

"အာ..."

နွယ်နီ့ရှေ့မှာ ပြောတာမို့ သူမ နည်းနည်းရှက်သွားပုံ ရသည်။ ဒီစကားက ဖြောင့်ကျလွန်းသည်မဟုတ်လား။

မဥ္ဇူသက,က အိမ်နောက်ဖက်ထဲ ဝင်သွားစဉ် နွယ်နီက သူ့ကို မေး၏။

"စစ်နေက မဥ္ဇူနဲ့ပတ်သက်တဲ့ သတင်းတွေကို မယုံဘူးလား"

"မယုံတာ မဟုတ်ဘူး၊ ယုံတယ် မယုံဘူးဆိုတာက ပြောရခက်တယ်၊ သေချာတာက မကြောက်တာ..."

နွယ်နီက ပြုံး၏။

"ဒါဆို ဇူဇူ့ကို အသက်နဲ့ထပ်တူ ချစ်တယ်ပေါ့..."

"ဆိုပါတော့ နွယ်နီ..."

"ဇူဇူ့အတွက် သိပ်ဝမ်းသာပါတယ်၊ ဒါပေမယ့် သူ့မှာလည်း သူ့





စိတ်ခံစားမှုနဲ့ သူ... တော်တော်နဲ့တော့ လက်ခံရဲမှာ မဟုတ်ဘူး"

"ကျွန်တော် သူ့ကိုနားလည်အောင် ဘယ်လိုရှင်းပြရမလဲ မသိဘူး"

"သူ နားလည်ပါတယ်..."

"ဒါဆို သူက..."

"ဇူဇူက မင်းကို အဆုံးရှုံးမခံနိုင်ဘူးလို့ ပြောခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်... ဒါပေမယ့် ဒါက... Handsome တို့... ဝဏ္ဏ တို့လို သံယောဇဉ်ရှိတဲ့လူတစ်ယောက် ဆုံးရှုံးသွားမှာ စိုးတာမျိုးပဲလား၊ ဒီထက် မပိုဘူးလား..."

ကလေးဆန်သွားလား ဘာလားတွေ စစ်နေ မတွေးအား။ နွယ်နီက သူ့စကားကို ရယ်၏။

"ဒါကတော့... ရှင် ဇူဇူ့ကိုမေးလေ"တဲ့...။

ဟုတ်တာပဲ...။

"ဒါပေမယ့် နီ တစ်ခုပြောနိုင်တယ် သိလား..."

"ဘာလဲ..."

"ခုလိုအခြေအနေနဲ့ ဇူဇူ အရှမ်းတုန်လှုပ်တာ ဒီတစ်ခါပဲ တွေ့ဖူး သေးတယ်၊ သူက နည်းနည်းတော့ ပျော့ညံ့တယ်နော်၊ ဒါဟာ နူးညံ့သိမ်မွေ့မှု ကို ဖော်ဆောင်တယ်လို့ ပြောရင်လည်း ရနိုင်တာပဲ၊ ဒါပေမယ့် သေချာတာက တော့ အရင်လူတွေကို ဝမ်းနည်းကြေကွဲတာက သေပြီးမှ... မသေခင် အဲလိုတုန်လှုပ်နေတာမျိုး... နီ တစ်ခါမှ မမြင်မှုဘူး..."

နွယ်နီ့စကားက ဘာအဓိပ္ပာယ်လဲ... စစ်နေ သေချာတွေးကြည့် သည်။ ဒီလောက်အခြေအနေမှာ ဒီလိုတုန်လှုပ်နေတယ် ဆိုတာ စစ်နေကို တခြားလူတွေထက် ပိုပူပင် ပိုစိုးရိမ်တယ်လို့ ဆိုလိုတာလား၊ ဒါမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ခုတစ်ကြိမ်ဟာ သူ့ကကြမ္မာကို အဆုံးအဖြတ်ပေးနိုင်မယ့် အကြိမ်လို့ သူ ခံယူထားလို့လား…။

"ကျွန်တော် ကံကောင်းနိုင်လား နီ…"

နွယ်နီ သူ့ကို မျက်ခုံးပင့်ကြည့်၏။

"အဲဒါ ဘာကိုမေးတာလဲ…"

"ကျွန်တော့်ကံ…"

"I hope so…"

နွယ်နီက ကြည်လင်စွာပြုံးကာ ပြော၏။ ထိုစဉ် မဋ္ဌူသက နောက်မှ ကော်ဖီခွက်များယူကာ ပြန်ထွက်လာသည်။

"ဘာလဲ နီ… I hope so ဆိုတာ…"

"Something ပေါ့ကွယ်…"

နွယ်နီက ဒီလောက်သာပြောသဖြင့် မဋ္ဌူသကလည်း ဆက်မမေးတော့။ နောက်နေ့မနက် ကျောင်းမှာတွေ့တော့မှ မဋ္ဌူသက,က ထိုစကားကို ပြန်မေးလာ၏။

"ကိုစစ်နေ…"

"ဘာလဲ မဋ္ဌူ…"

"မနေ့က နီနဲ့ ဘာတွေပြောနေတာလဲ…"

"ကျွန်တော်က ပြောတာကို မေးတာလား၊ သူပြောတာကို မေးတာလား…"

"နှစ်ယောက်လုံး ပြောတာ…"

"ကျွန်တော်ပြောတာက သူ့ညီမအကြောင်းပါ…"

"သူ့ညီမ ဟုတ်လား…"





ရုတ်တရက်ဆိုတော့ မဋ္ဌူသက အူလည်လည်ဖြစ်သွားပုံရသည်။

"ဟုတ်တယ်လေ… သူ့ညီမက မဋ္ဌူသကတဲ့… ကျွန်တော်က အဲဒီကောင်မလေးနဲ့ သူငယ်ချင်း မဖြစ်ချင်တဲ့အကြောင်း ပြောပြတာ…"

မဋ္ဌူသက,က ခေါင်းကို လေးတွဲ့စွာ ခါယမ်း၏။

"ခက်တော့နေပြီ…"

"ဘာကိုလဲ…"

"ကျွန်မကို မချစ်နဲ့လို့ ပြောထားတယ်လေ…"

"ကျွန်တော်မှ နားမထောင်နိုင်ဘဲ…"

"ရှင် ဒုက္ခရောက်မှာ မကြောက်ဘူးလား"

"မိုက်ရူးရဲဆန်တာ ကျွန်တော် ဝါသနာမပါ,ပါဘူး၊ အချစ်အတွက် အသက်ပင် သေသေ… ဆိုတဲ့အထဲလည်း ကျွန်တော်မပါဘူး၊ ဒါပေမယ့် ကျွန်တော် မိုးပြိုမှာကိုတော့ တွေးပြီး မကြောက်တတ်ဘူး…"

"ရှင်က စကားတတ်တိုင်း လျှောက်ပြောနေတယ်၊ ကျွန်မက စိုးရိမ်လို့ ပြောတာ…"

"ဘာစိုးရိမ်စရာရှိလဲ…"

"ရှင် တစ်ခုခုဖြစ်မှာစိုးတာ…"

"မဖြစ်နိုင်တာ…"

"မဖြစ်နိုင်ဘူးဆိုတာ မရှိဘူးတဲ့…"

"ဟို… အရုပ်ပုပုနဲ့ စစ်သူကြီးပြောတာ မဟုတ်လား၊ သူ ဘာပဲပြောပြော အနည်းဆုံးတော့ သူလက်လှမ်းမမီတဲ့ အရာတွေကို ခံခုံးခဲ့ရမှာပဲ…"

"ဟင်… ဘာဆိုင်လဲ…"


www.burmeseclassic.com

www.burmeseclassic.com



မဥ္ဇူသက,က ရယ်ချင်သောမျက်နှာနှင့် ကြည့်ကာ ပြော၏။

“မဖြစ်နိုင်ဘူးဆိုတာတော့ မရှိဘူး၊ ဒါပေမယ့် ကြားမှာလည်း ဖြေရှင်းလို့ရတဲ့နည်းတွေ အများကြီးရှိတယ်… လို့ ပြောချင်တာ…”

“ဒါပေမယ့်… အဲဒါတွေက ကျွန်မရဲ့စိုးရိမ်မှုတွေကို ဖြေရှင်းမပေးနိုင်ဘူး…”

“ဒါဆို ကျွန်တော် တစ်ခုခုဖြစ်ဖို့ မစိုးရိမ်ရဘူးဆိုရင်… မဥ္ဇူက ကျွန်တော့်ကို…”

“ဘာ… ဘာပြောမိလို့လဲ…”

“မပြောလို့ မေးတာပေါ့…”

“မမေးရဘူးလေ…”

“မမေးရဘူးဆိုတာက…”

“မမေးရဘူးပေါ့… ကဲပါ… နိကကော ဘာတွေပြောလဲ…”

“သူ့ညီမအကြောင်းပဲ ပြောတာ…”

“ဘာတွေပြောလဲလို့ မေးနေတာ…”

“မမေးရဘူးလေ…”

သူ့စကားနှင့်သူငြိကာ မဥ္ဇူသက မျက်စောင်ထိုးပြီး ရယ်ပါတော့သည်။ အတန်းတက်တော့ ပထမ သူက ထိုင်နေသေးသည်။ ဆယ်မိနစ်လောက်ကြာတော့ ခဏတဖြုတ်ထွက်သွားသလိုနှင့် ထွက်သွားလိုက်တာ ပြန်ဝင်မလာတော့။ သူ့စာရွက်တွေ စာအုပ်တွေကိ ုသည်း ဒီအတိုင်းထားသွားသည်။ အတန်းပြီးသည်ထိလည်း ဘယ်မှာမှ ရှာမတွေ့တော့။ ကင်တင်းမှာထိုင်နေသော မင်းသွင်နှင့် စည်သူကပင် မေး၏။

“တစ်ယောက်တည်းလား ဟိုကောင်မလေးကော…”





“မသိဘူး…ငါလည်း ရှာနေတာ၊ ခဏလေးဆိုပြီး ထွက်သွားတာ ပြန်မလာတော့ဘူး”

စည်သူက တမင်မျက်လုံးပြူးကြည့်ကာ…

“ရဲတိုင်ရတော့မလား…”ဟု နောက်သည်။

မင်းသွင်ကတော့…”

“ကောင်မလေးကို မင်း ဘာများလုပ်လိုက်လဲ…”တဲ့။

“ဟုတ်သားပဲ ဘာလုပ်လိုက်လဲ…”

စည်သူကပါ စပ်ဖြဲဖြဲဝင်မေးသည်။

“ဘာမှမလုပ်ပါဘူး… မေးစရာရှိတာ မေးတာ…”

“ဪ… မေးပါများ စကားရလို့ ဆိုခဲ့တာကိုး… မေးပေါ့”

မင်းသွင်က ရို၏။

“ဘယ်က စကားရ,ရမှာလဲ၊ စကားမရတဲ့အပြင် လူပါ ပျောက်သွားတာ”

စစ်နေစကားကြောင့် စည်သူက မေးသည်။

“မင်း ကောင်မလေးကို ဘာတွေများ ခြိမ်းခြောက်လိုက်လို့လဲ”

“အာ… သူ့လား ခြိမ်းခြောက်ရဲမှာ၊ ခုတောင် ဘာလုပ်ရမှန်းမသိတာ”

“အေးလေ…”

ထိုအခါကျမှ သူတို့မျက်နှာများ တည်သွားကြကာ…

“တကယ်ထွက်သွားတာလား…”

“ဒီမှာလေ သူ့စာအုပ်တွေ… ငါသိမ်းလာတာ”

“ကားကော တွေ့လား…”



www.burmeseclassic.com

www.burmeseclassic.com



ကားရပ်နေရာ နှစ်နေရာလုံးမှာ ရှာတော့လည်း မဥ္ဇူသက၏ကားကို မတွေ့ကြရ။

"ကြည့်ရတာ အရေးပေါ် အိမ်ပြန်သွားတယ်ထင်တယ်"

"ဖုန်းဆက်ကြည့်စမ်း..."

သူတို့ မဥ္ဇူသကအိမ်ကို ဖုန်းဆက်တော့ နွယ်နီနှင့် တိုးသည်။

"ကျောင်းသွားတယ်လေ... စစ်နေထင်က ကျောင်းမတက်ဘူးလား"

ဟု မေးနေသေးသဖြင့် ဟုတ်တယ်... ဟု ညာလိုက်ရသေးသည်။

စည်သူကတော့ သူမ၏ပစ္စည်းများကိုကြည့်ကာ ပြော၏။

"ဒါတွေ ပြန်လာယူတော့မှာ မဟုတ်ဘူး... မင်းရှိနေတာကို... ဟိုဖက်ကျောင်းများ တန်းသွားပြီလား မသိဘူး..."

"အေး... ဟုတ်တယ် ဟိုမှာရှိရင် ရှိမှာပေါ့..."

ထိုအတွေးနှင့် သူတို့ တစ်ဖက်စာသင်ရာသို့ ကူးခဲ့ကြသည်။ သို့သော် မဥ္ဇူသက ရှိမနေ။ စောင့်ကြည့်နေသော်လည်း နေ့လည်ထိ ရောက်မလာ။ စစ်နေ နေမထိ ထိုင်မသာဖြစ်လာတာ မဆန်း။ စည်သူပင်လျှင် အိမ်ကို နောက်တစ်ခေါက် ထပ်ဆက်ကြည့်ခိုင်းသည်။ သူမတို့အိမ်က ဖုန်းကကိုင်မည့်သူပင် မရှိတော့။

စိတ်ပူရသည့်ထဲ တောင့်စုံက ကပ်သီးကပ်သတ် တွေးတတ်သော စည်သူက စကားပူတစ်ခွန်းကို ပြောလာသေးသည်။

"မပြောကောင်း မဆိုကောင်း... သိလား..."

"ဘာလဲ..."

"ခါတိုင်းတော့ သူများတွေ တစ်ခုခုဖြစ်ပြီး... မင်းနဲ့ကျမှ ယတြာကောင်းလို့... သူများ တစ်ခုခုဖြစ်သွားရင်..."





"ဟာ... ဟော့ကောင်..."

စည်သူ အချိန်မီ ပါးစပ်ပိတ်လိုက်သော်လည်း စကားလုံးအားလုံးက အဓိပ္ပာယ်ရှိသွားခဲ့ပြီ။ ရင်အစုံသည် ဖြောင်းဆန်ကာ ပူသွားလိုက်သည်မှာ ဘယ်လိုမှပင် စာဖွဲ့မပြတတ်တော့။

❖



www.burmeseclassic.com

www.burmeseclassic.com



ဒီလို ဖောကပ်လာပြန်တော့လည်း သူ့ဘေးမှာ ရှိပေးနေတာက စည်သူပင်။

"မင်း စိတ်ပူပြီး ကားမမောင်းနဲ့…"

"မင်း မောင်းမလား…"

"ငါမှ မမောင်းတတ်တာ…"

"ဒါဆိုလည်း ဘာတတ်နိုင်မှာလဲ…"

"ငါ မင်းနဲ့လိုက်ခဲ့မယ်၊ ငါမပါဘဲ ဘယ်မှမသွားနဲ့…"

စစ်နေ စည်သူ့စေတနာကို နားလည်ပါသည်။

"မသွားပါဘူး… ခု မင်းကိုခေါ်ပြီး သူတို့အိမ်ကို သွားမလို့၊ မရှိရင် မမမြနန္ဒာတို့ဆီ သွားကြည့်မယ်၊ မရှိရင် သူ့သူငယ်ချင်းတွေဆီ ဆက်ရှာမယ်…"





"အေး သွားကြမယ်…"

စည်သူ့ကြည့်ရတာလည်း သူ့ကို မမီလျှင်သာ ရှိမည်။ မဥ္စူသက အတွက် စိုးရိမ်နေတာ အထင်းသား။ သူ့လို အတွေးစုံတွေးတတ်သူက ပိုဆိုးတော့မပေါ့…။ ခုကို နောက်ထပ် ဘယ်နှစ်ထောင့်လောက်က ထပ် တွေးထားပြီးပြီလဲ မသိ…။

အိမ်လိုက်သွားတော့ အိမ်မှာ နီကော မဥ္စူသကပါ မရှိကြ။ သို့နှင့် မြနန္ဒာထံ လိုက်ကြပြန်သည်။ မြနန္ဒာတို့အိမ်ရှေ့မှာ ရပ်ထားသော မဥ္စူသက၏ ကားအဖြူလေးလို တွေ့လိုက်ရတော့ သူတို့ ဝမ်းသာသွားကြသည်။

အပြေးအလွှား ဆင်းကြည့်မိကြသည်။

"ဟော… နေ…"

မမမြနန္ဒာက ဆီးကြို၏။ ခြံထဲက ဒန်းပေါ်မှာ နွယ်နီ့ကို မှီကာ ထိုင် နေသူက မဥ္စူသက…။ ဝတ်ထားသောအင်္ကျီအဖြူနှင့် အပြိုင် သွေးဆုတ် ဖြူရော်လို့…။

"ဘာဖြစ်တာလဲ မဥ္စူ…"

မဥ္စူသက,က မဖြေဘဲ မြနန္ဒာကို လှမ်းကြည့်၏။ မြနန္ဒာကို ဖြေခေး စေချင်သော သဘော…။ မြနန္ဒာကပဲ ရှင်းတော့သည်။

"မနက်ကတည်းက မမဆီ ရောက်နေတာ၊ မမ ဒီနေ့ ကျောင်းတောင် ခွင့်တိုင်လိုက်ရတယ်…"

"ဘာဖြစ်သွားတာလဲ… စာအုပ်တွေလည်း ထားသွားတယ်"

"ဟုတ်တယ်… သွားတုန်းကတော့ Toilet သွားတာပဲ၊ Toilet ထဲမှာ မိန်းမတစ်ယောက်က သူ့ကို…"

မဥ္စူသက,က ကြားဖြတ်ဝင်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုစစ်နေတို့ ကားအက်ဆီးဒင့်ဖြစ်တုန်းက ဆုံးသွားတဲ့တစ်ယောက်ရဲ့အစ်မလေ..."တဲ့။

စစ်နေတော့ မသိ။ စည်သူကတော့ ထိုအမျိုးသမီးကြီးကို ပြန်မြင်မိကာ ဘာဖြစ်ပြီဆိုတာ ခန့်မှန်းလို့ ရသွားသည်။

"သူ့ကို ဘာပြောသွားလဲ မမ..."

"ငါ့မောင်ကိုသတ်တဲ့ မကောင်းဆိုးဝါးမ... တဲ့..."

"လူတွေကြားထဲမှာလား..."

"လူသုံးလေးယောက်ပဲ ရှိတာပါ၊ ဒါပေမယ့် သိတယ်မဟုတ်လား ဇူဇူက ခံနိုင်ရည်မှ မရှိတာ၊ အဲဒီလို သူ့နောက်လိုက်လာပြီး ပြောတော့ သူလည်း ကားပေါ်တက်ပြီး မတရားမောင်းလာတာ၊ ဒီရောက်တဲ့ထိ ဇူဇူ တုန်နေတုန်းပဲ..."

စစ်နေလည်း ဘာပြောရမှန်း မသိတော့။ စည်သူပင် ဘယ်လိုမှ မှတ်ချက်မပေးနိုင်ဘဲ ငိုင်နေမိသည်။

"မနက်က နို့ဆီတောင် ဖုန်းဆက်မိသေးတယ်"

"ဟုတ်တယ်၊ စစ်နေဆက်ပြီးမှ မမမြနန္ဒီက ဖုန်းလှမ်းဆက်တာနဲ့ ထွက်ခဲ့တာ..."

"မမက ကျွန်တော့်ဆီကျ လှမ်းမပြောဘူး၊ စိတ်ပူနေမယ်ဆိုတာ မသိဘူးလား"

စစ်နေက အလကားနေရင်း မြနန္ဒီကို လှမ်းအပြစ်တင်လိုက်သေးသည်။ မြနန္ဒီကလည်း ဖြေရှင်းချက်ပေး၏။

"ပြောမလို့ပါပဲ... ဇူဇူက မပြောနဲ့... ကျောင်းတက်ပါစေ ဆိုလို့..."

"ရော့... စာအုပ်တွေ..."





စနေ မနက်က မဇ္ဈူသကကျန်ခဲ့သော စာအုပ်များကို လှမ်းပေး၏။ ဘယ်လိုလုပ်... ကျောင်းဆက်တက်လို့ ဖြောင့်မှာလဲ ဆိုသော စကားကိုတော့ နီနှင့် မြနန္ဒီရှေ့မှာ မပြောဖြစ်တော့။ စည်သူတွေးသော အတွေးနှင့် စိုးရိမ်ပုံကိုပဲ ရယ်စရာလုပ်ကာ ပြောပြလိုက်မိသည်။ မြနန္ဒီက စည်သူ့စကားကို မရယ်ရက်ဘဲ သူတွေးတာ ဖြစ်နိုင်တာပဲဟု ထောက်ခံနေသေးသည်။ မဇ္ဈူသက,ကတော့ စည်သူ့ကို မေး၏။

"ဇူ အဲလိုဖြစ်သွားရင်... စည်သူ ဘယ်လိုနေမလဲ..."

စည်သူက မျက်လုံးပြူးပြ၏။

"အဲဒါ နင် သူ့မေးရမှာလေ..."

"ခု... စည်သူ့ကို အရင်မေးနေတာ"

"မပြောတတ်ဘူး..."

"ကဲ... ဒါဆို စစ်နေက ပြောပါဦး..."

နီက ကြားဝင်ကာမေးပေး၏။ ပြောချင်တာကတော့ တလောကလုံးကို ပြောင်းဆန်နေတာပဲပေါ့။ သို့သော် မမမြနန္ဒီရှေ့မှာတော့ ဘယ်လိုမှ ပြောမထွက်ရက်။ ခုလောက်ဆို မမမြနန္ဒီလည်း သူနှင့် မဇ္ဈူသကအကြောင်း သိမှာပင်။ ထို့အတွက်လည်း ပိုအားနာနေမိသည်။

"ကျွန်တော်လည်း မပြောတတ်ဘူး၊ စိတ်တော့ ပူတာပဲ..."

စစ်နေကို မဇ္ဈူသက,က အဓိပ္ပာယ်ပါသော မျက်ဝန်းအစုံနှင့် လှမ်းကြည့်၏။

"မဇ္ဈူ ဒီလိုကြီးမနေနဲ့လေ... ဘာလုပ်မလဲ... ဘာလုပ်ချင်လဲ..."

"ဟုတ်တယ်... မမကော... နီကော... နေ့လည်ကတည်းက ပြောနေတာ မရဘူး၊ အိပ်ရာထဲဝင်လိုက်၊ ဒီမှာ လာထိုင်လိုက် လုပ်နေတာ၊



www.burmeseclassic.com

www.burmeseclassic.com



အပြင်ထွက်လိုက်ပါလား ဇူဇူ…”

“ဟုတ်သားပဲ… နီတို့ ညနေစာ တစ်နေရာရာမှာ သွားစားရအောင်လေ…”

“မစားချင်ပါဘူး…”

မဥ္ဇူသက,က ငြင်း၏။

“ဒါဆို ဘာစားချင်လဲ… မမချက်ကျွေးမယ်…”

“မချက်နဲ့…”

မြနဒီ၏အဆိုကိုလည်း ငြင်း၏။

“ဒါဆို ဒီလိုလုပ်လေ… မမလည်း မချက်ရအောင်၊ မဥ္ဇူလည်း အပြင်မထွက်ရအောင် ကျွန်တော်နဲ့ စည်သူ တစ်ခုခု သွားဝယ်လိုက်မယ်၊ ဒီမှာပဲ ခြံထဲမှာပဲ စားကြတာပေါ့… မကောင်းဘူးလား…”

“ကောင်းတယ်… ကောင်းတယ်…”

မြနဒီကော နွယ်နီကော စည်သူကပါ အားတက်သရော ထောက်ခံသော်လည်း မဥ္ဇူသက,က မလှုပ်။ ဟင့်အင်း… ဟု မငြင်းသဖြင့် သဘောတူသည်ဟု ယူဆပစ်လိုက်ကြသည်။ စည်သူ၏အကြံပေးချက်အရ မင်းသွင်နှင့် မငယ်ကိုပါ လှမ်းဖုန်းဆက်ကာ ခေါ်လိုက်ကြ၏။ မမျှော်လင့်သော Gathering လေးတစ်ခု မြနဒီခြံထဲမှာ ဖြစ်တည်သွားခဲ့ရတော့သည်။

မင်းသွင်နှင့် မငယ်ရောက်လာတော့ စကားလမ်းကြောင်းကို အဖြစ်အပျက်တွေဆီ လုံးဝမလှည့်တော့သဖြင့် မငယ်နှင့် မင်းသွင်ပင် ဘာလို့ဒီလိုဆုံကြမှန်း မသိလိုက်ကြ။ တိုက်ဆိုင်စွာ တွေ့ကြ ဆုံကြသည်ဟုပင် ထင်ပုံရသွားကြသည်။

“မဥ္ဇူသက,က ဘာမှ မစားဘူးလား”





“စားပါတယ် မငယ်… ဇူ သိပ်နေမကောင်းလို့…”

“ဟုတ်လား… ဒါဆို နားလေ၊ မငယ် ဘာလုပ်ပေးရမလဲ…”

“ရတယ်… ရတယ်… ဇူဇူက မဆာတာလည်း ပါ,ပါတယ်…”

နွယ်နီက မငယ်ကို အားနာကာ ဝင်ပြော၏။

သူတို့အမျိုးသမီးတစ်စု တွတ်ထိုးနေဆဲ ဘာဇာတ်မှ မသိသော မင်းသွင်က မေးလာသဖြင့် အကြောင်းစုံ ရှင်းပြလိုက်ရသေးသည်။

မင်းသွင်က ဒီလိုကိုး… ဟု မှတ်ချက်ချပြီး ပြောပြန်သည်။

“အင်း ပြောရဦးမယ်…”

“ဘာလဲ…”

“သူ့ကြည့်ရတာ စိတ်ကြောင့်လားမသိဘူး… ဆွဲချလိုက်သလိုပဲ၊ အရင်လက ဟိုကောင်နဲ့ ပတ်သက်ပြီး ဖြစ်တုန်းကလည်း ဒီလိုပဲ၊ ခံတော့ ပျော့တော့ လူက မခံနိုင်ဘူး…”

“အဲဒါ ဘာဖြစ်လဲ…”

“ဪ… ဂရုစိုက်ဦးလို့… ပြီးတော့…”

“ပြီးတော့ ဘာဖြစ်လဲ…”

အရေးထဲ မင်းသွင်က ပေဆွဲဆန့်နေသဖြင့် စည်သူက စိတ်မရှည်သလို မေးတော့သည်။

“ဘာဖြစ်ရမှာလဲ… ယတြာတွေကစွမ်းပွဲ့လို့ စစ်နေဘာ ဘာမှ ဖြစ်ပဲ ကောင်မလေးကို သွားဖြစ်နေဦးမယ်လို့ တွေးမိလို့…”

မင်းသွင်စကားကြောင့် စစ်နေ မပြောနှင့်။ အတွေးစုံကို ထောင့်စုံက တွေးတတ်သော စည်သူပင် ဆွံ့အသွားရတော့သည်။ မဥ္ဇူသက,တစ်ယောက် ပျော့ခွေခွေလေးနှင့် နွယ်နီပေါ် လှဲနေတာကိုလည်း သုံးယောက်သား



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်တူ ကြည့်မိကြသေးသည်။ ဘာလုပ်ရမှန်း မသိ...။

နှစ်ယောက်သား ရွှေလက်တွဲနိုင်ဖို့က ဘာတွေလိုနေတာလဲ... ဟု ဘယ်သူ့ကို သွားမေးရမှန်းလည်း မသိ။ မေမေတို့ မဦးတို့ကို ယတြာတွေ မချေပါနဲ့လို့လည်း မတားရက်... မတားချင်။ သေချာတာကတော့ မေမေတို့ကလည်း မဥ္ဇူသကကို ထိခိုက်မှာမျိုးတော့ ဘာမှလုပ်မှာ မဟုတ်ဆိုတာပင်...။

သို့သော် မတော်တဆ အမှတ်မထင်... ဆိုတာမျိုးတွေက ဘဝမှာ မလိုလားအပ်သောထောင့်တွေမှသာ လာတတ်တာ များသည်မဟုတ်လား။ မတော်တဆ ထီပေါက်သွားတာ၊ အမှတ်မထင် အမွေရလို့... ဆိုတာတွေက ဖြစ်ခဲပါဘိခြင်း...။

ညက တဖြည်းဖြည်း မည်းမှောင်အေးစိမ့်လာသည်။ အမှောင်ထဲမှာ ထင်းနေတာက အဖြူရောင်...။ နတ်ပန်းပွင့် အဖြူရောင်လေးတစ်ပွင့် နွမ်းလျစွာပွင့်နေသည်နှင့်ပင် တူသေးတော့၏။ ကောင်းကင်က လက်တောက်နေသော ကြယ်ပွင့်များစွာအနက်မှ... ဘယ်ကြယ်ပွင့်သည် စစ်နေအတွက် wishing star ဖြစ်မည်လဲ...။ စစ်နေမသိပါ။ နက္ခတ်တာရာများနှင့် ဂြိုဟ်သွားဂြိုဟ်လာများက ကံကြမ္မာကို ဖန်တီးနိုင်သည် ဆိုတာကတော့ တကယ်လား...။ ဒါဆို ဒီနက္ခတ်တွေကို ရွှေ့လျားစေနိုင်တဲ့ အရှင်သခင်ကကော ဘယ်သူများ ဖြစ်မည်လဲ...။ စစ်နေ မသိပါ...။

❖





အယောင်ယောင် အမှားမှားဟုပင် ပြောရမလား မသိ။ ပြောင်းပြန်တွေဖြစ်ကာ အားလုံးက မဥ္ဇူသကဘက် လှည့်ကာ အာရုံစိုက်နေကြသလို ဖြစ်သွားဆဲ... စစ်နေက ကောက်ကာငင်ကာ ဖောက်တော့သည်။ ရှိုးရှိုး အအေးမိဖျားရာကနေ အဖျားမကျတော့။ ရောဂါတွေ စစ်[illegible] စုံလို့...။

မဦးကတော့ ဘဖျစ်တောက်တောက်...။

"မေမေ ဘာလိုသွားလဲ မသိဘူး..."

"ဟဲ့... ဘာဖြစ်တာလဲ..."

"ဒီလောက်လုပ်နေတဲ့ကြားက ခု... နေ ဖြစ်ပြီလေ..."

"ဒါ... သူ့ဟာသူ ဖျားတာပါ မဦးရာ..."

မငယ်က ဝင်ပြောတော့ မဦးက လက်မခံ...။



www.burmeseclassic.com

www.burmeseclassic.com



"နင် ဝင်မပါနဲ့ဟယ်… ငါတို့လုပ်နေတာ ငါတို့နားလည်တယ်"

"ဗုဒ္ဓေါ… ဒါဆို ငယ်က တော်းလား…"

"မဆိုင်တာ မပြောနဲ့…"

"မဆိုင်တာ စ,ပြောတာက မဦးလေ…"

သို့နှင့် ညီအစ်မနှစ်ယောက် စကားကတောက်ကဆ ဖြစ်ကြရတော့သည်။ ဖေဖေက ဝင်ဆူမှ တိတ်သွားကြ၏။

"တစ်ယောက်က အသည်းအသန်ဖြစ်၊ တစ်ယောက်က လူမမာနားလန်ထလို ဖြူဖျော့ဖျော့… ဘာတွေဖြစ်ကုန်မှန်း မသိပါဘူး…"

မလတ်ကတော့ သူ တကယ် ဘာမှ နားမလည်တာကို နားမလည်သလို လက်ခံညည်းညူရှာသည်။

သို့သော် စစ်နေ အဖျားတအားတက်ကာ ဆေးရုံတင်လိုက်ရသော ညကတော့ မေမေက အမိန့်ချတော့သည်။

"တော်ပြီ… သားသမီးချင်း ကိုယ်ချင်းမစာဘူးဘဲ ပြောပြော၊ မိန်းမချင်း နားမလည်ဘူးဆိုဆို… နေ့ကိုတော့ မဠူသက ဆိုတဲ့ ကလေးမနဲ့ ဘယ်လိုမှ အပတ်သက်မခံတော့ဘူး…"

ဒီတစ်ကြိမ်မှာတော့ ငယ်လည်း ဘာသံမှ မထွက်နိုင်ဘဲ လိုလိုလားလား လက်ခံမိရက်သား ဖြစ်သွားရသည်။ Results တွေ ထွက်လာတော့ စစ်နေရောဂါက ကျောက်ကပ်ကြောင့် ဖြစ်နေသည်။ ကျောက်ကပ်ထဲ ပြည်စတည်နေပြီဟု ဆိုသဖြင့် ခွဲရန် ပြင်ရတော့သည်။

စစ်နေ ဒီလောက်ဖြစ်နေတာကို သိသိကြီး,နှင့် လူမမာလည်း မေးခွင့်မရ၊ တွေ့ခွင့်လည်း မရတော့ နဂိုကမှ စိတ်ပျော့သည့် မဠူသက,ကလည်း အိပ်ရာထဲ လဲတော့သည်။





"ဒုက္ခပဲ…"

မြနန္ဒီက စည်သူ့ကိုတိုင်တည်ကာ ညည်းညူ၏။

"ဘာလုပ်ပေးရမလဲ မမ…"

"ဘာမှလုပ်လို့ မရဘူး၊ မမတောင် နေ့ကို သတင်းသွားမေးရတာ မျက်နှာပူလှပြီ၊ ဒါပေမယ့် မမနားလည်ပါတယ်၊ ကိုယ့်သားသမီးရဲ့ သေရေးရှင်ရေးနဲ့ ပတ်သက်လာရင်တော့ ဘယ်မိဘကမှ ဘယ်သူ့ဂိုဏ ် သဘောထားကြီးကြီး နားလည်ပေးဖို့ အားရှိမှာ မဟုတ်ဘူးဆိုတာ…"

"မဠူသက,ကကော ဘာပြောလဲ…"

"သူကတော့ စစ်နေကို တွေ့ချင်တာပေါ့၊ ဒါပေမယ့် သူ မတွေ့သင့်ဘူး… တွေ့ခွင့်မရနိုင်ဘူးဆိုတာ သူသိတယ်…"

ဒါဆို ရှုရှုက စစ်နေ့ကို ချစ်နေတာလား… ဆိုသည့် မေးခွန်းမျိုးကိုတော့ အဖြေရရုံသက်သက်နှင့် စည်သူလည်း မမမြနန္ဒီကို မမေးရက်။ သို့သော် ဒီအဖြေက အသံထွက်မလာသေးတာက လွဲလျှင် နှလုံးသားထက် အက္ခရာတင်ပြီးသားတော့ ဖြစ်လောက်သည်ဟု စည်သူ နားလည်သွားသည်။

အရင်ကတော့ စည်သူက စစ်နေအတွက် ပူတာ…၊ ခု… စစ်နေအတွက်တင်မက ခင်မင်မိသော သူငယ်ချင်းမလေး… မဠူသက အတွက်ပါ ပူနေရပြီ။ မင်းသွင်လို ခပ်ကင်းကင်းနေတတ်သူတောင်မှ စိုးရိမ်စိတ်တကောင်းတော သိသာနေတာပဲ…။

"ကျွန်တော်တို့ ဘာလုပ်ရရင် ကောင်းမလဲ မမ…"

"မမလည်း မစဉ်းစားတတ်တော့ဘူး…"

"ကျွန်တော်စဉ်းစားမိတာ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် နောက်ကရောက်လာသော မင်းသွင်၏ ကြားဖြတ်စကားကြောင့် နှစ်ယောက်သား မင်းသွင်ကို ကြည့်မိကြသည်။

"ပြောပါဦး မင်းသွင်..."

"ကလေးကလားတော့ ဆန်မှာပဲ၊ ဒါပေမယ့် အယူသည်းတတ်တဲ့သူတွေအဖို့ ရှုရှုဟာ... ဒီလို ကျိန်စာသင့်နေတဲ့ မိန်းကလေးဆိုတာ ယုံရင် ကျွန်တော်ပြောတာလည်း ထည့်စဉ်းစားသင့်တယ်..."

"မင်းက ဘယ်လိုစဉ်းစားမိတာလဲ..."

"ရှင်းပြမယ်... အစက စ,ရှင်းမယ်နော်..."

"ဟုတ်ပါပြီ..."

ဒီတစ်ခါတော့ စည်သူလည်း မင်းသွင်စကားကို လက်ခံသည့်အနေနှင့် အာရုံဝင်စားကာ နားထောင်သည်။

"အရင်ကလူတွေဟာ ရှုရှုကြောင့် သေခဲ့ရတယ်လို့ ယုံတယ်ပဲထား..."

"အင်း..."

"အဲဒီလူတွေကို ရှုရှုက မချစ်ခဲ့ဘူး..."

"ဟုတ်ပြီ..."

"ခု... ဇေ်နေ့ကိုတော့ ရှုရှုက ချစ်တယ်လို့ ကျွန်တော် ခံစားလို့ရတယ်၊ အဖြေမပေးရဲလို့... ပေးလိုက်ရင် တစ်ခုခုဖြစ်မှာစိုးလို့ မပေးသေးတာက လွဲရင်ပေါ့..."

မင်းသွင်က ခပ်တည်တည်နှင့် မြနဒီကို အားမနာတမ်းပြော၏၊ မြနဒီလည်း တော်ရှာပါသည်။ ချစ်သော'နေ'နှင့် ချစ်သော ညီမလေးတို့အတွက် သူ အပြည့်အဝ နားလည်နိုင်ရှာသည်။ တစ်ချက်ကလေး မဆို





စလောက် စွန်းထင်သွားသော မျက်နှာပေါ်မှ ခံစားချက်တို့ကို တွန်းဖယ်ပစ်လိုက်ရင်း အားတက်သရော ထောက်ခံရှာသည်။

"ဟုတ်တယ်... ဟုတ်တယ်၊ မင်းသွင်ပြောသလိုပဲ မမလည်း ခံစားလို့ရတယ်၊ ဒါဆို ဘာဖြစ်လဲ... ဆက်ပါဦး..."

"သူတို့နှစ်ယောက် တကယ် အတိအလင်းချစ်သူတွေ ဖြစ်သွားရင် ဘာဖြစ်လာမလဲ... ဆိုတဲ့ အခြေအနေကို ကျွန်တော်သိချင်တယ်၊ ရှုရှုချစ်တဲ့သူနဲ့ ဆိုရင်ကော... ကံကြမ္မာက တစ်မျိုးပြောင်းသွားနိုင်သေးလား... ဆိုတာမျိုး ကျွန်တော် စဉ်းစားမိတာ..."

မြနဒီက ခေါင်းညိတ်၏။

စည်သူကလည်း ခေါင်းကို လေးတွဲ့စွာညိတ်ရင်း ပြောသည်။

"မင်းပြောသလို လုပ်တာက ဟုတ်ပါပြီ၊ ဒါတွေက တကယ် ဘာမှ မမြင်ရတဲ့ကံကြမ္မာကို စမ်းသပ်ရမှာလေ၊ နှစ်ယောက်လုံး တစ်ခုခု ဖြစ်သွားခဲ့ရင်... ဘယ်လိုလုပ်ကြမလဲ..."

မင်းသွင်က တစ်ချက်ပြုံးလိုက်၏။ ပြီးမှ...

"အနည်းဆုံး... သူတို့ ဒီဘဝမှာ ချစ်သူတွေ ဖြစ်ခဲ့ကြဖူးတယ်"

မင်းသွင်စကားက ပြတ်သားလွန်းသလို လက်တွေ့လည်းဆန်သည်။ ဘာမှန်းမသိသော အရာတွေကို စမ်းတဝါးဝါး ရင်ဆိုင်ရင်းက စိတ်ကြောင့် ဗုန်းဗုန်းလဲကုန်ကြမှာကိုတော့ ဘယ်သူကမှ မလိုလားကြ။ လူ့သဘောအရကိုက ဒါ ဟုတ်လား... မဟုတ်လား ဆိုတာ ဆန်းစစ်ကြည့်ချင်ကြသေးတာပင်...။

"မင်းဆုံးဖြတ်တာက ဟုတ်ပါပြီ..."

"ဆုံးဖြတ်တာ မဟုတ်ဘူး... အကြံပြုတာ... ဆုံးဖြတ်ရမှာက



www.burmeseclassic.com

www.burmeseclassic.com



ကာယကံရှင်၊ ဒါကြောင့် ငါ့ကို ရှုရှုနဲ့ ပေးတွေ့လို့ ငါ အရင်ကတည်းက စစ်နေကို ပြောခဲ့ပါတယ်၊ လိုရင် ခေါ်လို့… ငါတွေးမိတာလေးတွေ ပြော ပြပြီး ရှုရှုကို နားချချင်လို့ပြောတာ၊ ဟိုကောင်က စစ်ကူမလိုဘူး ဆိုတဲ့ ပုံစံနဲ့ တစ်ကိုယ်တော် ချီတက်ခဲ့တာကိုး…”

မင်းသွင်စကားဆုံးတော့ စည်သူက မေး၏။

“ဒါဆို မင်း ရှုရှုနဲ့ တွေ့မလား…”

“တွေ့မယ်…”

“လာ… ငါတို့သွားကြမယ်…”

ခုလိုကျတော့လည်း စည်သူတစ်ယောက် အခြားသောထောင့်များစွာ စဉ်းစားကာ တွေးတောမနေပဲ ချက်ချင်းထသဖြင့် မင်းသွင် ပြုံးရသေး၏။

ရှုရှုဆီရောက်တော့ နွယ်နီနှင့် အရင်တွေ့သည်။

“နီ ရှုရှု ဘယ်လိုနေလဲ…”

“သက်သာမှာပါ… ခုဟာက စိတ်ကြောင့်ဖြစ်တာပဲ…”

နွယ်နီကတော့ မာကျောကျောရှိသူပီပီ ထိုသို့ မှတ်ချက်ချ၏။

နွယ်နီ့ကို မမြနဒီက အကျိုးအကြောင်းစုံပြောပြလိုက်တော့ နွယ်နီ က သက်ပြင်းချ၏။

“နီမသိဘူး မမ… လုပ်ချင်တာလုပ်… ဒီအကြံကို ရှုရှု လက်ခံလိမ့် မယ်လို့တော့ နီ သိပ်မထင်ဘူး၊ သူက သူ့ကြောင့် စစ်နေ တခုခုဖြစ်မှာ အရမ်းစိုးရိမ်နေတာ”

“ဒါက မင်းသွင်တာဝန်ပါ၊ ကဲ… မမ နေခဲ့မယ်၊ မင်းသွင်နဲ့ စည်သူပဲ ရှုရှုနဲ့ သွား စကားပြောချေ…”

ရှုရှုအခန်းထဲရောက်သွားတော့ ရှုရှုက စာထိုင်ရေးနေသည်။





“ဟဲ့… ဘာလုပ်နေတာလဲ…”

“ခြော်… ကိုမင်းသွင်… စည်သူ လာလေ… ကိုစစ်နေအတွက် စာတွေကူးပေးနေတာ…”

“ရှုရှု နေမကောင်းဘူးဆို… စည်သူ့ပေးလိုက်လေ… သူ ကူးပေး လိမ့်မယ်”

မင်းသွင်၏ အလျှို့လက်ဖက်နှင့် မျက်နှာလုပ်သော စကားကြောင့် စည်သူ မကျေမနပ် လှည့်ကြည့်မိသေးသည်။ သို့သော် ခုချိန်က စကားနိုင် လုနေရမည့်အချိန်မှ မဟုတ်တာ…။

“ကိုစစ်နေ နေကောင်းလား…”

“ခွဲပြီးရင် သက်သာမှာပါ…”

“ဘယ်နေ့ ခွဲမှာလဲ…”

“ဒီနေ့…”

“ခုလောက်ဆို ခွဲနေပြီ…”

စည်သူကပင် ဝင်ဖြေပေးလိုက်၏။ ခုလောက်ဆို စစ်နေ ခွဲခန်းထဲ မှာ…။

“ရှုရှုလည်း ဘာမှ လုပ်မပေးနိုင်ဘူး…”

မဥ္ဇူသက,က ခပ်တိုးတိုးလေးညည်း၏။

“နင်လုပ်ပေးနိုင်တာ ရှိပါတယ်”

“ဘာလဲ…”

မင်းသွင်က အခြေအနေကို အကဲခတ်လိုက်သေးသည်။ ပြီးမှ…

“နင် သူ့သတိရလာချိန်မှာ အဖြေပေးလိုက်လေ…”

မင်းသွင်စကားကြောင့် မဥ္ဇူသက အကြောက်အကန်ငြင်း၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း… ဟင့်အင်း… မဖြစ်ဘူး… ပေးလို့မဖြစ်ဘူး…"

"ဘာလို့မဖြစ်တာလဲ နင်ကိုယ်၌က မချစ်လို့လား… ဒါမှမဟုတ် အရင်လိုဖြစ်မှာ စိုးတာလား…"

"အရင်လိုဖြစ်မှာ စိုးတာ…"

"အရင်လူတွေကို နင်က ချစ်ခဲ့လို့လား"

"ဟင့်အင်း…"

"ခု… နင့်ဆီက ချစ်ခြင်းတွေရရင် ကံကြမ္မာက တစ်မျိုးပြောင်းသွားမယ်လို့ ငါတို့ တွေးကြည့်ရအောင်…"

"အင်… ဘယ်လို…"

မင်းသွင် ထပ်ရှင်းပြရ၏။

"ကံကြမ္မာက… နင်ချစ်တဲ့သူနဲ့ကျ တစ်မျိုးဖြစ်လာနိုင်မလားလို့ ငါတို့ မျှော်လင့်ကြည့်ရအောင်လေ…"

မဥ္ဇူသက ငြိမ်သက်သွား၏။

တစ်စုံတစ်ခုကို လေးနက်စွာတွေးပြီး ငြိမ်သက်သွားပုံမျိုး။ အတန်ကြာမှ ခေါင်းခါ၏။

"မဖြစ်သေးပါဘူး"

"ဘာလို့လဲ…"

"သူတို့ခွင့်ပြုမှာမှ မဟုတ်တာ…"

"ဘယ်သူလဲ စစ်နေအမေလား…"

"အင်း… အန်တီတို့ မဦးတို့…"

"ဒါက ငါတာဝန်ထား…"

မင်းသွင်က စကားအဆုံးမှာ မဥ္ဇူသကကို အကဲခတ်သလိုကြည့်၏။





ဒါလည်း မပြီးသေးပါ။

"ကျန်သေးတယ်…"

"ဘာကျန်ရပြန်ပြီလဲ…"

"အဆုံးစွန်တွေးတာ…"

"ကျွတ်… ကဲ… ပြော ဘာတွေးပြန်တာလဲ…"

သူ့ကျ အမြဲတမ်းထောင့်စေ့အောင် တွေးချင်ရာ တွေးနေပြီး သူများကျ စိတ်မရှည်ချင်သော စည်သူ့ကိုကြည့်ကာ မင်းသွင် ပြုံးမိသေး၏။

"ခုလိုလုပ်လို့… ကိုစစ်နေ တစ်ခုခုဖြစ်ရင်…"

"ဘာဖြစ်လဲ…"

"ဇူဇူလည်း ကိုစစ်နေအတိုင်း လိုက်လုပ်ခွင့်ပေးရမယ်…"

အမှန်က ဒါမျိုးက မိုက်ရူးရဲဆန်သောအလုပ် ဖြစ်သည်။ တော်ရုံဦးနှောက်ရှိသော ဘယ်သူမှ ဒီစကားမျိုးမပြော။ သို့သော် မဥ္ဇူသကမှာက အကြောင်းရှိသည်။ ဒါကိုတော့ သူတို့လည်း နားလည်ကြသည်။ ဒီလိုချည်းဆက်ဖြစ်နေမှတော့ လူတွေ ဒုက္ခမရောက်အောင် သူမရှိမှ အေးမယ်လို့ တွေးတာ ဆန်းတဲ့ကိစ္စမှ မဟုတ်တာ။ သူတစ်ပါးကို ဒုက္ခမပေးလိုသောလူတိုင်း၏ရင်ထဲ ဒီလိုအတွေးမျိုး ရှိမှာပင်…။

"နင့်သဘော…"

မင်းသွင်က ပြီးလွယ်စီးလွယ်မဆန်သော လေသံနှင့် သဘောတူပေးလိုက်ရသည်။ ရှေ့ဆက်နာရီတို့သည် ဘာဖြစ်မည်မှန်း မသိနိုင်သေးသော အချိန်နာရီများသာ ဖြစ်တော့သည်။

❖



www.burmeseclassic.com

www.burmeseclassic.com



မေ့ဆေးငွေ့ပြယ်ခါစတွင် စစ်နေ၏ ညည်းညူလှုပ်ရှားမှုတို့ စတင်လာခဲ့သည်။ မင်းသွင်တစ်ယောက် ဘာတွေ ဘယ်လိုစီစဉ်ထားသည် မသိ။ သတိရကာစ စစ်နေသောမှာ သူရယ်... စည်သူရယ်... မငယ်ရယ်... မဉ္ဇူသကရယ်ပဲ ရှိနေစေသည်။

မပီပြင်သောအသံတစ်ခုကို စကြားရသည်။

"နေ... သတိရပြီလား..."

မငယ်က အနားကပ်ကာမေး၏။ ခေါင်းကို အသာဆတ်ပြလိုက်သည်။

"မဉ္ဇူ..."

ဒီနာမည်ကိုတော့ အားလုံး ပီသစွာကြားလိုက်ကြသည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိချိန်တွင် မင်းသွင်က နင်နေခဲ့... ဟု ဆိုကာ





မငယ်နှင့် စည်သူကို ခေါ်ထုတ်သွားတော့သည်။

တစ်ယောက်တည်းကျန်ခဲ့သော မဉ္ဇူသကလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ။ စစ်နေ၏လက်ကလေးကို ကိုင်ထားရန်းနှင့် မထိရဲ မတို့ရဲ ဖြစ်နေရသေးသည်။

"မဉ္ဇူ..."

"... မဉ္ဇူရှိနေတယ် ကိုစစ်နေ..."

စစ်နေ၏ လက်ဖျားအေးအေးလေးကို အသာဆုပ်ကိုင်လိုက်တော့ စစ်နေ မျက်လုံးပွင့်လာသည်။ အို... ဒီတစ်ခါ သူသတိရအလာမှာ... မဉ္ဇူသကဆိုတာ... နာမည်ကြားရုံမျှမက လူကိုယ်တိုင် ရှိနေခဲ့ပြီပဲ...။

"သက်သာလား ကိုစစ်နေ..."

"ကျွန်တော်ကောင်းသွားမှာပါ..."

"မဉ္ဇူလည်း ဆုတောင်းနေပါတယ်..."

"ဆုပဲ တောင်းပေးမှာလား... တခြား တစ်ခုခုကော..."

မဉ္ဇူသက ဆုပ်ကိုင်ထားမိသော စစ်နေ၏လက်များကို ယောင်ရမ်းကာ လွှတ်လိုက်မိသလား မဆိုတတ်...။

"တခြား တစ်ခုခု..."

"အင်း..."

"မဉ္ဇူကိုယ်တိုင်ရောက်နေမှ ဘာလိုသေးလဲ..."

"မဉ္ဇူက ဘယ်လိုအနေနဲ့ ရောက်နေတာလဲ..."

မဉ္ဇူ ခုတင်ပေါ်မှာ တင်ပေးထားသော ပုတီးကုံးလေးကို ငုံ့ကြည့်နေမိသည်။ ဘာရယ်မဟုတ်...။ သူမအာရုံမှာတော့ ဘာကိုမှ မြင်မှုမရ...။

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



ထပ်မေးလာတော့မှ မဥ္ဇူ အားယူကာ ဖြေလိုက်သည်။

"စစ်နေထင်ရဲ့ ချစ်သူအဖြစ်နဲ့..."

မဥ္ဇူစကားအဆုံးမှာ အားမပါသော စစ်နေ၏ လက်များက သူမ လက်ကို ပြန်ဆုပ်ကိုင်လိုက်တာကို သိလိုက်သည်။ အိုး... ဒီအချိန်... ဒီစက္ကန့်လေးတွေကို တစ်သက်စာနဲ့ပဲ လဲရ လဲရ ထိုက်တန်ပါသည်... ဟု စစ်နေ တွေးနေမိ၏။ မဥ္ဇူသကဘက်ကရော ဒီလို တွေးမှာပဲလား...။

"မပူနဲ့ သိလား မဥ္ဇူ..."

"ဘာလဲ... ဘာကိုလဲ..."

"ကျွန်တော်တို့ ဘာမှ မပြစ်နိုင်တော့တာ သေချာသွားပြီ"

"ဟင်... ဘယ်လိုသိလဲ..."

"စိတ်ထဲက အလိုလိုသိတယ်၊ အဲဒီ အလိုလိုသိမှုဟာ... တစ်ခါတလေကျ သူ့ဟာသူ ဖြစ်တည်ဝင်ရောက်လာတာ၊ ကိုယ်လုပ်ယူလို့ မရဘူး၊ ကိုယ့်အတွေ့အကြုံအရတော့ ဒါဟာ သေချာတယ် သိလား..."

"လူမမာ စကားတွေ သိပ်မပြောနဲ့ဦး..."

အခန်းထောင့်မှာ မင်းသွင် ဘာတွေ အမိန့်ပေးထားမှန်းမသိ... ချောင်ကပ်နေသော သူနာပြုဆရာမက မနေနိုင်စွာ လှမ်းကြောခြင်းဖြစ်သည်။

"ဟုတ်..."

စကားဆိုတာ ပါးစပ်ကပြောပြမှ သိနိုင်မယ့်အရာ သက်သက်မဟုတ်ဘူးဆိုတာ ဒီသူနာပြုဆရာမ မသိဘူးထင်ပါရဲ့...။ ပါးစပ်က မပြောလည်း နှလုံးသားချင်း နားလည်နိုင်သည်ပဲ...။ အကြည့်ချင်း နားလည်နိုင်ကြသည်ပဲ...။

စကားရာထောင်များစွာထက် လေးနက် နက်ရှိုင်းသော အကြည့်





များထဲတွင် သူတို့နှစ်ဦး နစ်ဝင်သွားကြသည်။ ကမ္ဘာလောကကို အုပ်မိုးနေသော နက္ခတ်များက ဒီအချိန်မှစတင်၍ ကောင်းမွန်စွာ လှည့်ပတ်စီးမျောသွားကြပြီ ထင်သည်။ စိတ်၏ရာသီဥတုသည် မြူတစ်မှုန်စာမှ မရှိအောင် ကြည်လင်ကင်းစင်နေ၏။ အဘယ်သော နတ်ဒေဝတာသည် ဒီအချိန်နာရီကို ဒီနေ့ကျမှ ရက်ရက်ရောရောလာပေးမှန်း မသိ။

အခန်းထဲ ပြန်ဝင်လာကြသော ခြေသံများကို ကြားနေရသည်။

စကားသံတချို့ကို ကြားနေရသည်။

သို့သော် သူတို့နှစ်ဦး တိတ်ဆိတ်စွာပြောဆိုသော ဘာသာစကားကိုတော့ ဘာကမှ ထိုးဖောက်နိုင်စွမ်း မရှိခဲ့။

ကံကြမ္မာ၏ရာသီဥတုသည် ကြည်လင်နေခဲ့ပြီ။

❖



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

# နိဂုံး

မကြာခင် စစ်နေ နေကောင်းကျန်းမာလာခဲ့သည်။

ကျွန်ုပ်တို့၏ခေတ်လိုက်ကျော်ကြီး မင်းသွင် ဘာတွေ ဘယ်လိုလုပ်လိုက်သည် မသိ။ မေမေနှင့် မဦး၏ စိုးရိမ်မှု မုန်တိုင်းများကို ငြိမ်ကျသွားခဲ့ကြသည်။

ခုတော့လည်း လေပြည်က ညင်သာစွာ တိုက်ခတ်စီးမျောလို့။



www.burmeseclassic.com

www.burmeseclassic.com



# နိဂုံး၏ နိဂုံး

BURMESE CLASSIC .com

စစ်နေတို့နှစ်ယောက် လက်ထပ်ခဲ့ကြသည်မှာ ခုဆို သုံးနှစ်ပြည့်တော့မည်။ နှစ်ဦးလုံး ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင်နှင့် ရှိနေပြီး အပျိုကြီး မမမြနဒီအတွက်ပင် တူမလေးတစ်ယောက်ကို မွေးပေးထားခဲ့သေးသည်။

ကံကြမ္မာကို ကြောက်ရွံ့တွေဝေ ဆုတ်ဆိုင်းခဲ့ကြလျှင် သူတို့ ဒီလို ပျော်နိုင်ပါ့မလား...။ စဉ်းစားစရာပင်...။

တစ်ခါတစ်ရံတော့ လူတွေသည် ဘယ်သူကမှ မပြောကြားခဲ့သော ပုံပြင်အတည်တကျမျှားနှင့် ခြောက်အိပ်မက်များ ရက်ဆက် မက်နေတတ်ကြသည်။ နိုးထခွင့်သည် မိမိကိုယ်၌နှင့်ပဲ သက်ဆိုင်သလား... ကံတရားနှင့်ပဲ သက်ဆိုင်သလား ဘယ်သူမှ သေချာမသိနိုင်ပါ...။

ကြောင်နှပ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကျွန်တော်ဟာ ဘာကောင်မှ မဟုတ်ပါဘူး။ မကောင်းတဲ့ ရလာဒ်နဲ့ တိုက်ဆိုင်မှု ဆိုးကျိုးတွေကို စုစည်းချေါင်းစည်းတပ်ပြီး ကျွန်တော့်ကို သူတို့ နာမည်တစ်ခု ပေးလိုက်ကြတယ်။ 'ကြမ္မာဆိုး' တဲ့။ အမှန်ကတော့ အရာအားလုံးဟာ သူ့အကြောင်းတရားနဲ့သူ ဖြစ်လာတာချည်းပါပဲ...။ လှစ်ယှူလို့ မရသလို ပြုပြင်လို့လည်း မရပါဘူး။ ဒီကြားထဲမှာ လက်ညှိုးတွေ ဝိုင်းထိုးပြီး ဓားချက်များစွာနဲ့ စွပ်စွဲ ပစ်ပေါက်ခံနေရတာကတော့ 'ကံကြမ္မာ' ဆိုတဲ့ ဇာတ်ကောင်ဟာ ကျွန်တော်ပေါ့...။ ဒဏ်ရာဗလွှနဲ့ လောကကြီး သူ့ဟာသူ အသားကျသွားမယ့် ရက်တွေကိုပဲ ကျွန်တော် မျှော်လင့်နေပါတယ်...။

မနော်ဟရီ

၂၄-၃-၀၆

ကြောင်နှင်ကောင်စာအုပ်တိုက်

www.burmeseclassic.com